www.burmeseclassic.com

ဒေါက်တာလမင်း

# ဆရာဝန်တစ်ယောက်နှင့် ကမောက်ကမများစွာ

(တတိယအကြိမ်)




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်** – ၅၀၁၂၆၉၀၆၁၀
**မျက်နှာဖုံးခွင့်ပြုချက်** – ၅၀၁၃၁၀၀၆၁၁
**မျက်နှာဖုံးသရုပ်ဖော်**
စောမင်းဝေ
**မျက်နှာဖုံးဒီဇိုင်း**
ညီတော်မောင်
**အတွင်းသရုပ်ဖော်**
စောမင်းဝေ၊ ကိုရွှေထူး(ပြည်)၊ သိန်းထွန်းဦး
**အတွင်းဒီဇိုင်း**
လူဇော်သစ်
**ပုံနှိပ်ခြင်း**
တတိယအကြိမ်၊ အုပ်ရေ (၁၀၀၀)
**ထုတ်ဝေခြင်း**
၂၀၀၇ ခု၊ ဖေဖော်ဝါရီလ
**ကွန်ပျူတာစာစီ**
မသီသီထွန်း
**ထုတ်ဝေသူ**
နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဒုဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)၊
(မြ–၀၃၇၉၄)၊ ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ကလျာပုံနှိပ်တိုက်၊ ဒေါ်ခင်ခင်ဝင်း(မြ–၁၂၆၇၀)
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
**တန်ဖိုး**
၁၄၀၀ ကျပ်

# ဆရာဝန်တစ်ယောက်

## နှင့်

# ကမောက်ကမများစွာ ဒေါက်တာလမင်း

**လမင်းစာပေ**
၁၈(က) ဇလွန်လမ်း
စမ်းချောင်း၊ ရန်ကုန်မြို့
ဖုန်း–၅၁၃၄၅၆

လမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## လမင်းစာပေမှ ထွက်ရှိခဲ့ပြီးသောစာအုပ်များ

(၁) အိမ်သူနှင့် အခြားဝတ္ထုတိုများ ...မဦး

(၂) ဆရာဝန်တစ်ယောက်နှင့် ကမောက်ကမများစွာ ...ဒေါက်တာလမင်း
(ပ/၃)ကြိမ်

(၃) ပန်းပွင့်မျက်နှာလိပ်ပြာနှုတ်ခမ်း ...မဦး

ယခု

(၄) ဆရာဝန်တစ်ယောက်နှင့် ကမောက်ကမများစွာ ...ဒေါက်တာလမင်း
(တတိယအကြိမ်)

BURMESE CLASSIC .com

## စာရေးသူ၏ ကျေးဇူးတင်လွှာ

လောကကြီးမှာ ကမောက်ကမအဖြစ်တွေ တော်တော်ပဲ များနေကြသည်လား ကျွန်မတွေးနေမိသည်။

ထိုမှတစ်ဖန် အဲသည်ကမောက်ကမတွေကို ရယ်စရာပမာ သဘောထားမိသော ကျွန်မ၏အတွေးတွေကို နှစ်မြိုက်ကြခြင်းကိုက လည်း ကမောက်ကမဖြစ်နေတာပဲဟု ထပ်၍ တွေးနေမိပြန်ပါသည်။

စာဖတ်ပရိသတ်ကြီး၏ အားပေးမှုကြောင့် သည်စာအုပ် ကလေးကို "တတိယအကြိမ်" အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ရပြန်ပါပြီ။

ဆေးရုံဆေးခန်းတွေမှာ တွေ့ရကြုံရတာတွေသည် တကယ် တမ်းကျတော့ စိတ်ညစ်စိတ်ပျက်စရာတွေက များပါသည်။ အဲသည် အထဲကမှ ကျွန်မဘဝမှာ အမှတ်တရဖြစ်စရာလေးတွေကို ဟာသ ရှုထောင့်မှကြည့်ပြီး ရေးမိလေသောအခါ **'ကမောက်ကမများစွာ'** ဖြစ်၍သွားရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သည်အတွက် ကျေးဇူးတင်ရမည်ဆိုလျှင်ဖြင့် ကျွန်မကို ကုန်ကြမ်းတွေပေးကြသော ကျွန်မ၏လူနာတွေအား ထိပ်ဆုံးက ထားရမည်ပင်ဖြစ်ပါသည်။

ထို့နောက် 'တစ်ခန်းရပ်'ကလေးတွေကို လစဉ်အခန်းဆက်ဖော်ပြပေးခဲ့သော လစဉ်ထုတ်မဂ္ဂဇင်းကြီး အားပါးတရ အားပေးကြသော ကျွန်မ၏ စာဖတ်ပရိသတ်ကြီး၊ ပြီးတော့ စိတ်ဝင်တစားဆွဲဆောင်မှုရှိအောင် ကာတွန်းရုပ်ပြောင်ပုံကလေးများဖြင့် သရုပ်ဖော်ပေးကြသော ပန်းချီဆရာ၊ ကာတွန်းဆရာများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

တစ်ဆက်တည်းမှာပင် ပရိသတ်ကြီးအား သတင်းပေးလိုသည်မှာ

**'ဆရာဝန်တစ်ယောက်နှင့် ကမောက်ကမများစွာ(၂)'**ကိုလည်းများမကြာမီအချိန်အတွင်း လမင်းစာပေမှ အမြန်ဆုံးထွက်ရှိနိုင်အောင်ကြိုးစားလျက်ရှိနေပါကြောင်း။

ဒေါက်တာလမင်း

ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့် ကမောက်ကမများစွာ

# မာတိကာ


၁ ___ မွေးခန်းမှာ ဟာစီဖြစ်နေလို့

၉ ___ နံပါတ် သုံးနဲ့ပဲ ချုပ်ပါရစေ

၁၇ ___ ရေခဲတိုက်သို့ နှစ်ခေါက်လေ

၂၅ ___ မောင်ထွေး ဘယ်ခုတင်က…

၃၃ ___ တက်တုန်းက လက်မှတ်မထိုးရလို့

၄၅ ___ ပြန်လမ်းမရှိသော ဓာတ်ဘူးများ

၅၃ ___ ဟဲလို… စခန်းကလား

၆၅ ___ ရုပ်ဖျက် ပြဇာတ်ကသူများ

၇၃ ___ သားကြောလေးကိုတဲ့ မို့တမီ

၈၃ ___ လွယ်အိတ်ထဲက လျှို့ဝှက်ပစ္စည်းများ

၉၁ ___ သရဲကြောက်သော ဆရာဝန်

၉၉ ___ မွေ့ဖမ်းသော ဆရာဝန်

၁၀၉ ___ အားရပါးရ သမ်းမရရှာသူများ

၁၁၇ ___ ရှော့ခ်ဖြစ်တဲ့ ဆရာဝန်

၁၃၁ ___ ရဲဝင်စား ဆရာဝန်


တတိယအကြိမ် ထုတ်ဝေသည်

www.burmeseclassic.com

www.burmeseclassic.com




ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့် ကမောက်ကမများစွာ

# မွေးခန်းမှာ ဟာစီဖြစ်နေလို့

www.burmeseclassic.com

www.burmeseclassic.com



# မွေးခန်းမှာ...ဟစ်ဖြစ်နေလို့

**ကျွန်**မ တာဝန်ကျရာ သာကေတဆေးရုံကလေးသည် ရန်ကုန်မြို့ကြီးပေါ်တွင်ရှိပါလျက် တိုက်နယ်ဆေးရုံကလေးလို ဖြစ်၍နေသည်။

မစုံလင်ခြင်းများ၊ မပြည့်စုံခြင်းများကို လျစ်လျူရှုရင်း ရှိသမျှအခြေအနေ၊ ပေးသမျှအနေအထားကလေးဖြင့် စုပေါင်းရပ်တည်ထားသော (၂၅)ခုတင်ဆံ့ ဆေးရုံကလေး။

ပစ္စည်းကိရိယာ၊ ဆေးဝါး၊ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများမှာ အခြားဆေးရုံကြီးများနှင့် နှိုင်းယှဉ်လျှင်တော့ 'လိုအပ်'မြဲ လိုအပ်နေဆဲပင်။ အဲသည် လိုအပ်နေသည့်အထဲမှ ရှိတာလေးနှင့် ဖြစ်အောင်ရပ်တည်နေကြရသော အဖွဲ့အစည်းကလေးမှာ ကျွန်မ နေသားတကျပျော်ဝင်ခဲ့သည်။

သရာဝန်က အားလုံးပေါင်းမှ (၃)ယောက်တည်း။ ပြီးတော့ မိန်းကလေးတွေချည်း။ ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးကြည်ဦးက ခွဲစိတ်ခန်းရှိသောနေ့များတွင် ဆေးရုံသို့လာပေးသည်။

ကျန် နေ့,ည ဂျူတီများကို သည်(၃)ယောက်ပဲ လှည့်ပတ် တာဝန်ယူရသည်။ ဆရာမက(၈)ယောက်၊ ဓာတ်ခွဲမှူး(၂)ယောက်၊ ဆေးစပ်, ဆေးထည့်(၂)ယောက်(အဲဒီအထဲမှာ ဆေးထည့် ကိုမြင့်အောင်မှလွဲ၍)အားလုံး မိန်းကလေး၊ သန့်ရှင်းရေး၊ မိန်းကလေး (၈)ယောက်မို့



www.burmeseclassic.com

www.burmeseclassic.com



[illegible]မိန်းမတိုင်းပြည် ဖြစ်၍နေသည်။

လုံခြုံရေးနှင့် ယာဉ်မောင်း၊ ဥယျာဉ်မှူးတို့ (၅)ယောက်မှာ ထို [illegible]စုကို မနိုင်။ ဆေးရုံဂိတ်ဝနားမှာသာ နေရာရကြရသည်။

အဆင်သင့်ချင်တော့ ဆေးရုံကလည်း မူလက သားဖွားဆေးရုံ၊ [illegible]မှ အထွေထွေရောဂါကုသို့ အဆင့်မြှင့်လိုက်သဖြင့် မွေးလူနာ [illegible]သာ ဆေးရုံဖြစ်နေရာ အမျိုးသမီးဝန်ထမ်းများသဖြင့် လုပ်ငန်း [illegible]င်းအဆင်ပြေစေသည်။

ဆရာဝန်တွေက လုပ်သက်အတန်အသင့်ရကြသူများဖြစ်ပြီး ဆရာမ [illegible]ကလည်း သင်တန်းဆင်းပြီး လုပ်ငန်းကျွမ်းကျင်သူများမို့ အထူး [illegible]ရာမလိုသော်လည်း သန့်ရှင်းရေးဝန်ထမ်းများကတော့ လူတွေ [illegible]လောက်သာ ကြုံရပြီး အလုပ်ခန့်ထားသူများမို့ ဘာသင်တန်း [illegible] တက်မှုခဲ့ကြဘဲ အလုပ်ကသင်ရင်း တတ်ကြရသူများ ဖြစ် [illegible]သည်။

အလုပ်က သင်ဆို သူတို့အလုပ်ကလည်း သန့်ရှင်းရေးပင် မက [illegible] ဆရာမများကိုကူရသော သူနာပြုအကူအဆင့်လောက်နီးနီး တတ် ကြပါမှ ဖြစ်မည်မို့ တစ်ချိန်လုံး လေ့လာသင်ယူနေကြရသည်။ ရပ် ကွက်ထဲမှာ အစိမ်းသက်သက်နေလာကြသူများမို့ ဆေးရုံအလုပ်နှင့် ရက်ချင်း အံဝင်ခွင်ကျမဖြစ်သေးဘဲ နှောင်း တဖြည်းဖြည်း နေသား ကျလာမှ အဆင်ပြေကြရသည်။

အတန်းပညာကလည်း (၇)တန်းမှ (၁၀)တန်းအတွင်းရှိသူများ သည်။ အဲသည်အထဲမှာ ဆေးရုံအခေါ်အဝေါ်တွေက အင်္ဂလိပ်လို၊ သူတို့တွေထဲမှာလည်း အင်္ဂလိပ်စာကို လေ့လာနေသူရှိသလို သင်ပြီး





သမျှ ကျောင်းပြန်ကုန်ကြသောသူတွေကလည်း ပါသေးရာ တစ်ခါ တစ်ရံ သူတို့၏ အမှတ်လွဲမှု၊ အသံထွက်မှားမှုများကြောင့် ဒုက္ခရောက် ရတာလည်း အကြိမ်ကြိမ်။ ရယ်စရာဖြစ်ရတာလည်း ခဏခဏ။

ဆေးရုံမှာ ဆရာဝန် ဆရာမ တာဝန်ကျသည့်အခန်းနှင့် မွေး ဆောင်ကြားမှာ အမျိုးသမီးလူနာဆောင်တစ်ခု ခြားထားသည်။ တစ် ဆေးရုံလုံးရှိ လူနာတွေ၊ လူနာစောင့်တွေက ဆရာမတွေကို တစ်ခုခု ဆက်သွယ်ပြောဆိုလိုလျှင် ဂျူတီခန်းခေါ် ဆရာမ တာဝန်ကျအခန်း တွင် လာရာရသည်။ လူနည်းစုကဖြစ်ပြန်၊ မိသားစုလိုပဲ ရင်းရင်းနှီးနှီး နေကြသောကြောင့် ဆရာဝန်နှင့် ဆရာမများ၊ သန့်ရှင်းရေးညီမလေး များ တစ်စားပွဲတည်း ဝိုင်းဖွဲ့စားသောက်ကြသည်မှာ သာကေတဆေးရုံ ၏ ထူးခြားပြီး ချစ်စရာကောင်းသော ဝလေ့စရိုက်ကလေးလည်း ဖြစ် သည်။

ဆရာပန်က (၃)ယောက်ရှိသော်လည်း အလှည့်နှင့်မို့ တစ်ဂျူတီ တွင် တစ်ယောက်တည်းသာရှိရာ ဆရာမများ၊ ဝန်ထမ်းများနှင့် အတူ တူ ရင်းရင်းနှီးနှီး နွေးနွေး ထွေးထွေး ပြောဆိုဆက်ဆံခြင်းဖြင့် အလုပ် တွင် ပိုမိုအဆင်ပြေချောမွေ့စေသည်။

ထမင်းစားချိန်မို့ စောစောက ပေါက်ပေါက်ဖောက်နေကြသော ပါးစပ်တွေ အကုန်ပိတ်၍ အစားကို အာရုံစိုက်စားနေကြသဖြင့် အခန်း ထဲတွင် ဇွန်းသံ၊ ပန်းကန်သံများသာ လွှမ်းမိုးနေသည်။ စားပွဲပေါ်မှာ ကလည်း ထမင်းချိုင့်(၇)လုံးတို့မှ ဟင်းခွက်တွေနှင့် ပြည့်နှက်နေသည်။

တစ်ဝက်လောက်ကျို တော့ မွေးခန်းက လူနာစောင့် လာခေါ် သည်။ 'ညှစ်ချင်လို့'တဲ့။ မွေးခန်းတာဝန်ကျသော သူနာပြုဆရာမ



www.burmeseclassic.com

www.burmeseclassic.com



မခင်သန်းဦးနှင့် သူ့ကိုကူညီရန် အလုပ်သမား ဝါလေး လက်ဆေးပြီး ထ,လိုက်သွားကြသည်။ အစားကြီးသော ဝါလေးက ဝဖိုင့်သော သူ့ခန္ဓာကိုယ်ကြီးနှင့်မလိုက်၊ သွက်လက်စွာထွက်သွားရင်း'ဟင်းတွေ ချန်ထားဦးနော်'ဟု စိတ်မဖြောင့်နိုင်စွာ အော်သွားသေးသည်။ ဘာပဲ ခြပြာပြော ထမင်းစားပျက်သွားသော သူတို့နှစ်ယောက်ကို အားလုံးက ဝိုင်းနောက်ပြောင်ရင်း ထမင်း ဆက်စားနေကြသည်။

လူနာကို သွားစမ်းကြည့်ပြီး လိုသေးလျှင်တော့ သူတို့ ထမင်းဆက်စား၍ရပေလိမ့်မည်။ ဒါပေမယ့် တကယ်တမ်းကျတော့ ဝါလေးတစ်ယောက်တည်း အမောတကော ပြန်ပြေးလာသည်။

'ဆရာ...ဆရာလွင်...အန်ကီဦးက ခေါ်ခိုင်းလိုက်တယ်။ ဟာစီဖြစ်နေလို့တဲ့'

ခွဲမည့်ထမင်းလုတ် လပ်းတစ်ပက်မှ ပြန်ပြုတ်ကျသွားပြီး လက်ထ,ဆေးလိုက်ရသည့်က ကျွန်မကိုယ်တိုင်ဖြစ်၍သွားသည်။

သူတို့ဆေးရုံထုံးစံ ဆရာဝန်ကို ကျား/မ မခွဲခြား 'ဆရာ'ဟုပဲ ခေါ်ကြသည်။ ဒေါက်တာဒေါ်ငွေးငွေးတုန်းက 'ဆရာငွေး'တဲ့။ ကျွန်မကျတော့ အရှေ့ဆုံးစာလုံးကို အရင်းမှခုတ်လှဲ၍'ဆရာလွင်'တဲ့ (အဖျားဆွတ်ခေါ်လျှင် ဆရာလိုင်ဖြစ်ပါမည်။) ဒေါက်တာဒေါ်မိမိတင်ကိုကျ 'ဆရာမိ'တဲ့။ ဒေါက်ဘာခင်ဥမ္မာကျော်ကို 'ဆရာဥမ္မာ'တဲ့။ အဲ...သူနာပြုတွေကျတော့ အကြီးဆုံးသူနာပြု ဒေါ်ခင်စိန်လှိုင်ကို 'အန်တီစိန်'ဟု ခေါ်ရာမှ ကျန်ဆရာမများကိုလည်း ကြီးကြီးငယ်ငယ် အန်တီတပ်ကာ အန်တီငွေး၊ အန်တီဦး၊ အန်တီမိ၊ အန်တီခိုင်၊ အန်တီချို၊ အန်တီနှင်း ...အစရှိသဖြင့် ခေါ်ကြတော့သည်။





မွေးလူနာအတွက် ကျွန်မ အတော်စိုးရိမ်သွားသည်။ သူ့ကိုမေးတော့လည်း မသိဘူး၊ အဲဒီလိုပဲပြောလိုက်တယ်ဆိုသည်က လွဲ၍ဘာ Massage မှလည်း ထပ်မရတော့။ မေးနေဖို့လည်း အချိန်မရှိသည်မို့ BP Cuff (သွေးဖိအားတိုင်းကိရိယာ)နှင့် Stetho (နားကြပ်) ကိုဆွဲကာ ပြေးရတော့သည်။ ဆေးတွေကတော့ မွေးခန်းက အရေးပေါ် ဘီဒိုထဲမှာ အကုန်ရှိသည်။

လှားခန်နေအောင် ပြေးနှင့်သော ကျွန်မနောက်ကို ဝါလေးကလည်း ဆင်ပြေးသလို အရှိန်ကောင်းကောင်းနှင့် ထက်ကြပ်မကွာ ပြန်လိုက်လာသည်။ ကျန်ဆရာမနှစ်ယောက်လည်း လိုအပ်လျှင် ဝိုင်းကူကြရန် ထ,လိုက်လာကြသည်။ အမျိုးသမီးဆောင်ထဲမှ လူနာများလန့်ဖြန့် ထ,ထိုင်ပြီး မွေးခန်းကိုမျှော်ကုန်ကြ၏။ မွေးခန်းတံခါးကို ဝုန်းခနဲ တွန်းဖွင့်ပြီးကျွန်မဝင်သွားချိန်မှာ သူနာပြုဆရာမသည် ကိုယ်မှာ ပလက်စတစ်အကာပတ်လျက် လက်အိတ်နှစ်ဖက်စွပ်ပြီး လူနာ၏ခြေရင်းဘက်တွင်ရပ်ကာ အလုပ်ရှုပ်နေသည်။ သူ့လက်တွေထဲမှာ ကလေးခေါင်း။ သူ့ကို ဘာမှမေးမနေတော့ဘဲ လူနာမိခင်လောင်းကို ကျွန်မ လှမ်းကြည့်လိုက်သည်။ အားစိုက်ညှစ်နေရသဖြင့် မျက်နှာသည် သွေးရောင်လွှမ်း၍နေသည်။ ကျွန်မတွက်ထားသလို ပြာနှမ်းမနေ။ မွေးဆွတ်မနေ။ တော်သေး၏။

အသက်မရှုနိုင်ဘဲ ဟစေ့ဟစေ့ဖြစ်နေသူဆို သည်လိုအနေအထား မဟုတ်။ အခုတော့ ကလေးအမေသည် ညှစ်ရ၍ မောနေသည်မှအပ ဘာမှဖြစ်မနေ။ သူ့ လက်ကောက်ဝတ် သွေးခုန်နှုန်းများလည်း အသည်းငယ် မြန်နေသည်မှလွဲ၍ ပုံမှန် သန်သန်စွမ်းစွမ်းပင်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့...ဘာမှလည်းမဖြစ်ပါလား'

ကျွန်မမေးခွန်းကို ဆရာမ၏'ညှစ်လိုက်၊ အားထည့်ညှစ်၊ ဒီတစ်ချက်တည်း'ဆိုသည့် အားပေးသံက လွှမ်းသွားသည်။ ပြီးတော့ အမိဝမ်းက ကျွတ်လွတ်ထွက်သွားသော ကလေးကို ဂရုတစိုက်ပွေ့ယူ၊ ချက်ကြိုးကို Forcep ခေါ် ညှပ်ကြီးများနှင့်ညှပ်၊ အလယ်ကို ကပ်ကျေးနှင့်ဖြတ် (သွေးပန်းထွက်ပြီး မစင်အောင် လက်တစ်ဖက်ဖြင့် အုပ်ကာပြီး) ဝါလေး အဆင်သင့်ခံထားသော အနီးပေါ်သို့ ကလေးရော၊ ကလစ်ညှပ်လျက်တန်းလန်း ချက်ကြိုးတစ်ပိုင်းပါ တင်ပေးလိုက်စဉ်မှာပင် ကျန်းမာသန်စွမ်းသော ကလေးငယ်၏ တဝါးဝါးငိုသံကို ကြားလိုက်ရသည်။ 'ယောကျာ်းလေး...ဆယ့်နှစ်နာရီ နှစ်ဆယ်'ဟု ကျွန်မ ပြောလိုက်၏။

သည်တော့မှ အသစ်စက်စက် မိခင်လောင်း၏ မျက်နှာမှာ ချွေးစတွေကြားက ယဲ့ယဲ့ပြုံးနိုင်ရှာသည်။

သူပြုံးလိုက်မှ စောစောက လာရင်းကိစ္စကို ပြန်သတိရသွားတော့၏။ 'မဦး...စောစောက သူ ဘာဖြစ်သွားလို့လဲ'

အချင်းချနေသော ဆရာမက ကျွန်မကို နားမလည်သလို ပြန်ကြည့်ပြီး

'ဟင့်အင်း...ဘာမှမဖြစ်ပါဘူး ကောင်းပါတယ်'

'ဒါဖြင့်...ဟာစေ့ဖြစ်နေလို့ဆို'

'ဟင့်အင်း...မဖြစ်ပါဘူး'

ဆရာမကိုကြည့်လိုက်တော့လည်း နောက်ပြောင်လိုဟန် အလျဉ်းမတွေ့ရ။ နောက်ကပါလာသောသူများကလည်း လူနာကိုတစ်လှည့်၊





ဆရာမကိုတစ်လှည့် နားမလည်သလို ကြည့်နေကြသည်။ နောက်ဆုံးကျတော့ ကျွန်မကိုလာခေါ်သော ဝါလေးကို လှမ်းကြည့်လိုက်တော့သည်။

ပါးနပ်သော ဝါလေးက သူ အဆူခံရတော့မည့်အဖြစ်မှ ချက်ချင်းရုန်းထွက်သည်။

'ဟင်...အန်တီဦးပဲ ဟာစိဖြစ်နေပြီ၊ ဆရာ့လွှင့် သွားခေါ်ဆို'

'ဘာ...ငါ မပြောပါဘူး'

'ပြောပါတယ်...ဟာစိဖြစ်နေပြီဆို'

ဆရာမမှာ လက်သီးဆုပ်ဖြင့် လူနာ၏ဆီးခုံပေါ် အသာအယာဖိချေပေးရင်း သားအိမ်မာအောင် ဆောင်ရွက်ပေးနေလျက်မှ ပြတင်းပေါက်မှ အပြင်ကိုကြည့်ကာ နှုတ်မှ တတွတ်တွတ်ရွတ်နေပြန်၏။

'ဟာစိဖြစ်နေတယ်...ဟာစိဖြစ်နေတယ်...ဩော်...အဟား ဟားဟား'

သူ့ဘာသာ အဖြေရသွားသလို အားရပါးရ အော်ရယ်နေသည်ကို ကျွန်မတို့အားလုံး ကြောင်စီစီ ငေးကြည့်နေကြရသည်။ သဘောကတော့ မပေါက်ကြသေး။ မဦးကလည်း မျက်ရည်ထွက်အောင်ရယ်သည်။ ပြီးမှ...

"ဘယ်ကလာ ဟာစိရမှာလဲ။ ဟက်ဆီးန်(Head seen) ခေါင်းမြင်နေရပြလို့ ပြောတာပါ။ ပြီးတော့ ဒေါ်လွှင့်ကိုလည်း မခေါ်ခိုင်းပါဘူး။ ဒေါ်လွှင်က တစ်နာရီလောက်မှ မမွေးသေးရင် ဆင်တိုသွင်းမယ်ဆိုလို့ စိတ်အေးသွားအောင် ပြောခိုင်းတာ။ နင်ဟာလေ...လုပ်လိုက်ရင် ဒီလိုချည်းပဲ"

www.burmeseclassic.com



ဝါလေးမှာ သူ့အပြစ်နှင့်သူ လျှာကလေးတစ်လစ်ထုတ်၍ ဇက်ပု နေရှာတော့သည်။ ကျွန်မတို့အဖွဲ့လည်း ခုမှပဲ 'ဟင်း'ချနိုင်ကြတော့ သည်။ ထမင်းပွဲကြီးပစ်ပြီး ပြေးလာရတာ အားလုံး ငိုအားထက် ရယ်အားသန် ဖြစ်ကုန်ကြသည်။

အဲသည်ကတည်းက ကျွန်မတို့ တစ်ယောက်နှင့်တစ်ယောက် စကားပြောကြသည့်အခါ 'မွေးခန်းမှာ ဟစ်ဖြစ်နေလို့'ဆိုသော ဟာသ ကလေးကို ပြန်,ပြန် သတိတရပြောရင်း ပြုံးမိကြပါတော့သည်။

ဩဂုတ်လ၊ ၂၀၀၂။

❀ ❀ ❀



ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်
ကမောက်ကမများနှာ

# နံပါတ်သုံးနဲ့ပဲ ချုပ်ပါရစေ

www.burmeseclassic.com

www.burmeseclassic.com



# နံပါတ်သုံးနဲ့ပဲ ချုပ်ပါရစေ

ဆရာဝန်ဆိုသည်မှာ လူနာကို ဆွေမျိုးရင်းချာပမာ သဘောထားပြီး ကြင်နာယုယစွာဆက်ဆံရမည်ဟု ဘွဲ့နှင်းသဘင်မှာရွတ်ဆိုခဲ့သော Oath ကျမ်းသစ္စာကို ရင်မှာစွဲထားပါလျက် အရက်သမားများနှင့် ကျွန်မ ဘယ်လိုမှာတ်မတည့်မှန်းမသိ။

စိတ်ကိုလှုပ်ယှားနေရင်းမှ အရက်နံ့တထောင်းထောင်းရလျှင် ဒေါသထွက် သည်းမခံနိုင်မှုကဲကာ စကားပြောအဆင်မပြေ ဖြစ်တော့သည်။

တစ်ခါတစ်ရံလည်း ဪ...မရတော့ဘူး။ စွဲနေရှာပြီ။ မူးယစ်ဆေးဝါးဆိုတာ Addict စွဲလမ်းမှုရှိတယ်။ သူတို့ မသောက်ဘဲ နေ, မရတော့လို့ဟု စိတ်ထဲမှတ်ထား နှလုံးသွင်းထားပြီး သနားကရုဏာ သက်မိ၏။

များသောအားဖြင့်တော့ စိတ်ကိုအလိုလိုက်သူ၊ အပိုဖြုန်းတီးသူ၊ မိသားစုကိုဒုက္ခပေးသူ၊ ဖခင်မပီသသူများအဖြစ် မျက်စိထဲ မြောက်ဖျက်၍မရဘဲ ကရုဏာဒေါသဖြင့် ပယ်ပယ်နယ်နယ် ပြောမိ ဆိုမိသည်သာ။

ပြောသာပြောရ၊ သူတို့ကလည်း ကျွန်မပြောသမျှ 'ဟုတ်ပါတယ် ဒေါက်တာရယ်'ဆိုပြီး အကြွင်းမဲ့ထောက်ခံကာ ပြီးတော့ ပုံမှန်သောက်သောက်ကြပြန်သည်။ သည်တော့ တကယ်မိုက်မဲသူမှာ ကျွန်မသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မနေပေဘူးလား။

ဆရာဝန်တွေကို ဒုက္ခအပေးဆုံးသူများမှာလည်း အရက်သမားများပင်။ အရက်သမား အမှားတစ်ထောင်ထဲက အမှားငါးရာလောက်က ဆရာဝန်ဆီ ရောက်လာကြစမြဲကိုး။

အသောက်လွန်၍ Hypoglycemic coma. (ဂလူးကို့စ် ဓာတ်နည်းပါးလွန်းသဖြင့် သတိလစ်မေ့မျောခြင်း)တွေက ဆွေမျိုးတစ်အုပ်နှင့် ဝုန်းဒိုင်းဆန်လာတတ်သလို၊ လမ်းဘေးမှာ Picked up case (ပိုင်ရှင်မဲ့)လို ညစ်ပတ်နံစော်စွာဖြင့်လည်း ရောက်လာတတ်သည်။

အရက်၏ဒဏ်ကြောင့် အစာအိမ်ရောင်၊ အော့အန်၊ သွေးအန်တော့လည်း အရေးပေါ်လူနာမို့ အန်ဖတ်တွေ သွေးခဲတွေကြား ကျော်ခွဝင်ရောက်စမ်းသပ်ကုသပေးရသည်မို့ ဂျူတီကုတ်နှင့် အဝတ်အစားများ လျှော်ရသည်မှာလည်း အကြိမ်ကြိမ်။

ညကြီးအချိန်မတော်ရန်ဖြစ် ခေါင်းကွဲလာ၍၊ (သို့) မူးပြီး ချော်လဲရာမှ ဆောင့်မိ၍ အပ်တဝင့်ဝင့်နှင့် ချုပ်ရ လုပ်ရသည်မှာလည်း ခဏခဏ။

ဆင်းရဲခြင်းကို ပိုမိုဖိထောင်းနေသော အရက်၏ ကျိန်စာသင့်နေသော အရက်သမားများ၏ မိန်းမလူနာများကို မြင်ရတွေ့ရလျှင်မူ စိတ်မကောင်းခြင်းတစ်ဖက်နှင့် ဒေါသထွက်ရသေးသည်။

အထူးသဖြင့် မွေးလူနာများ...။ ယောက်ျားက အရက်ချည်းပဲ ဖိသောက်နေသဖြင့် အိမ်နီးချင်းအကူအညီနှင့် ကလေးမီးဖွားရန် လာရသူများ၊ ထဘီအပိုပင်မပါသဖြင့် နီးရာလူက ထဘီစုတ်ကူညီလိုက်ရသော လူနာများ၊ စီးပွားကိုပါ တာဝန်ယူ လှူးလားဆွဲရှာနေရသဖြင့်





ဗိုက်ပင်မအပ်နိုင်ဘဲ ဈေးရောင်းနေရင်းမှ ဗိုက်နာလာ၍ ဈေးတောင်းဂိတ်ဝမှာအပ်ပြီး ကလေးလာမွေးသော လူနာများ။ အရင်းစစ်လိုက်တော့ ယောက်ျားတွေက အရက်၏ ကျေးကျွန်တွေ။ သူတို့တွေကတော့ တစ်နှယ်ငင်တစ်စင်ပါ အရက်၏သားကောင်များလေ။ ပြောရလျှင် ကုန်မှယ်ပင် မမြင်မိ။

ည ၁၀:၀၀ နာရီ၊ သန်းခေါင်ဝန်းကျင်သည် ဆရာဝန်နှင့် အရက်သမား တွေ့နေကျအချိန်ပင်ဖြစ်သည်။

လာလိုက်လျှင် သွေးသံရဲရဲ၊ အော်ကြီးဟစ်ကျယ်၊ အဆဲအဆိုများနှင့်။ ရန်ကုန်ဆေးရုံကြီးတွင် သည်လိုကိစ္စမျိုး ရှားပါးမည်ဖြစ်သော်လည်း သာကေတဆေးရုံကလေးကတော့ ဒါမျိုးတွေမှာ အရေးထူနေလေပြီ။

"ဆရာ...ခေါင်းကွဲလာလို့...ဟဲ့။ မူးပြီး လဲတာလို့ ပြောတာပဲ။ လူနာက နံ့ပါတ်သုံးနဲ့ပဲ ချုပ်ပါရစေဆိုပြီး အော်ငိုနေဟာယ်"

"ဘာ...နံ့ပါတ်သုံး...အမယ်...သူက"

ကျွန်မ ပြုံးချင်သွားရင်း အသေးစားခွဲစိတ်ခန်းလည်းဖြစ်၊ ဆေးထည့်ခန်းလည်းဖြစ်သော ဆေးရုံမြောက်ဖျားက အဆောင်ငယ်ကလေးဘက် လျှောက်လာခဲ့သည်။ ခပ်လှမ်း လှမ်းကတည်းက ယောက်ျားသံကြီးဖြင့် အော်ဟစ်ငိုယိုနေသံကို အတိုင်းသား ကြားနေရသည်။ ညကလည်း တိတ်နေတော့ ပိုဆိုးနေ၏။ ကျန်အဆောင်များမှ လူနာများ၊ လူနာစောင့်များပါ စိတ်ဝင်တစား ဝိုင်းအုံလာကြသည်မှာ ဆေးထည့်ခန်းရှေ့ လူတွေနှင့် အပြည့်။

"ကဲ...မဆိုင်တဲ့သူတွေ ပြန်အိပ်ကြပါ။ အချိန်လေးလည်း ကြွေ



www.burmeseclassic.com

www.burmeseclassic.com



ကြဦး"

ဆရာမက စိတ်ရှုပ်စွာအော်လိုက်မှ လူအချို့ ရဲရဲ ရဲသွားသည်။ ဒါတောင် မလှမ်းမကမ်းမှာရပ်၍တော့ စပ်စုတုန်း။ လုံခြုံရေးကိုပေါက်စ ပြောသလိုပင် လူနာမှာ သွေးကွက်တွေနှင့် ပုဆိုးကိုဖြေပြီး နပ်သုတ်လိုက်၊ ငိုလိုက်နှင့် ဗလုံးဗထွေးက ပြောသေးသည်။

"တောင်းပန်ပါတယ်ဗျာ...ကျွန်တော့်ကို သနားကြပါ၊ ဆရာမကြီးရယ်...သားကို နံပါတ်သုံးနဲ့ပဲချုပ်ပေးပါနော်...သား ကြောက်လို့ပါ...အီးဟီးဟီး"

ကျွန်မကို ရှိခိုးဦးတင်တောင်းပန်ပြီး ငိုပြန်သည်။ ထုံးစံအတိုင်း အရက်နံ့ကတော့ အခန်းငယ်ကလေးထဲ အားကောင်းစွာ နေရာယူနေသည်။ ပါလာသည့်သူများထဲမှာလည်း မူးယစ်ရီဝေနေကြသူများပါရှိသည်မို့ ကိုပေါက်ကို အချက်ပြလိုက်ရသည်။

ကျွန်မအကြောင်းသိပြီးသား ကိုပေါက်စက 'ကဲ...ဘာမှ မစိုးရိမ်ကြနဲ့တော့။ ဆရာဝန်လာပြီ။ လူနာရဲ့အမျိုးသမီးနဲ့ ဝိုင်းကိုင်ပေးမယ့် အစ်ကိုတစ်ယောက်လောက်ပဲ အထဲမှာနေပါ။ ဒီက အစ်ကိုတို့၊ ညီလေးတို့ အပြင်မှာ အေးအေးဆေးဆေး သွားစောင့်ကြနော်'ဟု တွန်းတွန်းဆွဲဆွဲ အကုန်အပြင်ထုတ်ပြီး တံခါးပိတ်ဖို့ပြင်သည်။

ဒါတောင် တစ်ယောက်က ယော,ရပ်ရင်း ကိုပေါက်စကို လက်ညှိုးထိုး၍ Guarantee တောင်းနေပြန်သည်။

'ညီလေး...နံပါတ်သုံးနဲ့ပဲနော်၊ အတိအကျနော်...မင်း ရှူးဝါးနော်"

ကိုပေါက်စက အထပ်ထပ်အခါခါ ခေါင်းညိတ်မှ အပြင်ကို





မထွက်ချင်ထွက်ချင် လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားတော့သည်။

"စိတ်ညစ်ပါပေ့ ဆရာရယ်...ဘာတွေမှန်းကိုမသိဘူး။ ရောက်ကတည်းက ဒါပဲ ထပ်ခါထပ်ခါပြောနေတယ်။ ကြာရင် ကျွန်တော် ရူးလိမ့်မယ်"

"ဟုတ်ပ ဒေါ်လွင်ရယ်၊ နံပါတ်တစ်နဲ့ချုပ်ရင်တော့ ပြန်မယ်ဆိုတာချည်းပဲ ပြောနေတာ"ဆရာမကလည်း စိတ်ရှုပ်ဟန်နှင့် ပြောနေသည်ကို သူတို့နှစ်ယောက်ကို မော့ကြည့်နေသော လူနာက တစ်ချီထ,ဖောက်ပြန်၏။

"နံပါတ်တစ်နဲ့ချုပ်ရင်တော့ သားသေမှာပဲ...ဟီး...ဟီး..."

လူနာ၏မိန်းမကြည့်တော့လည်း မျက်နှာက ဓီးရွက်လောက်နှင့် သူ့ယောက်ျား အမူးသမား၏စကားကို ထောက်ခံသလို တောင်းပန်တိုးလျှိုးသောဟန်ကလေးနှင့်မို့ ကျွန်မမှာ အတော် သနားသွားတော့သည်။

ဆရာမက သွေးများကိုသုတ်သင်ပြီး ခေါင်းကွဲဒဏ်ရာနှင့် ဘေးတစ်ဝိုက်ကို Shaving (ဆံပင်ရိတ်) လုပ်ထားသဖြင့် နှစ်လက်မခန့် ဟက်တက်ကွဲနေသောနေရာကို အထင်းသား မြင်နေရသည်။

"ရန်ဖြစ်လာတာလား"

"မ...မဟုတ်ပါဘူး ဆရာမရယ်၊ ကျွန်မတို့အိမ်ရှေ့က မြောင်းထဲ ချော်ကျပြီး မြောင်းနှုတ်ခမ်းက အိုးခြမ်းကွဲနဲ့ ခိုက်မိတာပါ။ ဟိုမှာ ခြေထောက်မှာရော လက်မောင်းမှာရော ပွက်တွေပေနေတာ ကြည့်ပါ"

"ဒါဆိုလည်း ပြီးရော၊ ရာဇဝတ်မှုဆို ဆေးရုံကြီးသွားရမှာမို့နော်"

ကျွန်မက လက်ဆေး၊ လက်အိတ်စွပ်ပြီး ဆေးရည်စိမ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အပ်ပုလင်းအဝကျယ်ထဲမှာ မွှေနှောက်ရှာဖွေသည်။ (အဲသည်တုန်းက တစ်ခါသုံးအပ်တွေလည်း မသုံးသေး။ ပစ္စည်းများကို ခွဲစိတ်ခန်းက ပေါင်းအိုးထဲမှာ သွားပေါင်း၊ ပိုးသတ်ပြီးမှ သုံးကြသည်)

"ဒေါက်တာမကြီး…သားကို နံပါတ်သုံးနဲ့ပဲနော်"

ကျွန်မလုပ်လက်စကို ဆက်လုပ်ရင်း သူ့ကို မျက်လုံးလှန်ကြည့်လိုက်ကာ အသံခပ်အစ်အစ်နှင့် မေးလိုက်သည်။ သူ့အသက်က ကျွန်မထက်ပင် ငါးနှစ်လောက်ကြီးနေမှန်း သိသာပါလျက်နှင့် တစ်'သား'တည်း 'သား'နေသည်ကိုလည်း အတော်ရယ်ချင်နေမိသည်။ ကလေးတွေပြောသည့် 'ရုပ်ကြမ်းကြီးနဲ့နွဲ့'ဆိုတာကို သွားသတိရသည်။

"ရှင်…သောက်ထားတယ်မဟုတ်လား"

"နည်းနည်းလေးပါ ဆရာမကြီးရယ်၊ တကယ် နည်းနည်းလေး"

"နည်းရင် ဒီလိုမူးလဲပါ့မလား။ ဘာပဲဖြစ်ဖြစ်လေ သောက်ထားရင် အတူတူပဲပေါ့။ ဘာမှပြောမနေနဲ့"

"ဟာ…မလုပ်ပါနဲ့…သား ကြောက်လို့ပါ။ ဒါဆို မချုပ်တော့ဘူး"

သူက ကုန်းအထ ကိုပေါက်စနှင့် အဖော်က ဝိုင်းဖိထားသဖြင့် ခုတင်ပေါ် ပြန်ကျသွားသည်။

"ရှင်က ဘာသိလို့ ဒီလောက်ငြင်းနေရတာလဲ"

ကျွန်မက အပ်နဖားထိုးနေရင်း မေးလိုက်သည်။ သူ့မျက်လုံးများကတော့ အပ်မှာ၊ တော်တော်နှင့် မပြော။ အသံမာမာနှင့် 'ပြောလေ'ဆိုတော့မှ…။

"ကျွန်တော့်သူငယ်ချင်းဖြစ်တုန်းက ဆရာမကြီးက ပြောတယ်





တဲ့။ ရိုးရိုးချော်လဲရင် သနားလို့ နံပါတ်သုံးအပ်နဲ့ ချုပ်ပေးတယ်။ ရန်ဖြစ်လို့ခိုက်မိတာဆို နံပါတ်နှစ်အပ်နဲ့ချုပ်တယ်တဲ့။ မူးလာလို့ရှိရင်တော့ နံပါတ်တစ် ဆင်ချုပ်တဲ့အပ်နဲ့ချုပ်ပြီး ဒဏ်ပေးတာတဲ့။ ကျွန်တော့်သူငယ်ချင်းကို အဲဒီနံပါတ်တစ်နဲ့ချုပ်ပေးတာ သေလောက်အောင်နာလွန်းလို့ သတိတောင်လစ်သွားတယ်ဆိုလို့…သား…သား ကြောက်လို့ပါ"

သူ့စကားဆုံးတော့မှ ဆရာမရော၊ ကျွန်လူတွေပါ သဘောပေါက်သွားကြ၏။

"ဟုတ်တယ်လေ…အရက်သောက်ထားတာ ထုံနေပြီပဲ။ ပြီးတော့ မိုက်လို့သောက်တာမဟုတ်လား။ ဒီတော့ နံပါတ်တစ်နဲ့ပဲ ချုပ်ပေးမှာပေါ့"

သူ ရှန်းပြန်သည်။ အော်ငိုပြန်သည်။ ပြီးတော့ တောင်းပန်သည်။

"နောက်ကို မသောက်တော့ပါဘူး ဆရာမကြီးရယ်၊ မရက်စက်ပါနဲ့"

"တကယ် မသောက်တော့ရင်တော့ သက်ညှာသောအားဖြင့် သုံးနဲ့ပဲ ချုပ်ပေးလိုက်မယ်။ ငြိမ်ငြိမ်နေ"

သည်လိုနှင့် ခေါင်းကွဲလျှင်ချုပ်ရသော Cutting needle အကြီးနှင့် လေးချက်ချုပ်ပြီးချိန်မှာ ဦးရေပြားလည်းစေ့ပိတ်၊ သွေးတိတ်ကာ Pad (ဂေါ်စ်နှင့် ဂွမ်းပတ်ခေါက်ထားသောအစ) ထူထူဖိကာ ပတ်တီးစည်းပေးလိုက်သည်။

"နောက်တစ်ခါ မူးလာလို့ကတော့ လုံးဝ ခွင်းချက်မရှိစေ"

"အာ…စိတ်ချ…စိတ်ချ…ဆရာမကြီး၊ သား လုံးဝ မသောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး"

အလွယ်တကူပေးသွားသော ကတိကို ကျွန်မကလည်း တစ်စက်မှ မယုံပါ။

သူတို့တွေပြန်သွားကြတော့ ဆရာမလေးက ကျွန်မကိုမေးသည်။

"ဆရာလွင်... နံပါတ်နှစ်နဲ့ တစ်က ဘယ်ထဲမှာထားတာလဲ။ ကျွန်မ မတွေ့မိလို့"

ကျွန်မ ပြုံးလိုက်သည်။ ပြီးတော့ "အဲဒီပုလင်းထဲမှာပဲလေ"ဟု ဖြေသည်။ သူက စဉ်းစားသလိုလုပ်ရင်း "ကျွန်မတွေ့တာတော့ အားလုံး ဆိုက်တူတွေချည်းပဲဥစ္စာ၊ အကြီးစားတွေ မတွေ့ပါဘူး"ဟု ပြောနေရင်းမှ...

"ဩော်...သဘောပေါက်ပြီ"ဟု အော်လိုက်လေ၏။

ဩဂုတ်လ၊ ၂၀၀၂။



ဒေါက်တာလမင်း၊

ဆရာဝန်တစ်ယောက်နှင့်

ကမောက်ကမများစွာ

# ရေခဲတိုက်သို့ နှစ်ခေါက်လေ

www.burmeseclassic.com

www.burmeseclassic.com



# ရေခဲတိုက်သို့ နှစ်ခေါက်လေ...

ဆေးရုံမှာ လူသေတာ မဆန်းပါ။ အကြမ်းဖျင်းပြောကြစတမ်းဆို ဆေးရုံခုတင်အားလုံးလိုလို လူသေဖူးသောခုတင်များချည်းသာ ဖြစ်ပါသည်။ ကာလ အနီးအဝေးသာကွာမည်။ ဒါကိုတော့ ကျွန်မတို့အားလုံး လက်ခံထားကြရပါလိမ့်မည်။

မိမိမျက်စိရှေ့မှာ ကွယ်လွန်သွားသောလူ၏ ခုတင်နားသို့ မကပ်ရဲကြသောအခါ ထိုခုတင်နှင့်ကပ်လျက် လူနာများ ဟိုခုတင် ဒီခုတင်များသို့ ရွှေ့ကြပြောင်းကြသောအခါ ဆရာဝန် ဆရာမများက (ဘာမှမထူးသည်မို့) မရွှေ့ကြရန်ပြောလည်း မောရုံသာရှိသည်။ ဒါကတော့ ဆေးရုံမှာ လူတစ်ယောက်သေသွားတိုင်း သေသူနှင့် နာရေးအသုဘရှင်များ သိမသွားရသည့် ဖြစ်နေကျပြဿနာပင် ဖြစ်ပါသည်။

သေသူ၏ဝိဉာဉ်ကို ကြောက်ကြသည်။ တစ္ဆေသရဲကို ကြောက်ကြသည်။ ထို့ကြောင့် သည်မှဟိုကို တိတ်တိတ်ကလေး ရွှေ့ကြ၊ ခြေရင်းဘက်ခြမ်းရှိ လွတ်နေသောခုတင်ကို မသိမသာပြောင်းကြနှင့် ပြုလုပ်ကြသောအခါတိုင်း ဆရာမတွေ ဒုက္ခရောက်ရသည်။

ဆေးထိုးဆေးပေးသည့် Chart board တွင် လူနာနှင့် ခုတင်တွေ လွဲချော်ကုန်သဖြင့် ဖျက်ရ ပြင်ရ ပြန်စစ်ရသည်။ ပွစိပွစိပြောလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ဂရုမစိုက်ကြ။ မကြားဟန်ဆောင်နေကြသည်။ ကြောက်ကြဟာကိုး။ မျက်စိရှေ့မြင်နေရသည့် အရှင်လတ်လတ် သူနာပြုဆရာမသွေထက် အကောင်အထည် လက်ဆုပ်လက်ကိုင်မပြနိုင်သည့် ဝိညာဉ်တွေကို ပိုကြောက်နေကြ၊ ကျောချမ်းနေကြသည်ကိုး။

ဆိုတော့လည်း ခွင့်လွှတ်စိတ်သာ မွေးကြရတော့သည်။

အခုပြဿနာကလည်း ဆေးရုံတွေမှာ ဖြစ်နေကျပေမယ့် ကျွန်မ၏ တစ္ဆေသရဲကြောက်သော လူနာများအတွက် တစ်ညလုံး မအိပ်ရဲတော့ဘဲ ချောက်ချားစွာ ငုတ်တုတ်ထိုင်နေကြရသော အဖြစ်တစ်ခုပင်။

အမျိုးသမီးဆောင်မှ နှလုံးရောဂါသည်းထန်သော လူနာတစ်ဦးဆုံးပါသည်။ နှလုံးရောဂါကုသနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကုဌာနသို့လည်း တက်ရောက် ကုသမှုအကြိမ်ကြိမ်ခံယူခဲ့ပြီး ယခု သာကေတဆေးရုံသို့ (နောက်ဆုံးအခြေအနေမှာ)လာရောက်တက်ခြင်းဖြစ်၏။ ဆေးဝါးကိရိယာစုံသော ဆေးရုံကြီးသို့ လွှတ်ချင်သော်လည်း လူနာ၏အခြေအနေက လှုပ်ပင်မလှုပ်နိုင်တော့သည့်အဆင့်မို့ ကောင်းနိုးရာရာ ဆေးဝါးများပေးပြီး စောင့်ကြည့်နေသည့် အနေအထား။ အိမ်သားများကိုလည်း ရှင်းပြ လက်ခံပြီးသည့်အနေအထားတွင် ရှိနေပါသည်။

ည(၉)နာရီ ကျွန်မတာဝန်ချိန်တွင် လူနာဖောက်ပါသည်။ အသက်ကယ်ဆေးတစ်လုံးထိုးသည့်တိုင် ဘာမှထူးခြားမလာတော့ဘဲ ငြိမ်သက်သွားပါသည်။ လူနာသေဆုံးပြီဖြစ်ကြောင်း ကျွန်မ အတည်ပြုပေးပြီးနောက် ဆရာမများ၊ အလုပ်သမားများက လုပ်စရာရှိသည်များကို ညက်ညောပြေပြစ်စွာ ဆက်လက်ဆောင်ရွက်နေကြစဉ် ကျွန်မကတော့





သေဆုံးကြောင်း ထောက်ခံစာရေး၊ လူနာမှတ်တမ်းထဲတွင် မသေဆုံးမီအချိန် နောက်ဆုံးအခြေအနေ၊ ကုသချက် တုံ့ပြန်ချက်တို့ကိုဖြည့်၊ သေဆုံးရသည့် အကြောင်းအရင်း အချိန်နာရီတို့ကို ရေးမှတ်နေမိသည်။

ငိုရှိုက်သံသဲ့သဲ့ တဖြည်းဖြည်းဝေးသွားပြီမို့ Death body (သေသူ၏ခန္ဓာ)ကို ရေခဲတိုက်သို့ရွှေ့သွားကြပြီဟု သိလိုက်သည်။ ကျွန်မတာဝန်ကျရာ အခန်းပြတင်းမှ လှမ်းကြည့်လိုက်လျှင် အိမ်သာဘက်ကိုသွားသော စင်္ကြံလမ်းကလေးကို လှမ်းမြင်နေရသည်။ ရေခဲတိုက်ကအဲဒီလမ်းကပဲသွားရသည်မို့ မီးလုံးဝါဝါ အလင်းရောင်အောက်တွင် တရိပ်ရိပ်ရွေ့လျားသွားကြသော ကပ်သယ်သည့် အလုပ်သမားများနှင့် အသုဘရှင်များကို လှမ်းကြည့်မိသေးသည်။ အနောက်ကလည်း စပ်စုလိုသူ လေး၊ငါးယောက်က လိုက်ပါသွားသေးသည်။ သေသူ အမျိုးသမီး၏ ခင်ပွန်းဖြစ်သူမှာ အလွန်ရှည်မားသောအရပ်ကြောင့် လူအုပ်ထဲတွင် အထင်ရှားဆုံးဖြစ်သည်။ ပူပင်သောကလွှမ်းခြုံသော ခြေလှမ်းများကို လေးကန်စွာ လျှောက်လှမ်းလိုက်ပါသွား၏။

ကြီးဒေါ်တစ်ယောက်ကတော့ စောစောကခုတင်ပေါ်ရှိ ဖျာ၊ စောင်၊ ခေါင်းအုံးတို့ကို သိမ်းဆည်း၊ လူနာခုတင်ခေါင်းရင်းရှိ ဘီရိုပုကလေးထဲမှ ပစ္စည်းပစ္စယများကို ခြင်းတောင်းတွေထဲထည့်၍ ပြန်ရန် ပြင်ဆင်နေလေတော့၏။ သူနှင့်အပြိုင် ဘေးခုတင်နှစ်လုံးမှာလည်း ပစ္စည်းတွေ အမြန်သိမ်းဆည်းနေကြသည်။ ပြန်ဖို့တော့ဖြင့် မဟုတ်ပါပြီ။

စောစောက လူနာအမောဖောက်စဉ် ဆရာဝန်,ဆရာမတွေ အလုပ်ရှုပ်နေကြတုန်းက တဟဲ့ဟဲ့နှင့် နေရာဖယ်ခိုင်းနေရသည်မှာလည်း သူတို့၊ လူနာဆုံးတော့ ရေခဲတိုက်သို့ လိုက်ပါသွားကြပြီး အသုဘရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေ၏ အမူအယာ မျက်နှာပေးကို အကဲခတ် စပ်စုကြသည်မှာလည်း သူတို့...ဟော...အခု ကပ်လျက်ခုတင်မှာ မအိပ်ရဲ မနေရဲ၍ ခပ်လှမ်းလှမ်းရှိ လွတ်ရာခုတင်ကို ကိုယ့်သဘောနှင့်ကိုယ် ပြောင်းကြရန် စိစဉ်နေကြသည်မှာလည်း သူတို့သာ ဖြစ်နေပြန်လေသည်။

ကံကောင်းချင်တော့ လွတ်နေသည့်ခုတင်တွေကလည်း ရှိနေသဖြင့် သူတို့ကြိုက်ရာခုတင်ကို ပြောင်းကြ ရွှေ့ကြတော့သည်။

နောက်လူနာတစ်ဦးကို ကျွန်မသွားကြည့်စဉ် အဲဒီလို ခပ်သုတ်သုတ်ရွှေ့နေသူတွေကို ဘာမှမပြောချင်တော့သဖြင့် မမြင်ယောင်ဘဲဆောင်နေလိုက်တော့သည်။

ထိုအခိုက်မှာပင် ရုတ်ရုတ်သဲသဲအသံများနှင့်အတူ ဝရန်းသုန်းကားပြေးလာသံများကို ကြားလိုက်ရသည်။

'ဆရာမ...ဆရာမ...မသေသေးဘူး...မသေသေးဘူး...လုပ်ပါဦး'

ဗုဒ္ဓေါ...။ ရေခဲတိုက်ဘက်မှ လူအုပ်ကြီး ပြန်ပြေးလာနေပါလား။ ရှေ့ဆုံးမှ အရပ်ရှည်မားမားလူသည် သူ့မိန်းမကို ပွေ့ချီလျက် ခြေလှမ်းကျဲကြီးများဖြင့် အမျိုးသမီးဆောင်ဘက် ပြန်ချိုးကွေ့လာသည်။

ရုတ်တရက် ကျွန်မ ကြောင်ကြည့်နေမိသည်။ ထိုလူက အဝင်ဝနှင့် အနီးဆုံးခုတင်ပေါ်သို့ သူ့မိန်းမ၏ ခန္ဓာကိုယ်ကို သွက်လက်ညင်သာစွာ ချလိုက်သည်။ ခုလေးတင် အိပ်ရာခင်းတွေဘာတွေ ပြောင်းရွှေ့ခင်းပြီးစ လူနာအမျိုးသမီးခမျာ သူ့ပစ္စည်းပစ္စယတွေကို ခုတင်ပေါ်မှ အလျင်အမြန်ဆွဲယူဖယ်ပေးရင်း ဘေးမှာရပ်လိုက်သည်။

လူနာရှင်သည် မောကြီးပန်းကြီးနှင့် ပြေးလာပြီး ကျွန်မကို လက်





ဆွဲမခေါ်ရုံတမည် စိတ်စောရှုနေသည်။ ကျွန်မလည်း ဖြစ်လာသောအနေအထားအရ ထပ်ကြည့်ပေးရန် ထောင့်ခုတင်သို့ ခပ်သွက်သွက်ကလေး ပြေးသွားလိုက်ရသည်။ ခုတင်ပေါ်မှာ ဇက်ကျိုးနေသော လူနာ၏ လက်ကောက်ဝတ် သွေးခုန်နှုန်းကို စမ်းသည်။ မရ။ ကျွန်မလက်က သွေးတိုးနှုန်းကိုသာ ငြိမ်သက်နေသော အရေပြားပေါ်တွင် စမ်း၍ရနေသည်။

အင်္ကျီရင်ဘတ်ကိုဖွင့်၍ နားကြပ်နှင့် သေချာနားထောင်သည်။ လူနာ၏ နှလုံးခုန်သံခပ်သဲ့သဲ့ကလေးကိုသော်လည်းကောင်း၊ အသက်ရှူသံ ခပ်မှျင်းမှျင်းကလေးကို[illegible]ည်းကောင်း ကြားရနိုးနှင့် ကျွန်မသေသေချာချာ နားထောင်လိုက်သည်။ မကြား။ ထို့ကြောင့် ဂျူတီကုတ်ထဲ အမြဲပါသော ဖောင်တိန်ပန် လက်နှိပ်မီးကလေးဖြင့် တစ်ဝက်ပွင့်နေသော မျက်ခွံကိုမ,ကာ မျက်စိသူငယ်အိမ်ကို ထိုးကြည့်လိုက်သည်။ မိုင်ကုန်အောင် ပြူးကျယ်နေပြီဖြစ်သော သူငယ်အိမ်သည် ဓာတ်မီး၏အလင်းရောင်ကို အလျဉ်းမတုံ့ပြန်တော့ပြီ။ လူနာသေဆုံးသွားပြီမှာ သေချာပါလျက် သူ ဘာကြောင့် ပြန်ခေါ်လာသနည်း။

"ကျွန်မ သေချာကြည့်ပြီး ဆုံးဖြတ်ပေးလိုက်တာပါ။ ရှင်က ဘာတွေ့လို့လဲ" လူနာယောက်ျားက စိတ်ရှုပ်ထွေးသောမျက်နှာနှင့်...

"ဟိုမှာ သူ့ကို ကျောက်ခုတင်ပေါ်တင်တော့ ပါးစပ်က "အစ်" ဆိုပြီး အသံထွက်လာတယ်။ အဲဒါကြောင့်"ဟု ဖြေပြီး ရပ်ထားသည်။

"ဒါဆို ရှင်တို့ သူ့ဗိုက်နဲ့ ရင်ဘတ်ကို ဖိမိလို့ဖြစ်မှာပေါ့"

"ဟာ...မဖိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ပျာပျာသလဲငြင်းသည်။ နောက်တစ်ယောက်က ဝင်ပြော သည်။

"ဖိမိတယ်လေ၊ ဟိုအန်တီကြီးဒိုတော့ သူ့ရင်ဘတ်ပေါ်ကို မျက်နှာ မှောက်ပြီးဒိုတာ၊ အဲဒီအချိန် အသံထွက်သွားတာ ကျွန်မမြင်လိုက် တယ်"

ပြောသူက ဟိုဘက်ခုတင်က လူနာ၏သမီး စပ်စုမရယ်လေ။

ကာယကံရှင်တွေက ကိုယ့်အပူနှင့်ကိုယ်မို့ ဘာမှမသိလိုက်သော် လည်း ဘေးနေ စပ်စပ်စုစု ဝိုင်းကြည့်နေသည့်သူတွေကတော့ သတိ ထားမိလိုက်ကြပေမည်။

"ကဲ...ဒီမှာကြည့်...ဒီလိုဖိမိတာလား"

"အစ်..."

ကျွန်မ လူနာ၏ (အဲလေ...လူသေ၏)ရင်ဝကို လက်ဖဝါးပြားနှင့် လက်ဖနောင့်သုံး၍ ဖိချပြလိုက်သည်။ ဇက်လည်နေသော လူသေ၏ ပါးစပ်မှ လေတွေတိုးထွက်လာရင်း 'အစ်'ဟု ခပ်တိုးတိုးမြည်သွား သည်။

"ဟုတ်တယ်...ဟုတ်တယ်၊ ခုနက အဲဒီအသံပဲ ဒို့ထက် ကျယ် တယ်"

အားလုံးက ထောက်ခံကြသည်။

"လူဆိုတာ အသက်မဲ့သွားပေမယ့် ချက်ချင်းတောင့်သွားတာ မဟုတ်ဘူး။ သူ့ရဲ့သွေးကြောတွေထဲမှာ သွေးတွေရှိသေးတယ်။ ခိုက်မိ လိုက်ရင် သွေးထွက်မှာပဲ။ အဆုတ်ထဲမှာ လေတွေအောင်းနေသေး တယ်။ ဒီတော့ ဖိလိုက်ရင် လေက တိုးထွက်မှာပဲ။ အသံအိုးကိုဖြတ်





တော့ အသံမြည်မှာပဲလေ။ လေများများထွက်ရင် ကျယ်ကျယ်မြည် မယ်၊ လေနည်းသွားရင် တိုးတိုးပဲမြည်တော့မယ်။ လူက အေးစက် တောင့်တင်းသွားရင်တော့ ဒါတွေမဖြစ်တော့ဘူးပေါ့။ ကဲ...ရှင် လက်ခံ ပြီလား"

ဒီတော့မှ လူကြီးမင်းက ခေါင်းကို ညိတ်ချင်သလို မညိတ်ချင် သလိုနှင့် သဘောတူဟန်ပြသည်။

နောက်တစ်ခေါက် ကပ်နှင့်ပြန်သယ်ရသဖြင့် နှစ်ခါ အလုပ်များ ရသော ကျော်ရွှေက မျက်စောင်းတထိုးထိုးနှင့် ပွစိပွစိ ပြောသည်။ သူက စကားမပီ။

"ချောချောကတည်းက ခင်ညားကို ကျွန်တော် ကြောတားပဲ။ ချရာက တေပြီလို့ ကြောပြီးမှ တေပြီဆိုတာ တေချာပါတယ်လို့... ကျွန်တော့် ဂျကားမှ နားမထောင်တာ၊ တက်တက်မဲ့ ကျက်တနော ချာတယ်"

သူ့စကားကြောင့် အားလုံး ပြုံးစေစေ၊ ဒီအထဲမှာ မပြုံးနိုင်သူ ကတော့ ခုတင်ရွှေ့ပြီးမှ လူသေက တစ်ခေါက်လာအိပ်သွားသော ခုတင်ပိုင်ရှင် လူနာအမျိုးသမီးပဲ ဖြစ်သည်။ မပြုံးနိုင်မရယ်နိုင် ရှုံ့မဲ့ ရှုံ့မဲ့ ဖြစ်၍နေသည်။ မဖြစ်ခံနိုင်ရိုးလား။ သူ့အတွက် ထပ်ပြောင်းစရာ နောက်ခုတင်အလွတ်လည်း မရှိတော့ပြီ။ ထို့ပြင်မက သူ့ဖျာတွေ၊ အိပ်ရာ ခင်းကျွေ၊ ခေါင်းအုံးတွေပေါ်လည်း သူ ပြန်မအိပ်ရဲတော့ပြီ။

"ရေခဲတိုက်ကတောင် ဒီရောက်အောင် ချီလာပြီးမှ ကိုယ့်ခုတင် အထိ ရောက်အောင်မသွားဘူး"ဟု မကျေမနပ်ရေရွတ်ရင်း တစ်ညလုံး ငုတ်တုတ်မိုးလင်း၊ ကြောက်တတ်သော ကျန်လူနာများလည်း ဒီဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ မျက်စိထဲ ပြန်မြင်နေကြရင်း တစ်ညလုံး မအိပ်ရဲကြတော့ဟူသတည်း။

စက်တင်ဘာလ၊ ၂၀၀၂။

❀ ❀ ❀



ဒေါက်တာလမင်း


ဆရာဝန်တစ်ယောက်နှင့်

ကမောက်ကမများစွာ

# မောင်ထွေး ဘယ်ခုတင်က

www.burmeseclassic.com

www.burmeseclassic.com




# မောင်တွေး ဘယ်ခုတင်က...

**ကျွန်**မမှာ အယူအဆတစ်ခုရှိသည်။ အကျင့်ဟုလည်း ခေါ်နိုင်ပါသည်။

ဘယ်လောက်ပင်အလုပ်ရှုပ်၊ အာရုံများနေပါစေ လူပုဂ္ဂိုလ်များ၏ အမည်နှင့် အသက်ကို အထူးဂရုစိုက်၍ လိုက်လျောညီထွေရှိအောင် ကြိုးစားခြင်းဖြစ်သည်။

မွေးစ အမည်မှည့်ပြီးချိန်မှ အသက် နှစ်ဆယ်ကျော် သုံးဆယ်လောက်ကို သည်အတိုင်း (သို့) မောင်, မ, တပ်၍ ခေါ်သည်၊ ပြောသည်။

ဒါတောင် ကျွန်မအသက် (၂၈)ဝန်းကျင်က ကိုယ့်ထက်ကြီးသည့်သူဆို 'ကို'တပ်၍ 'မ'တပ်၍ခေါ်ဖို့ ဘယ်တော့မှမမေ့။

သုံးဆယ်ကျော်မှ လေးဆယ် ဟိုဘက်ဆို ဦး၊ ဒေါ် တပ်သင့်သူကို တပ်သည်။ တပ်သင့်သူဆိုခြင်းမှာ တချို့က သုံးဆယ် စွန်းစွန်းပေမယ့် ရာထူး,အလုပ်အကိုင်ကို လေးစားရမည့် အခြေအနေ ရှိချင်ရှိနေတတ်သည်။ ဥပမာ-ကျောင်းဆရာများ၊ ရှေ့နေများ။

အဲ...လေးဆယ်ဝန်းကျင်မှစ၍ဆိုလျှင်တော့ ဘယ်လိုလူမျိုးဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အဆင့်ရှိသည့် အလုပ်သမားပင်ဖြစ်စေ ဦး,ဒေါ် တပ်ခေါ်ဖို့ ဘယ်တော့မဆို 'သတိ'အမြဲထားသည်။ ကိုယ်က လူငယ်ပိုင်းမို့ အသက်အားဖြင့် ကြီးသူများအပေါ် အ,ဂါရဝဖြစ်မှာစိုးသည်လေ။

ထို့ကြောင့် လူနာအမည်ပြောလျှင် ပြောသည့်သူက ဘယ်လိုပင်ပြောလိုက်သည်ဖြစ်စေ ကျွန်မက အသက်အရ မေးတော့သည်။ အတိအကျမသိတောင် မှန်းချေတော့ သိရမှဖြစ်မည်။ သိသည်နှင့် ကျွန်မဘာသာ စဉ်းစားဆုံးဖြတ်ကာ ဦး,ဒေါ်,ကို,မ တပ်ပြီး ရေးလေ့ရှိသည်။

တခြားသူများ မှားရေးလျှင်လည်း မနေနိုင်မထိုင်နိုင် လိုက်ပြင်တတ်သည်။ မအားလည်း အဲဒီလိုပြင်ပေးလိုက်ပြီးမှ ကျန်အလုပ်ဆက်လုပ်၍ရသည်။ ကျွန်မကိုယ်ကျွန်မလည်း ထိုကိစ္စကို ဟစ်ခါမှမှားသည်ဟု မတွေးမိပါ။

ကိုယ့် ယူဆချက်နှင့်ကိုယ် အခိုင်အမာဆုပ်ကိုင်ပြီး တစ်ဖက်လူနှင့် အငြင်းအခုန်ကလည်း ဖြစ်ရသည်မှာ မကြာခဏပင်။

'လူနာ,နာမည်ပြော ညီမ' မိန်းကလေးက (၁၈-၂၀) လောက်။

'ဦးလှထွန်းတဲ့ ဆရာမ' ကျွန်မ,မရေးသေး။ စိတ်ထဲမှာ မှတ်ထားသည်။

'အသက်ကရော'ကြုံဖူးဖန်များ၍ ရိုးနေပြီမို့ အသက်ကိုမေးရ၏။

"အသက်(၂၀)ဆရာမ"

"ဟင်...ဦးလှထွန်းဆို" ကျွန်မ အသံမြှင့်၍ မေးမိသည်။

"ဟုတ်တယ်လေ...သူက သမီးထက်ကြီးလို့ အဲလိုပဲခေါ်တာ"

ကြည့်ပါဦး... သူ့ယောကျ်ားကို သူခေါ်သလို ရိုရိုသေသေ ဆရာဝန်က လိုက်ခေါ် လိုက်ရေးရမလို။ စိတ်ထဲ ဖျဉ်းခနဲဖြစ်ပြီး





သူ့ရှေ့မှာပင် 'မောင်လှထွန်း'ဟု ရေးပစ်လိုက်သည်။ မရေး၍ မရ။ မှတ်ပုံတင်စာအုပ်ကြီးထဲသို့ ဒီအမည်နှင့် သွင်းရမှာ။ ကျန်လူတွေ အမှတ်မှားသွားနိုင်သည်။ သူ့ဘာသာ ညတိုင်းရှိခိုးအိပ်တာ အကြောင်းမဟုတ်။

နောက်တစ်ခါ မိန်းကလေးတစ်ယောက်က ဂျူတီခန်းထဲ ဝင်လာကာ—

'ဆရာမ...သွေးဆင်းတာ ပြလို့ရမလား'

'ရတယ်...ပြင်ပလူနာအနေနဲ့ အရင်ပြလိုက်ပေါ့။ နာမည်ပြော'

'ဒေါ်သန္တာစိုး'

'အသက်ရော...လူနာ အခုပါလာလား'

ကျွန်မက သူ့ကိုကျော်၍ အနောက်ကိုကြည့်ရင်း မေးလိုက်သည်။

'လူနာက ကျွန်မပဲ ဆရာမ'...ဟို...အသက်က (၂၁)"

'ဟင်...ဒေါ်တပ်ပြောရအောင် သမီးက ဘာအလုပ် လုပ်သလဲ။ ကျောင်းဆရာမလား'

'ဟင့်အင်း...ဘာမှမလုပ်ပါဘူး'

'အမယ်လေး...ဒါနဲ့များ'

ကျွန်မမှာ ရေးပြီးသား 'ဒေါ်'ဆိုသည့်စာလုံးကို မှင်ဖြင့် မည်းတူးနေအောင် ပြန်ခြစ်ပစ်လိုက်သည်။ မိန်းကလေး မျက်နှာ ကွက်ခနဲပျက်သွား၏။ သူက တခုတ်တရ ပြောထားရှာတာလေ။

"ဒီမှာ သမီးရဲ့...ဦး,ဒေါ် တပ်တယ်ဆိုတာ အသက်(၃၉-၄၀) လောက်မှ ဒါမှမဟုတ် ရာထူးဌာနန္တရကို လေးစားသောအားဖြင့် ခေါ်ရတာကွဲ့။ ဘာမှလည်းမဟုတ်ဘဲနဲ့ ငယ်ငယ်လေးပဲရှိသေးတာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ ကြီးရင့်ချင်ရတာလဲ။ နောက်ဆို မှတ်ထား။ သမီးအရွယ်ဆို 'သန္တာစိုး'လို့ပဲ ခေါ်သေးတယ်။ ကြားလား။ လာ...စမ်းသပ်ခန်းထဲ လိုက်ခဲ့'

ဟူး...ရောဂါမကုခင် သူ့အစွဲကို အရင်ချွတ်ရသေးသည်။

နောက်တစ်ခုရှိသေးသည်။ မည်မျှပင် အသက်ကြီးရင့်၊ ရာထူးကြီးမြင့်နေပါစေ၊ မင်္ဂလာဆောင်လျှင်တော့ မောင်,မ တပ်ကြတာလည်း ထုံးစံမို့ မှတ်သားထားမိ၏။

မောင်လှဦးနှင့် မခင်ချိုဝင်းဆိုပြီး မင်္ဂလာဆောင်ကြသော တက္ကသိုလ်မှ ဆရာဦးလှဦးနှင့် ဆရာမဒေါ်ခင်ချိုဝင်းတို့၏ မင်္ဂလာသတင်းကို ဖတ်ပြီး သြော်...ဒီနေရာကျတော့ ဒီလိုသုံးရတာကိုးဟု မှတ်ရပြန်၏။

ကျွန်မတို့၏ သင်ဆရာ သားဖွားမီးယပ်ပါရဂူ အထူးကုဆရာဝန်မကြီး အသက် (၅၀)နီးမှ ကံပေါ်၍ မင်္ဂလာဆောင်သောအခါ သူ့နာမည်ရှေ့ 'မ'တပ်ရသည်။ ပိုပြီး ငယ်နသွားတာပေါ့လေ။

ထို့ထက်ဆိုးသည်က သမားတော်ကြီး၊ အပျိုလူပျိုအရွယ် သားသမီးများ၏ ဖခင် မုဆိုးဖိုကြီး နောက်အိမ်ထောင်ထူတော့ သူ့အမည်ရှေ့ 'မောင်...'တပ်လေသောအခါ ကျွန်မတို့မှာ သတင်းစာကိုဖတ်ပြီး ရယ်ရမလိုလို၊ ငိုရမလိုလို စိတ်ညစ်ခဲ့ရဖူးသည်။

သို့သော်လည်း ဇနီးမောင်နှံများမှာတော့ ခင်ပွန်းသည်မှာ အိမ်ဦးနတ်မို့ သူ့ကို ဦးတပ်မှသာ ဇနီးသည်ကို ဒေါ်တပ်နိုင်ပေလိမ့်မည်။

ဥပမာ–ဦးကျော်ဝင်း+ဒေါ်စန္ဒာခင်သာ ဖြစ်သင့်သည်။ ထိုသို့မဟုတ်ဘဲ ကိုကျော်ဝင်း+ဒေါ်စန္ဒာခင် ဆိုလျှင် မြင်ရကြားရသည်မှာ ကန့်လန့်ကြီး။ ယောကျ်ားက အသက်ငယ်လွန်းနေလျှင်လည်း ကိုကျော်





ဝင်း+မစန္ဒာခင်သာ အဖြစ်ခံပေတော့။ မိမိအသက် ကို ခဏမေ့ထားပြီး တစ်ဆင့်ပြန်ဆင်းသင့် ဆင်းရမည်လေ။ ကိုယ်က ယောကျ်ားငယ်ငယ်လေး ယူထားမိသည်ကိုး။ ထိုသို့မဖြစ်လိုကြသူများ သက်တူရွယ်တူ (သို့) ကိုယ့်ထက် အနည်းငယ်ကြီးသော ယောကျ်ားကိုသာ ယူကြဟု ကျွန်မ တွေးလည်းတွေး ပြောလည်းပြောခဲ့ဖူးသည်။ အဲ...ဦးကျော်ဝင်း+မစန္ဒာခင် ဆိုလျှင်တော့ ခင်ပွန်းသည်ခမျာ အလကားနေရင်း နွားအို မြက်နုကြိုက် စာရင်းဝင်ရရှာတော့မည်တည်း။

တချို့လူနာတွေမှာ အလွန်ပိုမြစ်နှံနယ်ကြသည်။

မိန်းကလေးလူနာတစ်ဦးဆို သူ့အမည်ကို နွဲ့နွဲ့ဝင်းဟုပေးပြီး အင်မတန် ရှိသေကိုင်းရှိုင်းစွာ ပြောဆိုဆက်ဆံသဖြင့် ကျွန်မက တက္ကသိုလ်ကျောင်းသူကလေးဟု ထင်နေရာမှ အသက်မေးလိုက်တော့ (၃၅)၊ အလုပ်အကိုင်က ကထိက၊ ကျွန်မဟာ ကိုယ့်ထက်ကြီးသူ၊ ဆရာမ တစ်ယောက်ကို 'ညီမလေးရယ် ညည်းက, ငါက ဘာညာနှင့်'ပြောမိထားသမျှ မျက်နှာတွေပူကာ သိလျှင်သိချင်း မဆိုင်းမတွ တောင်းပန်လိုက်ပြီး ချက်ချင်း ဒေါ်နွဲ့နွဲ့ဝင်းဟုခေါ်၊ အစ်မဟုခေါ်၊ ကျွန်မဟု ပြောဆိုဆက်ဆံလိုက်သည်။ နှုတ်အကျိုး မခံပါ။ သိသိကြီးနှင့်လည်း မခေါ်ရဲပါ။

အလုပ်သမား သန့်ရှင်းရေးဝန်ထမ်းတွေဆိုလည်း ဒီအတိုင်းပင်၊ နည်းနည်းလေး အသက်ကြီး၍ကတော့ အလုပ်တာဝန်သာ ခိုင်းစေညွှန်ကြားသည်။ ခေါ်လျှင် ပြောလျှင်တော့ ကိုဘယ်သူ၊ အစ်မဘယ်သူ စသဖြင့် ရိုရိုသေသေပြောသည်။ ရွယ်တူ ဆရာဝန်တစ်ဦးက အသက် (၄၀)ကျော် ဝန်ထမ်းတစ်ယောက်ကို (ဟဲ့...နင်,ငါ)နှင့်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ထဲ မသက်မသာဖြစ်ရသည်။

'သူက လူက ဖင်ပေါ့ပြီး လူငယ်လိုနေလို့သာ၊ အသက်က (၄၀)ကျော်ပြီနော်၊ တို့တွေနဲ့ (၁၀)နှစ်လောက်ကွာတာ'ဟု သိသိသာသာပြောလည်း ထိုဆရာဝန်က-

'သိတယ်...ဒါပေမယ့် နှုတ်ကျိုးနေပြီ'ဟု ပြန်ပြောပြီး နာမည်ကို ဒီအတိုင်း(ဦး,ကို မတပ်ဘဲ) ရင်းသီးစွာ ခေါ်မြဲခေါ်သည်။

ကြာတော့'အို...သူ့ဘာသာ ငရဲယူတာပဲ'ဟု စိတ်ကိုလျှော့ထားလိုက်ရသည်။

အဲဒီလောက်အထိ သတိထားဆင်ခြင်နေသည့် ကျွန်မကျမှ ဒီအဖြစ်နှင့် ဆုံရပြန်တော့သည်။

ကျွန်မ၏ ညတာဝန်ချိန် တစ်ခုမှာဖြစ်သည်။

'ဆရာဝန်ရှိလား'

မော့ကြည့်လိုက်တော့ ခါးဟိုင်းကိုင်းမို့ တုတ်ကိုအားပြုရင်း ရပ်နေသည့် အမေအိုတစ်ဦး၊ မျက်လုံးများအပေါ် လက်တစ်ဖက်အုပ်မိုး၍ ကျွန်မတို့ထိုင်နေရာဆီ လှမ်းကြည့်ပြီး မေးနေသည်။

"ရှိပါတယ် အဘွား၊ ဘာဖြစ်လို့လဲ"

"ဩော်...ဆရာမရယ်...ဟိုဘက်ဆောင်က ကောင်လေး အဖျားတက်နေလို့ ခဏလိုက်ကြည့်ပေးပါလား"

"ဟုတ်လား...လာခဲ့မယ်၊ အဘွား...လူနာ,နာမည်လေး ပြောခဲ့ပါ"

"မောင်ထွေးတဲ့ ဆရာမ"

ကျွန်မနှင့် သူနာပြုဆရာမတို့ ထွက်လာချိန်မှာ အဘွားအိုကား





လှုပ်လှဲ့ချိနဲ့စွာ လျှောက်လှမ်းရင်း နောက်ကလိုက်လာလေ၏။

အမျိုးသားဆောင်ရောက်တော့ အားလုံး ခြင်ထောင်,ထောင်ပြီး အိပ်နေကြပြီ။ (ညအချိန် သည်အခြေအနေမို့ ကျွန်မတို့နှစ်ယောက် လာခဲ့ကြခြင်းဖြစ်သည်) အဖျားတက်သော ကလေးငယ်ကား ဘယ်ခုတင်၊ ဘယ်ခြင်ထောင်ကမှန်းမသိ။ လူနာရှင် အဘွားအိုကလည်း ဟိုးခပ်လှမ်းလှမ်းမှာ တနဲ့နဲ့လာနေတုန်း။

"မောင်ထွေးရှိလား မောင်ထွေး"

ဆရာမက အော်မေးသည်။ ဖြေမည့်သူမရှိ။

"အဖျားတက်နေတဲ့ကလေး ဘယ်ခုတင်ကလဲ၊ မောင်ထွေးဆိုတာလေ"

ကျွန်မတို့နှစ်ယောက် အသံနှစ်ခွန်းသုံးခွန်းဆင့်တော့မှ အလယ်ခုတင်က ခြင်ထောင်လှုပ်လာပြီး အထဲက အဘိုးအိုတစ်ဦး ထွက်လာသည်။

"အဘ...မောင်ထွေးဆိုတာ အဖျားတက်နေတာဆို...အဲဒါ လာကြည့်တာ"

အဘိုးအိုက ခြင်ထောင်အပြင်ကို မ,ထွက်လိုက်ပြီး ခပ်တိုးတိုးဆိုသည်။

'မောင်ထွေးဆိုတာ ကျုပ်ပဲ'

'ရှင်...'

ကျွန်မတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြီးမှ

'ကန်တော့နော် ကန်တော့ အဘိုးရေ...စောစောကအော်ခေါ်ဘဲ့



www.burmeseclassic.com

www.burmeseclassic.com



အဘွားက ကောင်လေးဆိုလို့ ကျွန်မတို့က ကလေးလေးမှတ်တာ’
တောင်ဇေးသံ တဒေါက်ဒေါက် အနောက်ကပေါ်လာရင်း–
‘သူက ကျုပ် မောင်တော့…’တဲ့။

ကဲ…ကောင်ရော။ အဘွားက (၈၅)၊ အဘိုးက (၈၀)၊ လူပျို
ကြီး အပျိုကြီး မောင်နှမနှစ်ယောက်။ အသက်ကလည်း ရှည်ကြ
သည်။ အစ်မကြီး၏မျက်စိထဲမတော့ သူ့မောင်လေးသည် အမြဲတမ်း
(၁၈)နှစ်။ ခေါ်တော့ မောင်ထွေး၊ ပြောတော့ ကောင်လေး။ ကြားထဲက
ငရဲလေးဖြစ်ရသည်က ကျွန်မတို့နှစ်ယောက်။ ည ဂျူတီဝင်ဝင်ချင်း
အလုပ်တွေရှုပ်နေကြသဖြင့် နေ့လည်က လာတက်နေခဲ့သော လူနာ
အသစ်များအကြောင်းကို အကြမ်းဖျဉ်းဖတ်ထားပြီးသည့်တိုင် ဦးမောင်
ထွေး၊ အသက်(၈၀)ကို လွတ်သွားရခြင်းဖြစ်တော့သည်။

စက်တင်ဘာလ၊ ၂၀၀၂။

❀ ❀ ❀



ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်

ကမောက်ကမများစွာ

# တက်တုန်းက လက်မှတ်မထိုးရလို့

www.burmeseclassic.com

www.burmeseclassic.com



# တက်တုန်းက လက်မှတ်မထိုးရလို့

ရန်ကုန်ဆေးရုံကြီးမှာ ဆေးရုံတက်ရလျှင် ERC I ခေါ် အရေးပေါ် (၁)တွင် ဆရာဝန်နှင့်တွေ့ပြီးမှ တက်ရသည်။

ဒါတောင် အရေးပေါ်ရောဂါမှ။ မဟုတ်လျှင် သက်ဆိုင်ရာ မြို့နယ် ဒေသန္တရကျန်းမာရေးဌာနမှ လွှဲစာလိုသေးသည်။

အဲဒီကိုဖြတ်သန်းပြီးမှ ဆိုင်ရာ အဆောင်ကို သွားတက်ရသည်။ ရိုးရိုးဆေးကုသဆောင်၊ ခွဲစိတ်ဆောင်၊ ဦးနှောက်နှင့် အာရုံကြော၊ ကျောက်ကပ် အစာအိမ်နှင့် အူလမ်းကြောင်း၊ ရင်ခေါင်း ရောဂါကု... အားလုံး အကျုံးဝင်သည်။

သာကေတဆေးရုံမှာ ဒါတွေမရှိပါ။

ရောဂါဖြစ်လျှင် တစ်ချိန်မှာ တစ်ယောက်တည်းသာရှိသော ဆရာဝန်နှင့် တွေ့ပြီးလျှင် ကိစ္စက ပြီးပြီ။

မလိုအပ်လျှင် ဆေးကုသမှုပေးပြီး အိမ်ပြန်၊ လိုအပ်လျှင် ဆေးရုံတက်။ ဒါတောင် လိုအပ်ပါလျက် ဆေးရုံမတက်ချင်၍ ဆေးကုပြီး အိမ်ပြန်သူမျိုး၊ မလိုအပ်ဘဲ အိမ်မှာ ဆူလို့ညံလို့ အာရုံရှုပ်လို့ သွားလာရ ဝေးလို့ဆိုပြီး ဆေးရုံလာတက်ချင်သူမျိုးများကို အလိုလိုက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရသည်လည်း ရှိသည်။

သူ့အရပ်နှင့် သူ့ဇာတ်ဆိုတော့လည်း စည်းကမ်းနှင့် အတင်းအကျပ်လုပ်၍မရသော အနေအထားမို့ ကျွန်မတို့လည်း လူနာနှင့် လူနာရှင်များ၏သဘောကို လိုက်လျောကြရပါသည်။

များသောအားဖြင့် ဆရာဝန်များက လက်လျော့သော လူနာဆိုလျှင် လူနာရှင်များက အိမ်သို့သာ ပြန်ခေါ်သွားချင်ကြသည်။ 'မရမယ့်အတူတူ'ဟုဆိုကြ၏။ တချို့များ တားရှ်ပင်မရ။ ဆေး ဆက်ကုနေလျှင် အသက်(ရက်ပိုင်း)ဆက်ရှည်နေပြီး ဝေဒနာ ပိုခံစားရလိမ့်မည်ဟု သဘောပိုက်တတ်ကြသည်။ သေလျှင်လည်း ဆွေမျိုးစုံရာ မှာကိုင်ရှေ့မှာပင် သေစေလိုကြသည်။ ဆေးရုံမှာ မထားခဲ့ချင်။ တစ်ခါတင်ရုံ အသက်ကုန်ပြီးမှ ဆေးသွင်းထားသည့် ပိုက်ကန်းလန်းနှင့် အိမ်ပြန်ခေါ်သည်လည်း ရှိသည်။ (လူသေကို ကား.ကလည်းမတင်၊ အရပ်ထဲလည်း ပြန်မဝင်ရဟု အယူရှိကြသဖြင့် ဘာဏ်ကူကြခြင်း ဖြစ်ပါသည်။)

ထိုသို့ အဖြစ်များသဖြင့် လက်လွှတ်ရတော့မည့်လူနာဆိုလျှင် ဆရာဝန်၊ ဆရာမများက လူနာရှင်အား ခေါ်ယူဆွေးနွေးကာ ပြန်ခေါ်လိုလျှင် ခေါ်သွားနိုင်ကြောင်း၊ ဆက်ထားမည်ဆိုလည်း ရနိုင်သလောက်တော့ ဆက်ကုသပေးနေဦးမည်ဖြစ်ကြောင်း ရှင်းပြ ပြောပြရတတ်ပါသည်။

တချို့လည်း အိမ်အနေအထား ကျဉ်းမြောင်းသဖြင့် ထားစရာနေရာမရှိသောအခါ၌လည်း ဆေးရုံတွင်ပင် ဆက်ထားမည်ဟု သဘောတူညီကြပါသည်။





ဘယ်လိုပဲဖြစ်ဖြစ် ဆရာဝန်များက ဆင်းခွင့်ပြန်ခွင့်ပြုလျှင် ဆေးရုံဆင်းလက်မှတ်ထုတ်ပေးရပြီး လူနာရှင်က ကိုယ့်သဘောနှင့်ကိုယ်ဆင်းလျှင်တော့ ခံဝန်ကတိနှင့် လက်မှတ်ထိုးရပါသည်။

"မိမိသဘောဆန္ဒအရ ဆေးရုံမှဆင်းပါသည်။ ဖြစ်ပေါ်လာသောကိစ္စအဝဝသည် မိမိ၏တာဝန်သာ ဖြစ်ပါသည်"

ဟူသော စာကို လူနာမှတ်တမ်းစာရွက်တွင် ရေးသား လက်မှတ်ထိုးရပါသည်။ တချို့ဆေးရုံကြီးများတွင် လူနာများမှာ ဤသို့ လက်မှတ်ထိုး ဆင်းလာပြီးမှ ရောဂါမသက်သာသေးလျှင် ထိုဆေးရုံသို့ ပြန်မတက်ရဲကြဘဲ ဒုက္ခရောက်ရသည် ရှိတတ်ပါသည်။

သာကေတ ပြည်သူ့လူထုနှင့် သာကေတဆေးရုံကတော့ ထိုသို့မဟုတ်။ လက်မှတ်ထိုးဆင်းပြီး ပြန်တက်ချင်လည်း ခပ်တည်တည်ပင် ပြန်လာတတ်ပါသည်။ ဆရာဝန်တွေကလည်း ဘာမှ ပြောမနေချင်တော့သဖြင့် လက်ခံထားလိုက်ကြသည်သာ များပါသည်။ ဆရာဝန်နှင့် လူနာကိုး။

လူနာများမှာ တက်ချင်လည်း မိမိတို့သဘော၊ ဆင်းချင်လည်း မိမိတို့သဘောဖြစ်သဖြင့် အတော်တော့ လွတ်လပ်ပါသည်။

အဲသည်ကြားထဲကပဲ စိတ်ဆိုးရအခက်၊ အော်ရယ်ရအခက် အဖြစ်နှင့် ကြုံရသောအခါ...။

ကျွန်မ၏ ညဂျူတီတစ်ခုမှာ အခြား ညဂျူတီများကဲ့သို့ပင် မီးပျက်နေပါသည်။ ဆေးရုံမှာ မီးစက်ရှိသော်လည်း လောလောဆယ် အရေးပေါ်လူနာနှင့် မွေးလူနာမရှိသဖြင့် (ဓာတ်ဆီနှမြော၍လည်း တစ်ကြောင်း) မီးစက်မမောင်းပါ။ ဖယောင်းတိုင်လေးတွေထွန်း၍



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြပါသည်။

Energaney lamp အရေးပေါ်မီးအိမ်(၂)လုံးရှိသော်လည်း တကယ့်အရေးပေါ်မှ ထွန်းရန် ချွေတာထားရသေး၏။ သို့နှင့်...။

ကားမီးရောင် ဝင်းခနဲလက်၊ ကားစက်သံ ဆဲခနဲထိုးဆိုက်၊ လူသံခြေသံတွေ ရုတ်ရုတ်သဲသဲဖြစ်ပြီးသည်၏နောက်မှာ လူနာတစ်ယောက်ရောက်လာပါတော့သည်။

'ဆရာ...ငှက်ဖျားတဲ့' ရှေ့ပြေး ကိုဝင်းသိန်းက လာပြောသည်။

အင်း...ရောဂါနာမည်ပါ တစ်ခါတည်း တပ်ပြီးသားပါလား။ ကျွန်မ သွားရောက်စမ်းသပ်ကြည့်တော့လည်း တကယ်ပင် 'ငှက်ဖျားလူနာ'ဖြစ်နေပါသည်။

သည်တော့ လိုအပ်သည်များကို မေးမြန်းစစ်ဆေး၊ လက်ထိပ်မှာသွေးဖောက်ပြီး Blood for Mp ခေါ် ငှက်ဖျားပိုး အမျိုးအစားခွဲခြားစစ်ဆေးရန် မှန်ပြားလေးတွင် Film ဆွဲ၊ လူနာကို အမျိုးသားဆောင်တွင် ခုတင်နေရာချပေး၊ Quinine drip တင် စသဖြင့်စီစဉ်ရတော့သည်။

လူနာက အဖျား(၁၀၄ F) ကယောင်ကတမ်းတွေကလည်း ပြောနေသေးသည်။ ထုံးစံအတိုင်း ချမ်းတုန်မည်၊ အပူတက်ဖျားမည်၊ ပြီးလျှင် ချွေးထွက်ပြီး အဖျားကျမည်။ နောက်တစ်နေ့ သူ့အချိန်ရောက်လျှင် ထိုအတိုင်းပြန်ဖြစ်မည်။ လူ တကယ်ထိသော ရောဂါပင်။ မကုသလျှင် သွေးနီဥတွေပေါက်ကွဲပြီး သွေးအားနည်းလာတော့မည်။ ထို့ကြောင့် မနက်မှ အဖြေထွက်လာမည့် Blood Film (သွေးဖလင်မှန်ပြားစစ်ဆေးချက်)ကို မစောင့်တော့ဘဲ ငှက်ဖျားဆေးတွေကို လူနာ





အား On လိုက်သည်။ ဆေးရုံမှာရှိသည့်ဆေးကို ထိုးပေးပြီး မရှိသည့် Artemethar နှင့် Mefloquine ဆေးများကို ဝယ်ခိုင်းလိုက်သည်။ လူနာရှင်လည်း အလာတုန်းက ကားနှင့်ပင် ဆေးဝယ်ရန် ထွက်သွားသည်။

ကုန်သွားသော ဖယောင်းတိုင်ကို ထပ်ထွန်းရင်း နာရီကြည့်တော့ ည(၁၁:၀၀)နာရီ။ အမျိုးသားဆောင်က ကျွန်မတို့ တာဝန်ကျရာ အခန်းဝသည်ရှိသည့် အမျိုးသမီးဆောင်နှင့် ယှဉ်လျက်မို့ ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။ ဖယောင်းတိုင်မီးရောင်လေးတွေ ဟိုတစ်ပွင့်ဒီတစ်ပွင့်နှင့်၊ စောစောက လူနာ့ သားမှာတော့ အိမ်သားတွေ၊ မိတ်ဆွေသူငယ်ချင်းတွေ ဝိုင်းအုံနေသည။ အားလုံး အမျိုးသားတွေချည်း ဖြစ်သည်။ ကျွန်မတို့ စမ်းသပ်၊ ဆေးထိုး၊ သွေးဖောက်၊ ဆေးသွင်း ပြုလုပ်နေကကတည်းကလည်း ထို လူအုပ်ဝိုင်းအုံနေသည်ကို တစ်ချိန်လုံးဖယ်ခိုင်းပြီး ရှောင်ရှားလုပ်ရခြင်းဖြစ်သည်။ အန့်ကလေးတွေကလည်း ပါသည်။ 'သယ်ရင်း...သယ်ရင်း'ဆိုတာတွေကိုလည်း ထပ်ကာ ထပ်ကာ ပြောကာ အားပေးကြသည်။ အားပေးသည့်သူတွေကိုယ်တိုင်က အာလေးနေကြရာ သူတို့သူငယ်ချင်းမှာ မီးပျက်နေသော ဆေးရုံပေါ်ဝယ် ဝေဒနာခံစားရင်း အားကတော့ သိပ်ရှိလာမည်မဟုတ်ဟု ကျွန်မတွေးရင်း ကုလားထိုင်မှာ ပြန်ထိုင်လိုက်သည်။

"ဒေါက်တာ...ဝင်ခွင့်ပြုပါခင်ဗျာ"

ကျွန်မ ခေါင်းဆတ်ညိတ်ပြတော့ ထိုလူ စားပွဲရှေ့ကခုံမှာ ဝင်ထိုင်သည်။ ပြီးမှ'ထိုင်မယ်နော်'ဟု ပြောလိုက်၏။ မျက်ခွံက တစ်ဝက်ပွင့်သဖြင့် မျက်ခုံးကိုမြှင့်ကာ အားယူ၍ မနည်းပင့်ထားရင်းမှ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ရှေ့သို့ကိုင်းပြီး ခပ်တိုးတိုးပြောသည်။ ကျွန်မ အသက်အောင့်ထားရ၏။

'ဒေါက်တာ...ကျော့် ညီလေးက ခုထိ အဖျားမကျသေးဘူး၊ အဖျားကျအောင်လုပ်ပေးပါ...ဒေါက်တာ...ကျော်က XXX ဌာနက အရာရှိပါ'

'သြော်...ဟုတ်ကဲ့...နည်းနည်းတော့ သည်းခံပါ၊ ကျွန်မ ဆေးထိုးပေးထားပါတယ်၊ ခဏနေ အဖျားကျသွားမှာပါ'

'ဟုတ်ကဲ့...ဒေါက်တာ ကျော့်ကို ခွင့်ပြုပါဦး'

သူပြန်ထွက်သွားမှ ကျွန်မ အသက်ဝ,ဝ,ရှူရတော့သည်။ ဒုက္ခ...တကျော်,ကျော်,နှင့် သူ့ကိုယ်သူပြောနေသော ပုဂ္ဂိုလ်မှာ အာလည်းအတော်'လေး'နေသည်မို့ 'ကျွန်တော်'ဆိုသည်ကိုပင် မပီတော့ဘဲဖြစ်ကာ လမ်းကိုလည်း ဒယိမ်းဒယိုင် စိုက်စိုက် နိုက်စိုက်နှင့် လျှောက်ပြီး ပြန်သွားတော့သည်။

တော်ကြာနေ တစ်ယောက်က (ဘာကျွေးလို့ရလဲ) လာမေးသည်။ တော်ကြာနေ တစ်ယောက်က (ကော်ဖီတိုက်လိုက်တာ အန်ပစ်လိုက်လို့)ဟု လာပြောသည်။ တော်ကြာနေ တစ်ယောက်က (စိုးရိမ်ရလား) လာမေးပြန်သည်။

တစ်ခါနှင့်တစ်ခါ လူမထပ်စေရ။ မျက်နှာပေါင်းစုံကို ထိုင်ကြည့်ပြီး သူတို့မေးခွန်းတွေကို စောင့်ဖြေနေရဆဲ။ ဆရာမကတော့ (ဆေးမကျလို့) (လက်ယောင်ပြီး ဖောင်းလာလို့)စသော ကိစ္စတွေနှင့် အပိုဆောင်း နှစ်ခေါက်ပြေးလိုက်ရသည်။ ဆရာမနှင့်အတူ သန့်ရှင်းရေးမိန်းကလေးကလည်း အဖော်အဖြစ် အတူသွား အတူပြန် ယှဉ်တွဲ





လိုက်ပါရသည်။

'ဆရာရေ...ဒီနေ့ညတော့ တန်သွားပြီ။ မီးကလည်း ခုထိ မလာသေး'စိတ်ပျက်လက်ပျက်နှင့် ညည်းတွားလိုက်သော သန်းသန်းအေးကို ထောက်ခံသလို ကျွန်မနှင့် သူနာပြုဆရာမ မနှင်း (ဒေါ်ခင်မြတ်နှင်း)တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မချိပြုံးကလေးတွေ ပြုံးလိုက်ကြသည်။

ဒါတောင် သူတို့နှစ်ယောက်သည် စိတ်ရှည်သော၊ ဆက်ဆံရေးကောင်းသော၊ ဝန်ထမ်းအုပ်စုထဲတွင် ထိပ်ဆုံးမှ ပါဝင်ကြသူများဖြစ်သဖြင့် ဘယ်နှစ်ကြိမ်လာခေါ်ခေါ် ထ,လိုက်သွားပြီး လိုအပ်တာ လုပ်ပေးခဲ့သည်ချည်းပင်။

'ဒေါက်တာ...လက်ကွဲသွားလို့ လုပ်ပါဦး'

ဟော...လူနာအသစ်လာပြန်ပြီ။ သွေးတွေရွှဲနစ်နေသော လက်တစ်ဖက်ကို ကျန်လက်တစ်ဖက်ဖြင့် ဖိကိုင်ရင်း ဂျူတီခန်းထဲ ဝင်လာသဖြင့် အရက်ပျံဆွတ်ထားသော ဂွမ်းနှင့် သုတ်သင် ဖိကပ်ထားစေပြီး ကွဲသွားသောဒဏ်ရာကို ပြန်ချုပ်ရန် အမျိုးသားဆောင်ထိပ်ရှိ အသေးစား ခွဲစိတ်ခန်းဆီသို့ ကျွန်မတို့ တပ်ချီရပြန်သည်။ ဒီတစ်ခါတော့ အရေးပေါ်မီးအိမ်ကလေးပါ ယူခဲ့သည်။ လမ်းမှာ မေးရ၏။ အဖော်က ဖြေသည်။

"ကျပြမ်ဟာလဲ...ရန်ဖြစ်တာလား"

"မဟုတ်ပါဘူး၊ မှောင်ကြီးထဲမှာ ချော်လဲလို့ လက်ထောက်လိုက်တာတဲ့"

"ဘယ်လောက်ကြာပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကြာဘူးဗျ၊ ခုပဲ…အဲဟိုနားမှာ ဘာတွေလဲမသိဘူး နင်းမိပြီး ချော်လဲတာ"

လူနာက ပြောပြောဆိုဆို အမျိုးသားဆောင်အဝက အကွေ့နားသို့ လက်ညှိုးညွှန်ပြသည်။ ကျွန်မ မျက်စိလည်သွားသည်။

'နေပါဦး…ရှင်က အခုမှ အပြင်ကဝင်လာတဲ့လူနာမဟုတ်ဘူးလား'

'မဟုတ်ပါဘူးဒေါက်တာ၊ ဟို ငှက်ဖျားလူနာကို လိုက်ပို့ရင်းနဲ့ ဖြစ်တာ'

ပြောပြောဆိုဆို သူပြရာနေရာကြည့်တော့ ချဉ်စူးစူးအနံ့နှင့်အတူ အန်ဖတ်များပြန့်ကျဲနေကာ ချော်လဲထားသောအရာများကိုလည်း မီးရောင် မှိန်ဝါးဝါးအောက်တွင် တွေ့လိုက်ရသည်။

'ဟဲ့…ဒါ ဘာတွေတုန်း…သန့်သန့်အေး…ကိုဝင်းသိန်း ခေါ်စမ်း' အားလုံး ဝိုင်းကြည့်ပြီး တစ်ယောက်တစ်ပေါက် မေးကြပြောကြတော့မှ သူတို့ 'ယောက်ယက်ခတ်အဖွဲ့'ထဲမှ အမှုသမားတစ်ယောက်က အန်သွားပြီး ထိုကိစ္စကိုလည်း ဘယ်သူမှလာမပြော၊ သန့်ရှင်းအောင်လည်း မလုပ်ခဲ့ကြဘဲ ဆရာမတွေသိလျှင် ဆေးထိုးမှာစိုးလို့ဟုဆိုကာ အန်သည့်ပုဂ္ဂိုလ်က ပြန်သွားပြီဟု အဖြေထွက်သည်။

သမ်တလင်းမှာ အန်ဖတ်တွေ ပြန့်ကျဲကျန်သည့်ကိစ္စကို တာဝန်မဲ့ လုပ်သွားသဖြင့် ကျွန်မ ဒေါသထွက်သွားသည်။ ပါက ပ်ါသို အလုပ်သမားတွေ၊ လုံခြုံရေးတွေကို ရေရနိုင်မည့်နေရာလေး မေး၊ တံမြက်စည်းလှည်းကျင်းပစ်ခဲ့ဖို့ကောင်းသည်။ ကိုယ်မလုပ်နိုင်လျှင်၊ မလုပ်ချင်လျှင် (ညီလေးရေ)ဆိုပြီး အကူအညီတောင်းလျှင် မုန့်ဖိုး၊ ဆေးလိပ်ဖိုး





လောက်နှင့် သည်ကိစ္စက ပြီးသွားမှာ။ ဒါကို မသိကျိုးကျွံပြုသွားရအောင် မြေကြီးမဟုတ်။ သမ်တလင်း။ ထိုလူ လဲလိုက်သလို ဆရာမ ဆေးပုလင်းတွေ၊ အပ်တွေနှင့် လဲခဲ့သော် အန္တရာယ်မရှိနိုင်ပေဘူးလား။ ဒီလောက် အခေါက်ခေါက် အခါခါသွားနေတာ။

လက်ကွဲသည့်လူနာကို ချုပ်ပေးပြီး ဆေးထိုး၊ ဆေးပေးလိုက်ကာ ငှက်ဖျားလူနာကို တစ်ခေါက်သွားကြည့်သည်။

လူနာက မှိန်းနေသည်။ ဆေးက ပုလင်း၏ သုံးပုံတစ်ပုံ မှတ်ထားသော ပလပ်စတာအမှတ်နားရောက်နေပြီမို့ ဖြုတ်ထားဖို့ ပြောလိုက်သည်။ Quinine drip က (၈)နာရီခြား သွင်းရမှာမို့ မနက် (၇)နာရီမှ ကျန်ဆေးကို ဆက်သွင်းရမည်။

"ဒေါက်တာ…အဖျားကျရင် ပြန်လို့ရပြီလား"

"ဘယ်လို"

ကျွန်မ အကျယ်ကြီးအော်လိုက်မိသည်။ စိတ်ကလည်း တိုနေသည့်အချိန်မှာ ဒီလိုမေးခွန်းအတွက် သည်းမခံနိုင်လောက်အောင် ဖြစ်သွား၏။

"ရှင်တို့လူနာ ဆေးရုံတင်ထားတာလေ"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒါပေမယ့် သူ့ကို စောင့်မယ့်သူ မရှိဘူး။ ကျွန်တော်တို့ကလည်း မနက်ကို ရုံးတက်ရမှာ။ သူ့အိမ်ကလည်း ပူယမှာ။ အခု အဖျားကျပြီး သက်သာသွားပြီပဲ။ ကျွန်တော်တို့ တစ်ခါတည်း ပြန်ခေါ်သွားလိုက်တော့မယ်"

ကျွန်မ သက်ပြင်းရှိုက်ပြီး စိတ်ကို အတတ်နိုင်ဆုံး (ဆောင့်ဆဲ…) ဆန့်ပစ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငှက်ဖျားရောဂါဆိုတာ ဒီလိုပဲ အဖျားကျသွားတတ်တာပဲ။ ပြီးတော့ နောက်တစ်နေ့ ဒီအချိန် ဒီလိုပဲ အသည်းအသန် ပြန်တက်မယ်၊ မကုရင် ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်တာတို့ သွေးအားအရမ်းနည်းသွားတာတို့ဖြစ်ရင် ပိုကုရခက်တယ်။ အခု ကျွန်မတို့ သူ့ကို ဆေးသွင်းပေးထားတယ်။ မနက်နဲ့ နေ့လည်ကို နာရီအလိုက် သွင်းပေးသွားမယ်။ ဆေးလည်းထိုးမယ်၊ ကျွေးမယ်။ မနက်ကျလို့ သွေးအဖြေရရင် လိုအပ်တာ ထပ်လုပ်ပေးမယ်။ အစောင့်မရှိရင်လည်း ဒီမှာ ဆေးခုတင်က အစောင့်တွေ ဝိုင်းကြည့်ပေးလို့ရတယ်။ လုံခြုံရေးဝန်ထမ်းလည်း ရှိတယ်။ သူ့ကို အပ်ခဲ့။ ရောဂါက စမ်းသပ်စစ်ဆေးတုန်း၊ ဆေးပတ်လည်း မလည်သေးဘူး။ ကျွန်မ ဆင်းခွင့်မပြုနိုင်ဘူးနော်”

ခပ်ဆတ်ဆတ်ပြောပြီး တာဝန်ခန်း ပြန်လာခဲ့သည်။

လူတွေများပြီး ရက်ရက်သဲသဲနှင့် လုပ်နေကြပြီး စောင့်မည့်သူကျတော့ တစ်ယောက်မှမရှိဘူးတဲ့လေ။ xxx ဌာနကြီးဆိုတာကလည်း တစ်ခွန်းကျော်လောက်မှာပါသည်။ အဲဒါ ဘာလုပ်ရမှာလဲဟု ကျွန်မ စိတ်ဆေါက်ပေါက်နှင့် တွေးနေမိသည်။

ခဏပဲကြာမည်။ ကိုဝင်းသိန်းရောက်လာပြီး သတင်းပို့၏။

‘ဆရာ...ပစ္စည်းတွေ အကုန်သိမ်းပြီး လူနာကိုပါ ကားပေါ် တွဲတင်နေပြီ’

‘ဟောတော့...ဟဲ့...သွားသွား၊ သန်းသန်းအေး ၊ လူနာမှတ်တမ်းဘုတ် (Chart Board)ယူသွားစမ်း၊ လက်မှတ်ထိုးသွားလို့ပြော၊ မြန်မြန်ပြေး၊ မမီဘဲနေဦးမယ်။ ဘယ်လို ပရမ်းပတာတွေလဲမသိဘူး”

လှမ်းကြည့်တော့ အုပ်စုလိုက်ကြီး မည်းမည်း၊ညည်းမည်းနှင့် အပေါက်ဝ





သို့ ရွေ့လျားနေကြပြီ။ သန်းသန်းအေး ရောက်သွားသည်၊ စကားခဏပြောသည်။ ပြန်လာသည်။

“ဆရာ...သူတို့ကပြောတယ်၊ တက်တုန်းက လက်မှတ်မထိုးရလို့ ဆင်းတော့လည်း ထိုးစရာမလိုဘူးတဲ့” ...။

ကောင်းရော။

ထိုခဏချင်းမှာပင် သာကေတဆေးရုံမှသည် ‘သာလာယံဇရပ်’ဟု အမည်ပြောင်းလိုက်လေသတည်း။

**အောက်တိုဘာလ၊ ၂၀၀၂။**

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်
ကမောက်ကမများစွာ

# ပြန်လမ်းမရှိသော ဓာတ်ဘူးများ

www.burmeseclassic.com

www.burmeseclassic.com




## ပြန်လမ်းမရှိသော စာတ်ဘူးများ

ကျွန်မပြောခဲ့သလိုပင် ဆေးရုံကား ဇရပ်လိုပင် ဝင်ချင်ဝင်၊ ထွက်ချင်ထွက်၊ လွတ်လပ်စွာပြုမူနိုင်သောကြောင့် တချို့လူနာတွေဆို မဆင်းဘဲ အကြာကြီးတက်နေကြသည်။

များသောအားဖြင့်တော့ ဆေးရုံကို ဘယ်သူမှ မတက်ချင်၊ မလာချင်။ တတ်နိုင်လျှင် မပတ်သက်ရလေ ကောင်းလေ သဘောထားကြသည်။

သို့သော်လည်း အိမ်မှာထက် မိုးလုံလေလုံ၊ အိမ်သာ ရေရေရာရာရှိသော၊ အနည်းဆုံး ဆရာဝန်တစ်နေ့တစ်ခေါက်လာကြည့်၍ ဆရာမတွေ တစ်နေ့နှစ်ခေါက် ဆေးတိုက်သော၊ နားအေး ပါးအေး နေရသော ဆေးရုံတွင် တစ်လကိုးသီတင်း တက်နေပြီး ခုတင်ကျပ်၍ အတင်းချော့မော့ဆင်းခိုင်းရသော လူနာတွေလည်း ရှိပြန်ပါသည်။

'အိမ်ရောက်ရင် ပြန်ဖြစ်လို့ ဆေးလည်းမှန်မှန်ကုရလို့'ဆိုသော လူနာမျိုးတွေ (အများအားဖြင့် ဇရာအိုိ အဘိုးအဘွားများ)ကို သနားသောအားဖြင့် ကာလကြာရှည်စွာ ဆေးရုံဉာက်ခွင့် ပြုထားကြပါသည်။

သည်တော့ သူတို့က ဆေးရုံတွင် အိမ်လုပ်နေကြသည်။ အမယ်

www.burmeseclassic.com



..တချို့ ဘုရားပွဲတော် ပန်းချီကားတွေဘာတွေ ခေါင်းရင်းချိတ်လို့။ တချို့လည်း ဟိုဘက်ခုတင်၊ ဒီဘက်ခုတင် ပေါင်းပြီး သန်းရှာ သန်းတုပ် ဆံပင်ဖြီးနေတတ်လို့။

အိမ်ကလာပို့တော့လည်း စား၊ လာမပို့တော့လည်း ရှိသည့်ပိုက်ဆံလေးထုတ်ပြီး ဝယ်စားနှင့်နေကြသည်။

အချင်းချင်း ရိုင်းပင်းတတ်သော မြန်မာလူမျိုးတို့၏ စိတ်ဓာတ်နှင့် မြန်မာလူမျိုးများမှာလည်း နေသားကျနေကြပြီဖြစ်ရာ ဒီဘက်ခုတင်က လူနာစောင့်က ဟိုဘက်ခုတင်ကလူနာကို ခင်မင်ရင်းစွဲနှင့် ပြုစုသည်မျိုး၊ သည်ဘက်ခုတင်က ဟိုဘက်ခုတင်ကို ဟင်းပေးသည်မျိုး၊ ထမင်းမလောက်၍ မျှစားသည်မျိုးများက ချစ်စရာ ခင်မင်စရာ စရိုက်ကလေးများပါပင်။

မြန်မာတွေဟာ အမြဲတမ်း သူတစ်ပါးကို ကူညီချင်နေတာဟု နိုင်ငံခြားသားများ ကောက်ချက်ချရလောက်အောင်ပင် စေတနာ ထက်သန်ကြသည်။ လိပ်စာမသိလျှင် အားတက်သရော ညွှန်ပြချင်သည်။ တချို့ ကိုယ်ညွှန်ရာ လွဲချော်မှာစိုးသဖြင့် ကိုယ်တိုင် အိမ်တိုင်ရာရောက်လိုက်ပို့ကြသည်။ သူတစ်ပါးကို ကူညီသလို သူတစ်ပါးကိုလည်း ကိုယ့်စိတ်နှင့်နှိုင်းကာ ယုံလွယ်သည်။ ကိုယ့်လိုပင် အရိုးခံနှင့် ကူညီသည်ဟု ယုံမှတ်တတ်ကြသည်။

သည်မှာပင် ခြေထောက်မပါ၊ တောင်ပံမပေါက်ဘဲ ပျံသွားကြသော ဓာတ်ဘူးကလေးများကိစ္စ ဖြစ်ပွားသွားခဲ့တော့သည်။

လူနာတွေထဲဖြစ်သောကိစ္စလည်း ကျွန်မက ဟွင်တွင်ကျယ်ကျယ် သိချင် သိရတတ်သည်။ ခုလည်း ကြည့်ဦး။ ထောင့်ခုတင်က အမေ





ကြီးသည် ဆေးတောင့်များကို မသောက်ဘဲ အမြဲချန်ထားသည်ဟု တစ်ယောက်က သတင်းလာပို့သည်နှင့် 'ဝုန်း'ဆို ထ,ကာ အဲဒီအမေကြီးနား ရောက်၍သွားသည်။

'အမေကြီး စားပြီးပြီလား၊ ဆေးတွေရော သောက်ပြီးပြီလား'ဟု သွားလုပ်သည်။ အမေကြီးကလည်း 'ဟုတ်ကဲ့'ချည်း ဖြေသည်။ ကျွန်မက မေးမေး,ပြောပြောနှင့် သူ့ခုတင်ဘေးက ဗီရိုပုလေးပေါ် မျက်စိကစားသည်။ လက်ကလည်း ချိုင့်တွေ၊ ပန်းကန်တွေ ဖွင့်,ကြည့်၊ မ,ကြည့်ပြီး ပါးစပ်က (ဘာဟင်းတွေနဲ့စားလဲ) ဘာညာမေးသည်။ ဗီရိုတံခါးဖွင့်ရှာသည်။ မသင်္ကာစရာ မတွေ့သဖြင့် ပြန်ပိတ်ပြီး ကျွန်မလာမှ လုံအိပ်လိုက်သော အမေကြီး၏ခေါင်းအုံးကို အသာဆွဲ,မလှန်ပြီး ငုံ့ကြည့်လိုက်သည်။

တွေ့ပါပြီ။ Ampicillin ဆေးတောင့် သပြေညိုရောင်တွေ၊ အားလုံး (၈)တောင့်တိတိ။ ကျွန်မ နိုက်ထုတ်ယူလိုက်ပြီး လက်ဖဝါးထဲတွင် ဖြန့်၍ သူ့မျက်နှာရှေ့ ထိုးပြလိုက်သည်။

"အမေကြီး...ဒါ ဘာတွေလဲ"

သူ ချက်ချင်းမဖြေ၊ ခေတ္တ နှုတ်ဆိတ်နေသေးသည်။ ပြီးမှ...

"အမေ...အဲဒါတွေ မျိုချလို့မရဘူး ဆရာမရဲ့"

"ဩော်...အမေရယ်...မရ,ရင် ကျွန်မကို ပြောပါလား၊ ရေလေးနဲ့ မျောချကြည့်ပါဦး၊ ဝင်သွားမှာပါနော်"

"အမေက ဆေးသောက်ရင် ရေနွေးနဲ့သောက်တာ၊ ရေနွေးသွားဝယ်နေလို့ ရောက်လာရင် သောက်မယ်နော်"

အဘွားကြီးက တောင်းပန်သလိုပြောနေသဖြင့် ကျွန်မ သနား



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"ဟုတ်ပြီ၊ အင်မကြီးရောဂါနဲ့ ဒီဆေးနဲ့ သိပ်တည့်တာ၊ သေချာ သောက်ပါ။ ဒီဆေးက အကောင်းစား၊ တစ်တောင့်ကို (၁၅)ကျပ် လောက်ရှိတယ်"

ဆိုတော့ အဘွားကြီးက ခေါင်းညိတ်ကာ'ရေနွေးဝယ်တာလည်း ကြာလိုက်တာအေ'ဆိုပြီး အဆောင်အဝင်ဝကို မျှော်ကြည့်နေသည်။

ကျွန်မနှင့် အမေကြီးပြောသမျှ နားစွင့် ငေးမောနေကြသော ကျွန် ခုတင်များက ခုမှ အသံထွက်လာကြသည်။

"ဟုတ်ပါ့...ဟိုကောင်မလေး ရေနွေးသွားဝယ်တာ ကြာလှချည် လား၊ ဒီထိပ်က ကျော်ကြီးလက်ဖက်ရည်ဆိုင်သွားတာ ဒီလောက် ကြာရလား"

"ဟိုအစ်မကြီးရဲ့ အစောင့်မဟုတ်လား၊ မေးကြည့်ပါဦး"

"အစ်မကြီး၊ အစ်မကြီး ကုမ,မဟုတ်လား၊ ရေနွေးသွားဝယ်တာ"

သူတို့မေးရာ (၃)ခုတင်ကျော်က လူနာအမျိုးသမီးကို ကျွန်မ လှမ်း ကြည့်လိုက်တော့ သူက မျက်လုံးပြူးလျက် ခေါင်းခါကာ–

"အို...မဟုတ်ပါဘူး၊ ရှင့်အစောင့်ဆို"

"ဟာ...ကြံကြံဖန်ဖန် အစ်မကြီးနဲ့ တစ်မနက်လုံး စကားပြောနေ တာကို"

"အဲဒါ သူက စကားလာပြောနေလို့ ကျုပ်က ပြန်ပြောရတာ ပါတော်၊ ပြီးတော့ ရေနွေးတို့ ကော်ဖီတို့ မှာချင်မှာလိုက်ဆိုလို့ ဓာတ်ဘူးပေးလိုက်တာရော"

"ဟင်...ကျွန်မလည်း သူ လက်ဖက်ရည်သွားဝယ်မလို့ မှာဦး





မလားဆိုလို့ ပိုက်ဆံပေးလိုက်တယ်"

"ဟောတော့...ဟုတ်လား...ဟုတ်လား...ကျွန်မလည်း ဓာတ် ဘူးနဲ့ ရေနွေးဖိုး ပေးလိုက်တယ်"

"ကျုပ်လည်း လာမေးသေးတယ်။ ကျုပ်က မနက်က သားက လာပို့သွားလို့ မဝယ်တော့ဘူးပြောတော့ အဲဒါဆို ခြင်းတောင်းလေး ခဏငှားပါ၊ ဟိုဘက်ကလည်း ဝိုင်းမှာတော့ ဓာတ်ဘူးတွေ မနိုင်တော့ လို့ လွတ်ကျမှာစိုးလို့ ခြင်းတောင်းထဲ ထည့်ယူသွားချင်လို့၊ အပြန်ကျ ပြန်ပေးပါ့မယ်ဆိုပြီး ယူသွားတာပဲ"

ကျွန်မမှာ သူတို့တွေ တစ်ယောက်တစ်ပေါက်ပြောတာကို ပတ်ချာ လည်အောင် လိုက်ကြည့် နားထောင်ရင်း သဘောပေါက်လေပြီ။

"ကဲ...အဲဒါ ဘယ်အချိန်လောက်ကလဲ"ဟု ကျွန်မ ဖြတ်မေး လိုက်တော့ အားလုံးက 'နာရီဝက်လောက်ဆော့ရှိပြီ"ဟု ဖြေကြသည်။ 'ဒါဆိုရင်တော့ ရှင်တို့ ရေစက်သာချလိုက်တော့...အကုန်လုံး ပါသွား ပြီပဲ"ဟုပဲ ပြောလိုက်ရတော့သည်။ လူနာတွေ ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်ကုန်ကြ သည်။ တချို့လည်း ဆေးရုံထိပ်မှာ သွားစုံစမ်းထောက်လှမ်းရန် ထွက်သွားသည်။

မျက်နှာကို မှတ်မိသေးတယ်၊ အင်္ကျီက အနီကွက်၊ လုံချည်က အနက်၊ ဆံပင် ယောဒီလောက်လောက်...စသဖြင့် တစ်ယောက် တစ် မျိုး ပြောနေကြတော့၏။ နောက်တစ်ခါတွေ့ရင်တော့ ပါးဆွဲတီးပစ် လိုက်မယ် ဆိုတဲ့သူကဆိုသည်။

အဲဒီ နောက်တစ်ခါက နောက်(၆)လလောက်မှဆို ဘယ့်နှယ်လုပ် ပါ့။ ဟိုအလစ်သုတ်သမားကရော သူတို့ရှိရာ ဆေးရုံသို့ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



နင့်ပင် ခြေဦးလှည့်တော့မည်မဟုတ်သည်မှာ ဗေဒင်မေးရန် မလို၊ သေချာလှသည်။

အကွက်ချပြီး စီစဉ်ကာ ပိပိရိရိလုပ်သွားခြင်းဖြစ်သည်။ သူတို့ပြောစကားအရ မနေ့ကလည်း ညေ့ပြန်ချိန်မှ မိုးချုပ်သည်အထိ တစ်ညနေလုံး ရှိနေခဲ့သည့် ထိုမိန်းကလေးသည် ခုတင်ပေါက်စေ့ လိုက်စကားပြောနေရုံမက လူနာစောင့်မလာသော အမေကြီးကိုပင် ဇက်ကြောဆွဲပေးနေခဲ့သေးသည်တဲ့။

ဟိုခုတင်ကလိုလို ဒီခုတင်ကလိုလိုမို့ ဘယ်သူမှလည်း အတိအကျမမေးဘဲ သူတို့နှင့် တီဗီဇာတ်လမ်းထဲက တရုတ်ကားတွေအကြောင်းပင် ရယ်ရယ်မောမော ပြောနေခဲ့သေးသည်တဲ့။ လက်စသတ်တော့ သူက မနေ့ကတည်းက လုပ်ငန်းခွင်ဝင်နေခဲ့ပြီး ဒီကလူနာတွေ၏အနေအထားကို လာရောက် စုံစမ်းထောက်လှမ်းနေခဲ့သည်ကိုး။ အခုမနက်တော့ တစ်ချက်တည်းနှင့် အပိုင်ရိုက်ချသွားပြီ။

ယုံမိသူများမှာ အထိနာလှသည်။

ကိုယ့်လိုပဲ ကူညီလိုသူမှတ်၍ ဝိုင်းအုံဆွမ်းကြီးလောင်းလိုက်ကြသည်မှာ ဓာတ်ဘူးတွေရော၊ ပိုက်ဆံတွေရော၊ ဟော...ခြင်းတောင်းကြီးတောင် အဆစ်ပါသွားသေး။ သူတို့၏လှူကြွသည် လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်သော်လည်း ဆိုင်ထဲမဝင်ဘဲ ခပ်သုတ်သုတ်ဖြတ်၍ ကားဂိတ်သို့ အရောက်ပြေးကာ မီရာကားကို မဆိုင်းတက်စီးလျက် ကသုတ်ကရက် ထွက်ခွာသွားခဲ့သည်မှာ လွန်ခဲ့သည့် နာရီဝက်လောက်ကတည်းကဆိုတာ အားလုံး ခုမှ သဘောပေါက်ကာ တောက်...တခေါက်ခေါက် ရှိနေကြတော့သည်။





ပါသွားတာမှ တစ်ယောက်နှစ်ယောက်တောင်မက။ တစ်ဆောင်လုံးဆိုသလို။ ဒီအကြောင်းကို ဆရာမ ခင်သန်းဦး (မဦး) သိတော့ သူတို့ဆရာမများလိုင်းခန်း တစ်လိုင်းလုံး ခံရပုံကို ပြောပြသည်။

ပြီးခဲ့သောလက ဆေးရုံတက်သော လူနာအိမ်က အလှူလုပ်၍ဟုဆိုကာ အုန်းနို့ခေါက်ဆွဲ လာပို့သည်တဲ့။ လူနာက များတော့ ဆရာမတွေကလည်း မမှတ်မိ။ မုန့်ပဲလာပို့နေမှတော့ လှယ်ယူထားလိုက်ရုံသာ ရှိတော့သည်ကိုး။

လာပို့သူက မိန်းမတစ်ယောက်၊ ယောကျ်ားလေး တစ်ယောက်။ သူတို့အပြောက မုန့်တွေချက်ထားတာ အများကြီး၊ ထည့်စရာမရှိ၍ ဒီချိုင့်အသေးလေးနဲ့သာ ထည့် ာရသည်၊ ဆရာမတွေရော၊ လူနာတွေရောကို ကျွေးချင်သည်။ ထည့်စရာရှိရင် ပေးလိုက်ပါ၊ ဒီချိုင့်လေးလည်း ထားခဲ့ဦးမည်၊ ပြန်လာမှယူတော့မည်၊ လှယ်ထားလိုက်ပါဟုဆိုသည်။

ဆေးရုံပဲ၊ ထည့်စရာ ချိုင့်တွေခွက်တွေ ကြီးကြီးမားမား ဘယ်ရှိပါ့မလဲ။ ဒီတော့ အိမ်မှာရှိသည့်ချိုင့်တွေကို သတိရကြသည်။

ကဲ...တစ်ယောက် လိုင်းခန်းသွား၊ ငါ့အိမ်က ချိုင့်သွားယူချေပေါ့။ အလုပ်သမားကိုလွှတ်တော့ သူတို့(အလှူရှင်/လူနာရှင်) နှစ်ယောက်က လိုက်ယူ၊ ဆရာမကြီးအိမ်က ငါးဆင့်ချိုင့်ကြီးထုတ်ပေး၊ ဆရာမတွေအိမ်က ချိုင့်တွေပါပေးလိုက်၊ မုန့်တွေက အများကြီးချက်ထားတာ၊ ကျွေးချင်လွန်းလို့ဆိုတော့ သူတောင်ပေးသေးတာ ငါတို့ချိုင့်လည်း ထည့်ပေးဦးမှဆိုပြီး ဆရာမတွေကလည်း ထုတ်ပေးကြ၊ တစ်အိမ်ဆို မုန့်ပီရိုထဲက ချိုင့်(၃)(၄)လုံးထဲက ကြီးသည့်ချိုင့်ကို သူတို့ လက်



www.burmeseclassic.com

www.burmeseclassic.com



ညှိုးထိုး ရွေးသွားကြ၏။

စားမလို့ မျှော်နေလိုက်ကြသည်မှာ နေ့လယ်မှသည်၊ ညနေတိုင် သွားတော့သည်။ မုန့်လည်းမပေါ်လာ၊ ချိုင့်တွေလည်း ပြန်မရောက်။ သူတို့မုန့်ထည့်ယူလာပြီး ထားသွားသော ကြွေရည်သုတ် ချိုင့်စုတ် ကလေးကိုလည်း ပြန်လာမယူကြတော့။

အဲဒီတော့မှ 'နပ်'သွားပြီမှန်း သိကြကာ သူ့မျက်နှာ ငါကြည့်၊ ငါ့မျက်နှာ သူကြည့် ရက်ရက်နှင့် ရယ်ကြတော့သည်။

ဆေးရုံဆရာမတွေကို လူနာတွေက ကျေးဇူးဆပ်ချင်နေသော ဟန်ဖမ်း၍ လူနာဖြစ်ဖူးပုံမရသော လူညစ်များက နိုပ်စက်သွားခြင်း သာတည်း။ ။

နိဝင်ဘာလ၊ ၂၀၀၂။

❀ ❀ ❀



ဒေါက်တာလှမင်း
ဆရာဝန်တစ်ယောက်နှင့်
ကမောက်ကမများစွာ

# ဟဲလို . . . ဗဒန်းကလား

www.burmeseclassic.com

www.burmeseclassic.com



# ဟဲလို...စခန်းကလား

**ကျွန်**မတို့ ဆေးရုံစ,ဆောက်တုန်းက မြို့နယ်သူမြို့နယ်သားတွေ ကိုယ်ထူကိုယ်ထ ဆောက်ခဲ့ရသည်ဟု ဆိုသည်။

အဲသည်နောက် ဆေးရုံအဆောက်အအုံ အကောင်အထည် ပေါ်လာတော့ ဆရာဝန် ဆရာမများ ကို ဆေးရုံကြီးကြပ်ရေးကော်မတီက ငှားရမ်းကာ ဆေးရုံဖွင့်လှစ် ကုသခဲ့ကြသည်တဲ့။ ကိုယ်ထူကိုယ်ထ သားဖွားဆေးရုံဟု တွင်သည်။

ပြည်သူလူထုကိုယ်တိုင် မြေကြီးပေါက်၊ မြက်ရှင်း၊ အုတ်သယ်၊ ဆေးသုတ် လုပ်ခဲ့ကြသော ဆေးရုံမို့ အားလုံးက သက်ဆိုင်ရင်းနှီးနေကြလေသည်။

ကာလကြာလာတော့ သားဖွားဆေးရုံမှသည် တိုက်နယ်ဆေးရုံအဆင့်၊ ၎င်းနောက် (၂၅)ခုတင်ဆန့် အထွေထွေရောဂါကု မြို့နယ်ဆေးရုံ အဆင့်အဖြစ်မြှင့်ကာ ဝန်ထမ်းများကိုလည်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ချထားတော့ နားလည်မှုတွေ လွဲကုန်သည်။

အနယ်နယ်လှည့်လာသော ဝန်ထမ်းများက အခြားဆေးရုံများမှာလိုပင် အလုပ်ဆင်း၍ တာဝန်ကို ထမ်းဆောင်ကြသည်။

ဆေးရုံသို့ သံဆန်ခါလှူထားသော၊ မီးချောင်းလှူထားသော၊ ရေအိုး



www.burmeseclassic.com

www.burmeseclassic.com



စင် လှူထားသော အလှူရှင်များနှင့် လုပ်အားပေးကုသိုလ်ရှင်များဘက်ကကျတော့ တို့တွေဆေးရုံမှာ လာလုပ်ကြသူများ၊ တို့တွေခန့်ထားသောသူများဟု မြင်သည်။ ဆေးရုံစည်းကမ်းနှင့်မညီ၍ အခြေအတင်အငြင်းအခုံဖြစ်တိုင်း ဒါ ကျုပ်တို့ဆောက်ခဲ့တဲ့ ဆေးရုံပဲ။ ဝင်ချင်ဝင်မယ် ထွက်ချင်ထွက်မယ်၊ ဒါ ကျွန်မတို့ မြက်ရှင်း၊ သစ်ပင်စိုက်ပေးထားတဲ့ ဆေးရုံပဲ၊ ကျွန်မဘေးမှာ ကျွန်မ ယောကျ်ားနဲ့ ကလေးအတူလာစောင့်လို့ မရဘူးလားဆိုတာတွေ ဖြစ်လာသည်။

တစ်ခုခုများ အဆင်မပြေဖြစ်လို့ကတော့ 'တောက်'ကျယ်ကျယ်ခတ်ကာ (အပင်ပန်းခံပြီး ဆောက်ပေးထားရတာ အလကားပဲ)ဟု ပြောသွားတတ်ကြသေးသည်။

အရေးထဲမှာ ဆေးရုံကြီးကြပ်ရေးကော်မတီက မဖျက်သိမ်းသေးဘဲ ဘယ်ဆရာဝန် ဘယ်အချိန် အလုပ်တက်သလဲ၊ ဒီနေ့ ဘယ်သူမလာဘူးလဲ စသည်ဖြင့် လာစစ်ဆေးနေသောအခါ ကျွန်မတို့မှာ အလုပ်ရှုပ်ရသည့်ကြားမှ အော်ပဲရယ်ရတော့မလိုလို အာရုံနောက်ခဲ့ကြရသေးသည်။

ညပိုင်းဆိုလည်း မီးလာလာ ပျက်ပျက် တာဝန်လက်ပတ်နှင့် အဘအိုကြီးတစ်ယောက်က တောင်ဝှေးတစ်ဖက်၊ ဓာတ်မီးတစ်ဖက်ဖြင့် ဝါ့ဒ်ထဲမှာ လှည့်လည် ဧည့်စာရင်းစစ်သေးသည်။ ဆရာမတွေ တာဝန်ခန်းထဲလာပြီး လူစုံ,မစုံ စစ်ချင်စစ်တတ်သေးရာ ဆရာမတွေက မခံနိုင်။ ဆရာဝန်ကြီးကို တိုင်ကြသည်။

နောက်တော့ ညှိနှိုင်းကြရင်း အဲသည်အဖွဲ့ ပျက်ပြယ်သည်၊ အစိုးရသို့ လွှဲပြောင်းပေးအပ်ပြီး အစိုးရမှ စီမံခန့်ခွဲအုပ်ချုပ်ကာ အစိုးရဝန်





ထမ်းများ လာရောက်တာဝန်ထမ်းဆောင်နေသော ဆေးရုံအတွက် ဤလုပ်ရပ်တွေက မလိုအပ်သော အပိုပင်ပန်းမှုများ ဆိုသည်ကို ဤအဖွဲ့သိအောင်၊ နားလည်အောင် ဆရာဝန်ကြီးခမျာ အတော်ကြိုးစားယူခဲ့ရပုံပေါ်သည်။ မကျေမနပ်အသံတချို့လည်း ကြားရသည်။ အရိုန်နှင့်မှုန်ဆန်ချင်သေသော လက္ခဏာများကိုလည်း တွေ့နေရသည်။ ဒါတွေကို မသိသေးသော ရပ်ကွက်ပြည်သူလူထုကတော့ ယခင်က အတိုင်း အရှိန်လျက် လေသံမပြောင်းလဲကြသေးပေ။

သည်လိုနှင့် တစ်ညမှာတော့…

ပြောရလျှင် ညကျမှပဲ ပြဿနာတွေကလည်း ပိုများသလားမပြောတတ်ပါပေ။ နေ့အချိန်တွင် အေးသလောက် ညဆို တစ်မျိုးမဟုတ်တစ်မျိုး ရှုပ်ထွေးတတ်သည်မှာလည်း ဆေးရုံတိုင်း၏ ထုံးစံလိုဖြစ်၍နေသည်။

ညမှာ မွေးလူနာပိုများသည်။ တစ်နေကုန် ဆွေမျိုးစုံရာနှင့် ငိုလိုက် ရယ်လိုက် နာနေခဲ့သော ဗိုက်မှာ ညကျလျှင် မွေးတော့သည်။

ဆွေမျိုးစုံရာမှ တကယ့်ဆွေမျိုးစုံရာ၊ အဖော်တွေ လူနာစောင့်တွေ အနားမှာနေခွင့်မရှိသော ဆေးရုံကြီးတွေမှာလို ခုတင်ပေါ်တွင် တစ်ယောက်တည်း အာငယ်မနေစေရ။ သာကေတဆေးရုံမှာ ယောကျ်ားရော၊ နှစ်ဖက်မိဘတွေရော၊ သူငယ်ချင်း အိမ်နီးချင်းတွေရော၊ ဘာမှအားမကိုးရဘဲ အရေးအကြောင်းဆို သူတို့ကို တက်နင်းမိမည်စိုး၍ ရှောင်နေရသော ၂ နှစ် ၃ နှစ်အရွယ် ကလေးလေးတွေရော၊ အို…လူစုံတက်စုံ ဝိုင်းအုံ အားပေခွင့်ရှိသည်။

နေ့လည်နေ့ခင်း ဆေးခန်းတွေကိုသွားပြကြ၍ ဆေးရုံရှေ့ရှင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဖြစ်နိုင်သည်။ သို့မဟုတ် နေ့လည်ပိုင်း အလုပ်သမားတွေ အလုပ်သွားနေကြ၍ လက်လုပ်လက်စားများသော သာကေတမှာ ညနေနှင့် ညပိုင်း အလုပ်သမားတွေပြန်လာမှ ပိုက်ဆံပါသည်။ တစ်နေ့လုံး ရောဂါကို တင်းခံထားရင်း ညကျမှ ဆိုက္ကားငှား၍ ဆေးရုံ/ဆေးခန်းသို့ ထွက်လာနိုင်သည်။

နေ့ခင်းက ဆေးခန်းမှာပြ၍ မသက်သာသူများ ညကျမှ ဆေးရုံသို့ ထပ်ရောက်လာတတ်သည်။

ပြီးတော့ ကျွန်မတို့ကို ဒုက္ခအပေးဆုံးသော ဖောက်သည် ပုဂ္ဂိုလ်များကလည်း ညကျမှ သောက်ကြ၊ မူးကြ၊ ရန်ဖြစ်ကြ ရိုက်ကြနှက်ကြ ဆေးရုံရောက်ကြနှင့် ညသည့် ပိုမိုသက်ဝင် လှုပ်ရှားလာသည်။

ဤသို့ဖြင့် ပျော်ရွှင်စရာကောင်းနေသော ညဂျူတီမှာ ကျွန်မ အခန်းသို့ လူနှစ်ယောက် ခွင့်တောင်း၍ ဝင်လာပါသည်။

တစ်ယောက်က လက်မောင်းတွင် လက်ပတ်အနီ ပတ်ထားသည်နှင့် ဆန့်ကျင်ဘက် အတော်မူးနေပါသည်။ 'တာဝန်မူး'ဆိုပါတော့။

ကျွန်မလည်း စိတ်ထဲက 'အင်း…တစ်မူတော့ လာပြန်ပြီ'ဟု သေချာပေါက် ကောက်ချက်ချရင်း ပုံမှန်မျက်နှာဖြင့် (ဟုတ်ကဲ့ ပြောပါ) ဟု လုပ်လိုက်ရသည်။

'ဆရာမ…ကျွန်တော်(-----)ရပ်ကွက်က ရာအိမ်မှူးပါ။ ဟိုဘက်က ကပ်လျက်ခုတင်က လူနာ အေးအေးမြင့်က ကျွန်တော့်တပည့်ရဲ့ မိန်းမပါ။ သူ့အတွက် လိုတာရှိရင်ပြောပါ ဆရာမ…အားမနာပါနဲ့'

သူက ပြောရင်း စားပွဲကို 'ဘုန်း'ဆို ပုတ်သည်။ အနားမှာ ရပ်ကြည့်နေသော သူနာပြုဆရာမနှင့် အကူမိန်းကလေးက (စားပွဲ မပုတ်





ပါနဲ့)ဟု ပြိုင်တူပြောကြသည်။ ကျွန်မက လူနာမှတ်တမ်းကို ဆွဲယူ လှန်လှောကြည့်နေသည်။

'ဩော်…အေးအေးမြင့်က နှလုံးအပေါက်ကျဉ်းတဲ့ရောဂါ၊ စောစောကတင် ကျွန်မ သွားကြည့်ပြီးပါပြီ၊ လောလောဆယ် ဒီမှာရှိတဲ့ ဆေးတွေ ကျွန်မတို့ ကုသပေးထားတယ်လေ၊ ဆေးဝယ်စရာ မလိုဘူး၊ ဒီမှာရှိတယ်'

အဲဒီအချိန်က CMSD မှ ဆေးများ ပေးနိုင်နေသေးသည်။ ယခုခေတ်လို အခပေး စရိတ်မျှပေး ကျန်းမာရေးတွေ ဘာမှမရှိသေး။ သူ့အတွက် လိုအပ်သော ဆီးဆေး၊ နှလုံးဆေး၊ ရင်ကျပ် သက်သာဆေး အကုန်ရှိသည်။

သည်မနက်မှတက်လာသောကြောင့် ဆေးအရှိန်က အစွမ်း မပြသေး။ လူနာမှာ မောနေသေးသည်။ ကျွန်မ သွားအကြည့်မှာ သူ လှဲအိပ်နိုင်ပါသည်။

အိမ်မှာ ငုတ်တုတ်အိပ်ရသော သူမက ကျွန်မကို သက်သာသွားပါပြီဟုပင် ပြောလိုက်သေးသည်။ သူ့ယောကျ်ား ထောင်ကျနေရသည့်အထဲ ကလေးငယ်လေးနှင့်မို့ ကသီရှာသော သူမမှာ နှလုံးအထူးကုဆရာဝန်ရှိရာ ရန်ကုန်ဆေးရုံကြီးသို့လည်း လောလောဆယ် မသွားနိုင်သေးဟုဆိုသည်။

သူ့ကို ကျွန်မတို့ စိုးရိမ်ရသောကြောင့်လည်း ဆရာဝန် ဆရာမတွေ၏ ဂျူတီခန်းမှ ထွက်ထွက်ချင်း အနီးဆုံးခုတင်မှာ ထားပေးသည်။ နေ့လည်က အလွန်ကျပ်ချိန် အသုံးပြုခဲ့သော အောက်စီဂျင်ဘူးကြီးကိုလည်း နေရာပြန်မကားသေးဘဲ အဆင်သင့် သူ့အနားမှာ ထား



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

"သူ အခု မောနေတယ် ဆရာမရဲ့...ကျွန်တော့်တပည့် မရှိတုန်း ...ဒါ ကျွန်တော်တို့ရဲ့ တာဝန်ပဲ။ ပြောပါဆရာမ လိုအပ်တာကို"

သူက ထပ်ပြောသည်။ အဖော်ပါလာသူက တားသည်။ သူက တတောင်နှင့်တွက်ရင်း ကျွန်မကို အားမနာနဲ့ဟု တိုက်တွန်းနေပြန်သည်။

"အားမနာပါဘူး...လိုမှမလိုတဲ့ဥစ္စာ...ရှင် ကူညီပံ့ပိုးချင်ရင် ခတ် [illegible] စားဖို့ ပိုက်ဆံ သူ့ကိုပေးခဲ့လိုက်ပေါ့။ သို့မဟုတ် မနက်ကျတော့ ထမင်းတွေဘာတွေ စားစရာ လာပို့လိုက်။ ဆေးကတော့ မလိုဘူး ရှိတယ်"

ကျွန်မက လက်ပတ်ကို အားနာ၍ အသက်အောင့်ကာ ပြောနေရသော်လည်း မျက်နှာမပျက်အောင်တော့ ထိန်း၍မရတော့။ ပြုံး၍လည်း ဘယ်လိုမှမရတော့။ တစ်ချက်တစ်ချက် နှာဝကို လက်နှင့်ကွယ်ရင်း ပိတ်ရင်း အသက်ကို မှုတ်ထုတ်နေမိပြီ။

"မဟုတ်ဘူး...ဒေါက်တာမရယ်...ကျွန်တော် သူ့ကိုကြည့်ရတာ စိတ်မချမ်းသာဘူး...သူ့ကို နည်းနည်းလောက် လိုက်ကြည့်ပေးပါဦး"

သူက နောက်တစ်ရစ် ထပ်တက်လာ၏။ သဘောကတော့ သူ့ခွမ်းဆောင်မှုကြောင့် ဆရာဝန်,ဆရာမတွေက ပိုဂရုစိုက်ကြသည်ဟု လူနာက ထင်စေချင်ပုံမျိုး။

ကျွန်မကလည်း ကျွန်မ၊ အဲဒီလို အပိုတွေလာလုပ်နေသည်ကို ဘဝင်မကျသဖြင့် တမင်ပင် ထိုင်ရာမှမထဘဲ နေပစ်လိုက်သည်။

"ကျွန်မ ခုလေးတင် ကြည့်ပြီးပါပြီ။ (၄)နာရီထိုးရင် နောက်





ဆေးတစ်လုံး ထပ်ထိုးပေးမယ်..."

"ကျွန်တော်ကတော့ သူ့ပုံစံကို အားမရဘူး။ ဒီထက်ကောင်းတဲ့ ဆေးဝါးတွေနဲ့သာ သူ ကုသရရင် ပိုပြီး သက်သာမယ်ထင်တယ်"

"ဟာ...သိပ်မှန်တာပေါ့။ ဒါပေမယ့် အခု သူတက်နေတာ သာကေတဆေးရုံလေ၊ ဒီမှာကတော့ ဒီလောက်ပဲရမှာပေါ့"

"ဆေးရုံကြီးမှာဆို ကိရိယာ ဆေးဝါး ပိုစုံမှာပေါ့နော်"

"ဟာ...စုံတာပေါ့။ သွားနိုင်ရင်တော့ အကောင်းဆုံးပဲ"

"အဲဒါဆို သွားမယ် ဆရာမရယ်"

သူ့မျက်နှာကို ကျွန်မ ပြန်ကြည့်လိုက်သည်။ မျက်လုံးများ နီရဲနေပြီး မျက်နှာကလည်း အဆီပြန်၍နေသည်။ မျက်ကြောကတော့ ခပ်သီသီ။

"ဟာ...ဦ့လေ ...ဘာတွေလျှောက်ပြောနေတာလဲ၊ ညကြီးအချိန်မတော် ကားတွေ ခက်ကခက်နဲ့...ပြီးတော့ အစ်မလည်း သက်သာသားနဲ့ဗျာ"

တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော လူရွယ်က ဝင်ဟန့်သည်။ သူက (ရပါတယ်...သွားရင် ပိုကောင်းမယ်ဆို သွားမှာပေါ့)ဟု ဆိုသည်။ လူရွယ်က စုတ်သပ်ကာ (ပြဿနာပဲ)ဟု ခေါင်းကုတ်နေသည်။ ပြီးမှ–

"ဆရာမ...မနက်မှသွားရင်လည်း ရတယ်မဟုတ်လား"ဟု မေးသည်။

"ဟာ...ဟုတ်ကောင်း၊ ခုသွားမယ်ဆို...ဆရာမ လွှဲစာလေး ရေးပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး…ခဏနေပါဦးဗျာ…ဆရာမ မရေးပါနဲ့ဦး"

"ဆရာမ…ရေးလိုက်…ရေးလိုက်"

ကျွန်မ၏ သည်းခံနိုင်စွမ်းအား ဤမှာတွင် ကုန်ဆုံးပြီမို့…

"ကဲ…ရှင်တို့နှစ်ယောက် ညှိချင်နှိုင်းချင်သပဆို အပြင်ထွက်ပါ။ ဟိုနားကခုံမှာ သွားထိုင် ဆွေးနွေး။ အဖြေရမှ လာပြော။ ရှင်တို့အနံ့တွေနဲ့ ကျွန်မ ခေါင်းမူး လာပြီ။ အပြင်ထွက်ပေးကြပါ"

သည်တော့ မျက်ထောင့်နီကြီးနှင့် ပြန်ကြည့်ပြီး ပေစောင်းစောင်းလှည့်၍ အပြင်ထွက်သွားသည်။ လူရွယ်က အပြင်ရောက်မှ တစ်ခေါက်ပြန်ဝင်လာပြီး–

'ဆရာမ…သူ့မှာ ပိုက်ဆံလည်း ရှိတာမဟုတ်ဘူး၊ စိတ်ညစ်တယ်'ဟု ခပ်ကျိတ်ကျိတ်ပြောကာ ပြန်ပြေးထွက်သွား၏။

"ဒါနဲ့များ လိုတာပြော…လိုတာပြောနဲ့…ဟာသပဲဟော်"

သူနာပြုဆရာမလေးများက မကြားတကြားပြောလိုက်ပြီး ရယ်နေကြသည်။

ခဏနေတော့ အေးအေးမြင့်ကို ကျွန်မတို့ တစ်ခေါက်သွားကြည့်ကြသည်။ ဆေးထိုးရမည့်အချိန်လည်း ရောက်ပေပြီ။ လူနာစောင့်မရှိသော သူမကို အလုပ်သမား မိန်းကလေးကပဲ ခြင်ထောင်ချပေးပြီး ကျွန်မတို့ တာဝန်ခန်းမှာ ပြန်ထိုင်နေကြသည်။

ထိုအခိုက်မှာပဲ လုံခြုံရေး ကိုပေါက်စ ဝင်လာသည်။

"ဆရာ…စောစောကလူက အဝမှာလာပြီ ကျွန်တော့်ကို ရစ်နေတယ်။ ဆရာဝန်မနာမည် ဘယ်သူလဲ၊ ဒီကိုအလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲတဲ့။ သူက ရာအိမ်မှူး တဲ့။ သူ့ကို ရင်ရင်သီ သီ





ဆက်ဆံပြီး အပြင်ကိုမောင်းထုတ်လို့တဲ့။ မကျေနပ်ဘူးဆိုပြီး ကျွန်တော့်ကို ဆရာ့နာမည်ပဲ မေးနေတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ဆရာဝန်က အသစ်ဗျ၊ ကျွန်တော် နာမည်မသိဘူး၊ သွားမေးလိုက်ဦးမယ်လို့ပြောပြီး ထွက်လာတာ အပေါက်ဝ တံခါးကို သော့ခတ်ထားခဲ့တယ်။ ဆရာ…ပြဿနာရှာမယ့်ပုံပဲ။ သူ့အိတ်ထဲက မှတ်စုစာအုပ်တွေ ဘာတွေထုတ်လို့"

ကျွန်မ အတော်ရယ်ချင်သွားသည်။ ကြိုက်တယ်…ကျွန်မက အဲဒါမျိုး လှုပ်လှုပ်ခတ်ခတ်ကလေးမျိုးဆို သိပ်စိတ်ဝင်စားတတ်တာလေ။

"ဟုတ်လား၊ နာမည်သိချင် ကိုယ်တိုင်လာမေးလို့ ပြောလိုက်၊ ပြီးတော့ ကိုပေါက်စ သော့…ကျွန်မကို ခဏပေးထား"

ကိုပေါက်စ ပြန်ထွက်သွားပြီး သိပ်မကြာခင် ကျွန်မကို အခန်းဝသို့ ထိုလူ ပြန်ရောက်လာသည်။ မျက်နှာထားက ခပ်တင်းတင်း။

"ဆရာမ ကျွန်တော် ကင်းစစ်ရမယ့်တာဝန်ရှိသေးတယ်"

"တာဝန်ရှိရင်လည်း ခဏတော့နေဦး၊ ရှင်က ကျွန်မနာမည်ကို သိချင်တယ်ဆို ဘာလုပ်မလို့လဲ"

"ဪ…ဒါက ကိစ္စလေးရှိလို့ပါ၊ ဆရာမပဲ စဉ်းစားကြည့်လေ၊ ကျွန်တော်လည်း နှယ်နှယ်ရရမှမဟုတ်တာ၊ ဒီည တာဝန်ကျနေတာပဲ အဲဒါကို ဆရာမက အပြင်ထွက် ဘာညာနဲ့ ပြောတော့ ဆရာမရယ်…လူကိုမလေးစားရင်တောင် လက်မောင်းက တာဝန်လက်ပတ်ကိုတော့ လေးစားဖို့ကောင်းတာပေါ့။ ဒါကြောင့် ကျွန်တော့်အထက်က တာဝန်ရှိသူတွေကို ဖြစ်စဉ်လေး တင်ပြချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဟာစ်၍သာ ရယ်လိုက်ချင်တော့သည်။ ပုံစံက ကျွန်မကပဲ တောင်းပန်ပြီး စာမေးပွဲနဲ့ ဘာညာနှင့် ပြန်မျက်နှာချိုသွေးရတော့မလို။

"ဟုတ်ပါပြီ၊ ရှင်က ရပ်ကွက်ထဲပြန်ရောက်မှ ဒီစာတင်ရမှာဆိုတော့ ကြာနေမှာပေါ့။ ကျွန်မက စိတ်မြန်တယ်။ ကိစ္စတစ်ခုဖြစ်ရင် ချက်ချင်း ရှင်းလိုက်ရမှလေ၊ အခု ရှင်က တာဝန်ချိန်ဆိုပြီး လက်ပတ်ကြီး ပတ်ပြီးမှ အရက်သေစာလည်း သောက်ထားတယ်၊ ပြီးတော့ တာဝန်ကျတဲ့နေရာမှာလည်း ရှိမနေဘူး၊ ကျွန်မတာဝန်ကျတဲ့ အဆောက်အအုံထဲကို ရောက်နေတယ်။ နောက်ပြီး ကျွန်မ တာဝန်ထမ်းဆောင်နေတာကိုလည်း အရေးမရ အဖတ်မရတွေ ပြောပြီး နှောင့်ယှက်တယ်။ ဒီအတွက် အခုပဲ ကျွန်မ ရဲစခန်းကို ဖုန်းဆက်မယ်၊ နယ်မြေရဲဖြစ်ဖြစ် စခန်းကဖြစ်ဖြစ် လာတော့ ဆုံးရှင်းလိုက်ရင် မကောင်းဘူးလား နော်"

ကျွန်မက ပြောပြောဆိုဆို နောက်နားက တယ်လီဖုန်းခွက်ကို မ,ပြီး နံရံတွင်ချိတ်ထားသော ပြက္ခဒိန်နောက်ကျောမှ ဖုန်းနံပါတ်များကို လက်ညှိုးနှင့်ထောက်၍ ရဲစခန်းဖုန်း ကိုရှာသည်။ 'တွေ့ပြီ 54xxxx'ဆိုပြီး ဒိုင်ခွက်ကိုလှည့်သည်။ ဖုန်းခွက်ကို နားမှာကပ်ထားရင်း လှည့်ကြည့်တော့ သူ တွေတွေကြီး ရပ်နေသည်။ စဉ်းစားနေပြီထင်သည်။

'ဟဲလို...ရဲစခန်းကလား...ဆေးရုံကပါ၊ ဒီမှာ အရက်မူးနေတဲ့ တာဝန်ရှိပုဂ္ဂိုလ်တစ်ယောက်နဲ့ ပြဿနာဖြစ်နေလို့။ အဲဒါ လာရှင်းပေးပါ။ ရှင်...လက်ထိတ်...ဟုတ်ကဲ့ လိုလိုမယ်မယ် ယူခဲ့ပေးပါ။ မြန်မြန်လေးနော်...ဟုတ်ကဲ့...ကျေးဇူးပါပဲ'

ဖုန်းချပြီးနောက် မျက်ထောင့်နီကြီးနှင့် ကြည့်နေသော ပုဂ္ဂိုလ်ကို





လှည့်ကြည့်ရင်း

'ကဲ...လာခဲ့မယ်တဲ့...သွား...ရှင် အပေါက်ဝမှာပဲ သွားစောင့်နေလိုက်တော့နော်'

ပြန်လှည့်ထွက်သွားသော သူ့ခြေလှမ်းတွေက မရေမရာနိုင်လှသည်။ အတူပါလာသော အဖော်ကောင်လေးက 'ဦးလေးရာ... ဒုက္ခပါပဲဗျာ၊ ဆွဲစိခံရရင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ၊ ဦးလေးလုပ်တာနဲ့ ကျွန်တော်ပါ ရောအဖမ်းခံရတော့မှာပဲဗျာ'ဟု ငြီးငြီးငြူငြူ ပြောသွားသံကိုသာ ကြားရသည်။ ထိုလူကတော့ အသံတိတ်ချက်သားကောင်းနေ၏။

သူတို့ထွက်သွားမှ ကိုပေါက်စကို အခေါ်လွှတ်ရသည်။

'ဆရာ...ဟိုလူတော့ ငြိမ်သွားပြီ၊ ဆရာ ဘာပြောလိုက်တာလဲ'

'ရဲ ခေါ်ရှင် မယ်ပြောလိုက်တယ်လေ၊ အဲဒီမှာ စောင့်နေပေ့စေ၊ ပြီးတော့ ကိုပေါက်စ ပြောလိုက်ဦး၊ ရာဇဝတ်မှုဖြစ်ရက်သားနဲ့ အဖမ်းခံရရင် ခင်ဗျား သိက္ခာလည်းကျမယ်၊ အရက်လည်းကွဲမယ်၊ ဒီတော့ ကိုယ့်တာဝန်လည်း ကိုယ် မလစ်ဟင် ရအောင် ဆရာဝန်ကို သွားတောင်းပန်လိုက်၊ ရဲတွေမလာခင် ခင်ဗျားပြန်မှဖြစ်မယ်။ ဆရာဝန့်ဆီမှာ တံခါးသော့ရှိတယ်၊ သူပြန်ခွင့်ပြုမှ ခင်ဗျားပြန်ရမှာ၊ ရဲတွေလာရင်တော့ စခန်းမှာ လိုက်ရှင်းနေရလိမ့်မယ်၊ ဘာညာနဲ့ ထိုင်ပြောနေ'

ကိုပေါက်စကို မှာကြားပြီး ပြန်လွှတ်လိုက်ကာ ကျွန်မနှင့် ဆရာမတွေ တာဝန်ခန်းမှာ ထိုင်စောင့်နေကြသည်။

သိပ်မကြာပါ။ ထိုလူ ပြန်ရောက်လာတော့သည်။ စောစောကပုံစံနှင့်တော့ တခြား စီပင်တည်း။ ခါးကိုကိုင်း၊ လက်နှစ်ဖက်ကို ရင်တွင်ယှက်၍ လက်ဖဝါး ချင်းပွတ်ကာ မျက်နှာကလည်း ပြုံးလို့ပြုံးလို့



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာမကြီး...ခုနက ကျွန်တော်ပြောတာတွေ ဖွမယူပါနဲ့ဗျာ၊ ဟုတ်ပါတယ်။ ကျွန်တော် တာဝန်ကျရက်သားနဲ့ ဟိုကောင်တွေ အနိုင်ကျင့်ပြီး အတင်းတိုက်လိုက်လို့ ဘာတွေပြောမိမှန်းတောင် မသိတော့ပါဘူးဗျာ...အဟဲ...ဟိုလေ...ရဲတွေဘာတွေနဲ့လည်း ကျွန်တော် ရှင်းမနေတော့ပါဘူး၊ ဒေါက်တာမရယ်...အချိန်လည်း တော်တော်နောက်ကျနေပြီ၊ အဲဒါလေ...ကျွန်တော့်ကို ပြန်...ပြန်ခွင့်ပြုပါနော်...ကောင်မလေးကို ကုပေးတာလည်း ကျေးဇူးတင်ပါတယ်'

ကျွန်မ သူ့ကို မျက်နှာတည်တည်နှင့်ကြည့်ပြီး 'ရှင့်နာမည် ပြောခဲ့၊ အသက်၊ နေရပ်လိပ်စာ'ဟု လေသံတင်းတင်းနှင့်မေးသမျှ သူက မဆိုင်းမတွဖြေပြီးနောက် သော့ဖွင့်ပေးမည့် ကိုပေါက်စ နောက်သို့ ကုတ်ချောင်းကုတ်ချောင်းနှင့် လိုက်ပါသွားလေကော့သည်။

'သွားပြီဆရာရေ၊ တံခါးဖွင့်ပေးတာနဲ့ မြန်မြန်လစ်တော့တာပဲ။ ကျွန်တော်က ဆဲသွားမှာစိုးလို့ အောင့်ကြည့်နေသေးတာ။ ဒါနဲ့ ရဲတွေလာရင် ဘယ်လိုပြောရမလဲဆရာ၊ သူ့ကို ပြန်လွှတ်လိုက်တော့...'

'ဪ...ရဲစခန်းက လိုင်းမအားလို့ ဘာဆက်အသွယ်မှ မရဘူး။ မပူနဲ့။ ဒါကြောင့် တော်တော်နဲ့ ရဲတွေမလာရင် အလိမ်ပေါ်သွားမှာ စိုးလို့ သူ့ကို ပြန်လွှတ်တာ' သည်တော့မှ သူတို့ သဘောပေါက်ကြတော့သည်။

ဒီဇင်ဘာလ၊ ၂၀၀၂။

❀ ❀ ❀

လမင်းစာပေ

ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်

ကမောက်ကမများစွာ

# ရုပ်ပျက်ပြဇာတ် ကသူများ

www.burmeseclassic.com

www.burmeseclassic.com




# ရုပ်ဖျက် ပြဇာတ်ကသူများ

**တစ်**ခါတလေ ကျွန်မလူနာတွေက သနားဖို့လည်းကောင်း၍ ရယ်ဖို့လည်း ကောင်းလေသည်။

တချို့က ဆရာဝန်ကို အလွန်ရိုသေကြောက်ရွံ့သလောက် တချို့ကတော့ (သူလည်းလူ ကိုယ်လည်းလူ)ဟူသော အပြော့ကို အခြေခံ၍ တန်းတူ (တစ်ခါတစ်ရံ) အပေါ်စီးက ပြောဆို ဆက်ဆံတတ်ကြသည်။

တချို့ကျတော့လည်း ကြောက်ရွံ့စိတ်ကတစ်ဝက်၊ စည်းကမ်းကို မလိုက်နာနိုင်၍ ဖောက်ဖျက်ချင်သောစိတ်ကတစ်ဝက်နှင့် အမျိုးမျိုး ဉာဏ်နီဉာဏ်နက်ထုတ်ကာ လိုချင်တာကို ရအောင် ဆောင်ကျဉ်းတတ်ကြသည်။

ကျွန်မတို့ သာကေတဆေးရုံက ထောင့်မှန်စတုဂံပုံ၊ အလယ်က ပန်းခြံမို့ တစ်ပတ်ပြည့်အောင်ပတ်လိုက်လျှင်ပင် **Round** လှည့်ပြီးသွားတော့သည်။ ဝင်ပေါက်က တစ်ပေါက်တည်း။

သို့သော်လည်း အိမ်သာဘက်မှ ရေခဲတိုက်သို့ထွက်သော အနောက်ဘက်အပေါက်တစ်ပေါက်၊ မွေးဆောင်စကြံမှ ဝန်ထမ်းလိုင်းခန်းသို့ သွားသော ဘေးပေါက်တစ်ပေါက်တော့ဖြင့် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှ လာရောက်ဆေးရုံတက်သော လူနာများက မိန်းဝင်ပေါက်ကိုပဲ အသုံးပြု ဝင်ထွက်၊ တက်ဆင်းကြပါသည်။

ရေခဲတိုက် အနောက်ပေါက်ကို ယောင်၍မျှ မသုံးကြ။ ထို့ပြင် ဘေးပေါက် လိုင်းခန်းဘက်မှထွက်ပြီး ဆေးရုံကိုပတ်ကာ အပြင်မြက်ခင်းထဲကဖြတ်၍ ခြံဝင်းတံခါးကို သွားသောလမ်းကိုလည်း သုံးရကောင်းမှန်း မသိကြပါ။

အဲသလို မသိကြသောကြောင့်လည်း ရှေ့ပေါက်မှပင် 'ခိုးဆင်း' ကြသောဖြစ်ရပ်များ မကြာခဏ ကြုံတွေ့ကြရခြင်း ဖြစ်သည်။

'ခိုးဆင်း'သည့်ဆိုကတည်းက ဆရာဝန်များက ဆင်းခွင့်မပြုသေးသော လူနာများက များပါသည်။ အဲ...ဆင်းခွင့်ပြုပြီး ဆင်းလက်မှတ်ရပြီးမှ ခိုးဆင်းသွားသူလည်းရှိသည်ဟု ဆိုပါလျှင် မျက်စိလည်သွားကြမည်ထင်သည်။

ဆေးကုသနေဆဲမို့ ဆင်းခွင့်မပြုသေးသော်လည်း တချို့လူနာများမှာ လူမှုရေးကိစ္စ သောင်းခြောက်ထောင်အတွက် အိမ်သို့ပြန်ရန်လိုအပ်နေသည့်အခါမျိုး ရှိနေတတ်ကြပါသည်။ ဥပမာအားဖြင့် အိမ်မှာ စောင့်မယ့်လူမရှိလို့၊ မြေး ရင်ပြမှာမို့၊ သမီး ဗိုက်ခွဲမွေးရမှာမို့၊ အိမ်က ထမင်းလာမပို့နိုင်လို့ စသဖြင့် အကြောင်းပြချက်များ မရေမတွက်နိုင်အောင် တင်ပြလာကြလျှင် ငဲ့ညှာသောအားဖြင့် လက်မှတ်ထိုးဆင်း (Discharge by Request)D/R လုပ်ပေးကြရပါသည်။ တခြားဆေးရုံကြီးတွေမှာ ဆေးရုံဆင်းလက်မှတ် ရေး,မရေး မသိသော်လည်း ကျွန်မတို့မှာ နောက်တစ်ခါ ပြန်လာတက်လျှင်လည်း လက်ခံရမည်ပဲမို့ ကိုယ့်ဘာသာ ဖတ်ဖို့ ဆေးရုံဆင်းလက်မှတ်ကို





စုံစီနဖာ အပြည့်အစုံ ရေးပေးလေ့ရှိပါသည်။ မဟုတ်လျှင် နောက်တစ်ခေါက်အလာမှာ ဘာဖြစ်ဖူးသလဲ၊ ဘယ်တုန်းကတက်၍ ဘယ်ပုံစံဆင်းသွားသည်လဲကို ဘဲဥ အစရှာမရသလိုဖြစ်ပြီး အချိန်ကြာတတ်လွန်းသဖြင့် D/R ခေါင်းစဉ်တပ်ပြီး D/C လုပ်ခွင့်ရသူလိုပင် စီစဉ်ဆောင်ရွက်ပေးကြရပါသည်။

နောက်တစ်ချက်၊ အဲသည်အချိန်တုန်းက လူနာများ ဆေးမဝယ်ရပါ။ ပြေလည်တတ်နိုင်သူများအတွက် သူတို့နှင့် ညှိနှိုင်းပြီး ဝယ်ယူချင်လျှင် ဆေးစာရေးပေးပြီး ပြင်ပဆေးဆိုင်က ဝယ်စေသော်လည်း မပြေလည် ချို့ငဲ့သော လူနာများကိုတော့ ဆေးရုံမှ ခွဲတမ်းရထားသော ဆေးများကိုသာ ထုတ်ယူသုံး စွဲပါသည်။

လိုအပ်လျှင် ရုံပုံငွေထဲက ဝယ်ယူထားသော ဆေးများကို သုံးစွဲပေးရပါသည်။ မလုံလောက်သော အရက်ပျံ၊ ဂွမ်း၊ ပတ်တီး စသည်များကို ကျွန်မတို့က အဆင်သင့်ဝယ်ထားရပါသည်။ မွေးခန်း၊ ခွဲစိတ်ခန်းနှင့် အသေးစား ထိခိုက်ဒဏ်ရာခန်းများတွင် သုံးရသော PAD ဟူသည်မှာ Gauze ဟုခေါ်သော သံဆန်ခါကွက်ပိတ်စ (နှုးညံ့ကျဲပါးသောပိတ်စ)နှင့် ဂွမ်းကို အနေတော်ခေါက်၍ လေးထောင့်အဖတ်ကလေးတွေ လုပ်ထားခြင်းဖြစ်ရာ ယင်း Gauze တစ်လိပ်ကလည်း အဲသည်အချိန်ကတည်းက ၈၀၀/-ဖြစ်နေ၊ သုံးလိုက်လျှင် ပြုံကြက်ခနဲ ကုန်သွား။

သည်အတွက် ရန်ပုံငွေ ဘယ်ကရသနည်း။ ကျွန်မတို့မှာ တစ်လုံးတစ်ခဲတည်း အလှူရှင်မရှိပါ။ အလွန်ရှားပါးပါသည်။ များသောအားဖြင့်က အလှူရှင်များရှိခဲ့လျှင်တောင် မီးချောင်းလှူမည်၊ သံဆန်ခါတပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးမည်၊ ဘီးတပ်ကုလားထိုင်လှူမည်။

ထို့ကြောင့် ကျွန်မတို့မှာ မူးစုပဲစုနှင့် ဆေးရုံဆင်းလူနာများထံမှ အလှူငွေကောက်ကြရပါသည်။ တတ်နိုင်သလောက်၊ သဒ္ဓါကြေး ထည့်ဝင်ကြပါသည်။ နိစ္စဓူဝ လုပ်နေကျဖြစ်လာသောအခါ ဆေးရုံဝန်ထမ်းများဘက်မှလည်း ချို့ယွင်းချက်ရှိလာပါသည်။ အလှူငွေထည့်ရန် သိုင်းဝိုင်းဖွဲ့နွဲ့ ရှင်းပြမနေတော့ဘဲ သံပြတ်နှင့် 'အလှူငွေ ထည့်သွား' 'အလှူငွေရော' 'ဟိုပုံးထဲကိုထည့်' စသည်ဖြင့် ဖြစ်လာကြပါသည်။

လူနာများဘက်ကလည်း အမျိုးမျိုးအထွေထွေ ဖြစ်ပါသည်။ အများအားဖြင့်ကတော့ နှစ်ဆယ်အစိတ်ကို ကြည်ကြည်သာသာပင် ထည့်ဝင်လှူဒါန်းသွားကြသော်လည်း တချို့ကတော့ လက်ထဲကပိုက်ဆံကိုဖြန့်ပြီး တွက်ရချက်ရပါသေးသည်။ မတွက်၍လည်း မရပါ။ ဆေးရုံအဆင်းမှာ လူနာနှင့် ပစ္စည်းများကို အိမ်အရောက်ပို့ဖို့ ဆိုက်ကား (သို့) ကားငှားရမည်။ အိမ်ရောက်လျှင် သုံးရစွဲရ ဝယ်ရခြမ်းရဦးမည့် ကိစ္စများ၊ လူမမာ ဓာတ်စာဖိုး ...စသည်ဖြင့် တန်းစီနေသည်ကိုး။

သည်တော့ လက်ထဲမှာ ပိုက်ဆံတွေရှိနေ၊ ကိုင်ထားနေလျက်ကလည်း သူ့အတွက်နှင့်သူ နိုင်သလောက် ငါးကျပ် ထည့်ချင်လည်း ထည့်မည်ပေါ့။ တချို့လည်း ဘေးခုတင်နှင့် ဆေးရုံမှ ဝန်ထမ်းများ ရှိသေအောင် အိမ်ရှိပစ္စည်းများ ယူလာပြီး ကြွားထားသည်များ၊ ဘယ်လိုကြွယ်ဝသည်ဟု လေဖြင့် အသံခပ်ကျယ်ကျယ် ကြွားထားသည်များကိုပင် ရှေ့မျက်နှာ နောက်ထားလျက် တွန့်တိုစေးနည်းစွာ ငါးကျပ် တစ်ဆယ် ပေးပြီး ခပ်သွက်သွက် ပြန်လှည့်ပြေးသည်လည်း ရှိတတ်ပြန်ပါသည်။





မည်သို့ပင်ဆိုစေ ကျွန်မတို့ကတော့ ထူးပြီး မခံစားရတော့ဘဲ ရသမျှကိုသာ စာရင်းအတိအကျ မှတ်သား၊ ဝင်ငွေထွက်ငွေကို စာရင်းလုပ်ကြရပါသည်။ ထိုအထဲမှ ဆေးဖိုး၊ ဆေးပစ္စည်းဖိုးအပြင် မဖြစ်မနေဝယ်ရသည့် နောက်တစ်မျိုးမှာ 'မီးသွေး'ဖြစ်လေသည်။ မကြာခဏပျက်နေသော လျှပ်စစ်မီးနှင့် အပ်ပြုတ်အိုးကြား မီးသွေးဝင်မှာပဲဖြစ်တော့မည်လေ။

ထိုသို့သော အလှူငွေကလေးကိုမှ မထည့်မဝင်နိုင်သဖြင့် ဆင်းပြေးသော လူနာရှိသလို တခြားအကြောင်းတစ်ခုကလည်း ရှိတတ်ပြန်ပါသေးသည်။

အလှူငွေမထည့်နိုင်၍ ဆင်းပြေးကြသော လူနာများကို ဂရုဏာသက်ရသော်လည်း (ခဏစိုက်ထားပါ...ယောက်ျားလာရင် (သို့) အိမ်ကလာရင် ပေးပါမယ်)ဆိုသော စကားကို ယုံ၍ မဟုတ်သည့်တိုင် လောလောဆယ် ရောဂါအနေအထားအရ အရေးပေါ် လိုအပ်နေသော ဆေးရုံရန်ပုံငွေဖြင့်လည်း ဝယ်ပြီး အဆင်သင့်ရှိမနေသော ဆေးမျိုးကို ဆရာဝန်က စိုက်ဝယ်ပေးပြီး ပြန်ပေးရမည်ဆိုသောအခါ မတတ်နိုင် (သို့) စိတ်ပြောင်းသွားသဖြင့် အလစ်မှာ ခိုးဆင်းသည့်လူနာမျိုးကျတော့ ခံရသည်မှာ အတော်ခက်လှသည်။

ဤအကြောင်းကို မြတ်ကြေးမုံမဂ္ဂဇင်း၌ ကျွန်မ ဆောင်းပါးတစ်ပုဒ် ရေးဖူးသည်။ (နှုတ်ဆက်ပြီးမှ ပြန်ကြစေချင်သည်) အမည်ဖြင့် ဖြစ်သည်။ ကျွန်မတို့က ဆေးဖိုးစိုက်ပေးထားသည့် လူနာကောင်မလေးမှာ ညနေ သူ့ယောက်ျားရောက်လာသောခဏ၊ လင်မယား အကြီးအကျယ် စကားများကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ယောကျ်ားဆို ယောကျ်ားစကားပြော၊ လူပါးမဝနဲ့'

'နင့်ပါးစပ်ပိတ်ထား၊ ငါ လက်ပြန်ချလိုက်မယ်'

'အောင်မာ...ထိရဲထိကြည့်ပါလား'

အသံတွေကျယ်လာသဖြင့် ကျွန်မတို့ကထွက်ကြည့်တော့ ယောကျ်ားလုပ်သူက အဆင်သင့်ထုပ်ပိုးထားသော လက်ဆွဲအိတ်ကို ဆတ်ခနဲဆွဲယူပြီး ဒေါနှင့်မောနှင့်ထွက်သွား၏။ ကောင်မလေးကလည်း ထဘီတိုတိုပြင်ဝတ်ကာ ကြမ်းတမ်းသောစကားတွေ ရေရွတ်ရင်း သူ့ပစ္စည်းတွေကို လိုက်တောင်းသည်။ သည်လိုနှင့် လုလိုက်,ဆွဲလိုက်လုပ်ကြရင်း ဆေးရုံဂိတ်ဝအထိ ရောက်သွားကြသည်။

တော်တော်ကြာတော့မှ ဘယ်သူမှုပြန်မပေါ်မလာသောအခါ သူတို့နေရာမှာ ဖျာစုတ်ကလေးတစ်ချပ်မှလွဲ၍ ဘာမှမရှိတော့ဘဲ သူတို့လင်မယားမှာလည်း ဆေးရုံဝင်းအပြင်ရောက်သည်နှင့် ရယ်ရယ်မောမော ရိုက်လိုက်ပုတ်လိုက်နှင့် သုတ်သုတ်ပြန်ပြေးကြမှန်း သိရလေတော့သည်။

သည်တော့မှ ကျွန်မတို့မှာ ပြဇာတ်က,သွားမှန်း သိပြီး အောင့်သက်သက်နှင့် ရှက်ရယ်,ရယ်ရုံမှတစ်ပါး ဘာမှလည်း မတတ်နိုင်။

တချို့ကလည်း မျက်နှာကိုကွယ်၍ ညော့်ချိန်မှာ ညော့်သည်တွေနှင့်ရော၍ မသိမသာ ထွက်သွားတတ်ကြသည်။ အချိန်တန်မှ အိမ်သာသွားရှာလည်းမတွေ့၊ ဘယ်မှာမှ ရှာမရတော့ဘဲ ခိုးဆင်းသွားမှန်းသဘောပေါက်ကာ သူ့မှတ်တမ်းကို သိမ်းရတော့သည်။

နောက်တစ်မျိုး ထွက်ပြေးသူများလည်း ရှိပေသေးသည်။

သူတို့ကတော့ အလှူငွေမထည့်ချင်၍လည်း မဟုတ်၊ ဆေးဖိုးမပေးချင်၍လည်း မဟုတ်ပါ။ သားသမီးကိုယ်ဝန်ရပြီးမှ မလိုချင်၍ဖျက်ဆီးကာ အသက်အန္တရာယ်ရှိလာမှ ဆေးရုံသို့ ပြေးလာကြသော မိခင်မဖြစ်ချင်သူများ ဖြစ်ပါသည်။





သူတို့ရောက်လာလျှင် ကျွန်မတို့မှာ ပြောပြောဆိုဆိုနှင့်ပဲ အရေးပေါ် အသည်းအသန် ကုသမှုပေးရပါသည်။ ပိုးသေဆေး အပြင်းစားတွေပေး၊ သားအိမ်ခြစ်၊ သွေးသွင်း၊ ဆေးသွင်း၊ သွေးအားပြန်ပြည့်ဆေးများထိုးနှင့် (တစ်ခါတစ်ရံ) အတော်ကြိုးစားယူကြရပါသည်။

နည်းနည်းထူထောင်ချိန်မှာ သားဆက်ခြားပညာပေး၊ သန္ဓေဖျက်ချခြင်း၏ အပြစ်များ အန္တရာယ်များကို ရှင်းပြရင်း ပြင်ပမှ အခကြေးငွေယူ ဖျက်ဆီးပေးလိုက်သည့်လက်သည်ကို သွားရောက် ခေါ်ယူစေပါသည်။ ပြီးတော့ သတိပေး၊ လက်မှတ်ထိုးခိုင်းပြီး နောင်မလုပ်ရန် ခံဝန်ပြုစေပါသည်။ အကယ်၍ ထပ်လုပ်သည်ကို တွေ့လျှင် အရေးယူမည်၊ ထောင်ချမည် စသည် ခြိမ်းခြောက်ရပါသည်။

တချို့လူနာများမှာ တစ်ခွန်း,နှစ်ခွန်း အစ်လိုက်သည်နှင့် လက်သည်အမည်နှင့် လိပ်စာ အကုန်ဖော်သော်လည်း တချို့လူနာများမှာ အတော်ကြီးကို မေးယူရပါသည်။ သူတို့ဘက်က ကြည့်တော့လည်း ဟုတ်တာပေါ့လေ။ ကိုယ့်ဆန္ဒနှင့်ကိုယ် သွားလုပ်ထားသည့်ကိစ္စ၊ ပြဿနာတက်တော့မှ လက်သည်နာမည် လျှောက်ပြောမိတော့ လက်သည်ဘက်က စိတ်ဆိုးပြီး ရန်ရှာမှာလည်း ကြောက်ရသည်ကိုး။ မတော်တဆ တိုင်ဟယ် တောဟယ်ဆို ကိုယ်ပါ ထောင်ကျမည့်ကိစ္စလေ။

သည်တော့ ကိုယ်လည်း ဆေးကုပြီး၍ အတော်ထူထောင်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အထဲမှ အန္တရာယ်ရှိမည့် ပစ္စည်းပစ္စယတွေကိုလည်း ဆရာဝန်တွေက ဆွဲထုတ် ခြစ်ချက်ပြီးပြီ၊ ပြဿနာအကျယ်မပွား ခင်တော့သဖြင့် 'ခေါင်းမြီးခြုံ'ကာ အမြန်လစ်လေတော့သတည်း။

အဲ...ရပ်ကွက်ထဲမှာ ပြန်တွေ့တော့...မမြင့်ချင်ယောင်ဆောင် သွားရုံပေါ့။ အလွယ်လေးပဲကိုး။

ဇန်နဝါရီလ၊ ၂၀၀၃။

❀ ❀ ❀




ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်
ကမောက်ကမများစွာ

# သားကြောလေးကိုတဲ့ မိုတမိ

www.burmeseclassic.com

www.burmeseclassic.com



# သားကြောလေးကိုတဲ့ မှိတမိ

ကျွန်မတို့ဆေးရုံသည် (၂၅)ခုတင်ဆန့် မြို့နယ်ပြည်သူ့ဆေးရုံလေးဖြစ်ရာ ဆရာဝန်အင်အား (၃)ယောက်ဖြင့် လည်ပတ်နေရကြောင်း။ မြို့နယ်ကျန်းမာရေးဦးစီးမှူး တာဝန်ယူထားသော ဒေါက်တာ ဦးကြည်ဦးက ခွဲစိပ်ခန်းနေ့တွင် လာရောက်ခွဲစိပ်ပေးကြောင်း ပြောခဲ့ပြီး ဖြစ်ပါသည်။

ခွဲစိပ်သည်ဆိုရာ၌လည်း လူအနေအထား၊ ပစ္စည်းကိရိယာ အနေအထားအရ Minor Operation ခေါ် အသေးစားခွဲစိပ်မှုမျိုးများကိုသာ ပြုလုပ်ခြင်းဖြစ်ပါသည်။ ဆရာ့အနေနှင့် နှုတ်ခမ်းကွဲပြုပြင်ခြင်း (Hare Lip) အူကျခြင်း(Hernia) ရေမှတ်(Hydrocele)တို့ကို ကျွမ်းကျင်စွာ ခွဲစိပ်နိုင်သော်လည်း ကျွန်မတို့ ဆရာဝန်ငယ်(၃)ယောက်မှာ သားကြောဖြတ်ခြင်း(Sterilization)ကိုသာ အဓိက ကျွမ်းကျင်စွာ ခွဲစိပ်နိုင်ပါသည်။

ပဟ်ိုအမျိုးသမီးဆေးရုံတွင် (၃)လ သင်တန်းတက်စဉ်ကတော့ နွဲ့မွေးခြင်း (L.S.C.S)ကို ဆယ်ယောက် ဆယ့်ငါးယောက် ခွဲစိပ်ခဲ့ဖူးပါသည်။ သို့သော်လည်းပေါ့လေ။ သာကေတဆိုတော့လည်း တကူးတမ်း ခွဲစိပ်မွေးဖွားဖို့လိုသူများက မြို့ထဲက ဆေးရုံကြီးကိုသာ သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်ကြတာရော၊ ကိုယ့်ဆေးရုံက ပစ္စည်း ကိရိယာ လူအင်အား မစုံလင်မှုကို စိတ်မချတာရော၊ သွေးဘဏ်မရှိသဖြင့် အရေးပေါ်လိုအပ်ခဲ့သော် ဒုက္ခရောက်နိုင်တာရော၊ ခွဲမွေးရာတွင် ကြုံရတတ်သည့် ကလေးကို ပြုစုရန် ကလေးအထူးကုများသို့ ညွှန်းပို့ရန်လိုအပ်ပါက ခရီးဝေးကွာတာရော ...စသည် ဆင်ခြေ(အဲလေ) အကြောင်းအမျိုးမျိုးကြောင့် အသက်သာကျိုးကာ ခွဲစိပ်မွေးဖွားဖို့ကို ဘယ်သူကမှ စွန့်၍ မလုပ်ဖြစ်ကြပါ။

အဲသည်တော့ ကျွန်မတို့မှာ သားကြောဖြတ်တာလေးကိုပင် တကယ့်ခွဲစိပ်မှုကြီးပမာ ထိပ်ဆုံးမှာထား၍ ကြီးကြီးကျယ်ကျယ် လုပ်ကြကိုင်ကြပါသည်။ တစ်ပတ်နှစ်ကြိမ် သီရေဟာဖွင့်ပါသည်။ မွေးလူနာတွေ၊ မမွေးသည့်လူနာတွေကလည်း ဖြတ်လိုက်ကြသည်မှာ ပွဲတော်ကြီးကျ၍ ပျော်စရာကြီးပင်။

တစ်ပတ်ကို ရှစ်ယောက်သာဖြတ်ရ (ခွဲပြီးလူနာအခန်းက ခုတင်လေးလုံးသာ ရှိသဖြင့်) တန်းစီဇယားနှင့် စောင့်ကြရသည်။ စောစောလာစာရင်းပေးသည့်လူနာဆို ကိုယ်ကြိုက်သည့်ရက် (ဥပမာ–ကလေးများ ကျောင်းပိတ်ချိန်၊ သင်္ကြန်မတိုင်ခင်၊ အမျိုးသား ခရီးသွားပြန်လာမှ) ...စသည်ကို ညှိနှိုင်းရွေးချယ် ရေ့တိုး နောက်ငင်ပင် လုပ်၍ ရသေး။

တောနယ်ဆေးရုံကလေးလို ဖြစ်သလို ခွဲစိပ်နေကြရာမှ ကျွန်မကပင် ရေးကြီးခွင်ကျယ် စနစ်ပြောင်းသေးသည်။

ယခင်က ခွဲခန်းအဝတ်အစား (ရှပ်အင်္ကျီ၊ ပုဆိုး/လုံချည်)များပေါ် ပေါင်းပြီး နောက်ကွဲ လက်ရှည်အင်္ကျီများ ထပ်ဝတ်၍ ခွဲကြ





စိပ်ကြရာမှ ခွဲခန်းအောက်ခံဝတ်စုံ (အမျိုးသားဆရာဝန်ဆို ဂျာစီဘောင်းဘီရှည်၊ အမျိုးသမီးဆရာဝန်တွေက လက်တို စကာဒ်ရှည်ဒူးဖုံး)တွေဘာတွေ ချုပ်ဝတ်ကာ ခွဲစိပ်ခန်းအဝင် ပိပြင်အောင် လုပ်ကြသည်။

စတိုခန်းလို အစုံထည့်ထားသော လက်ဆေးခန်းကို ရှင်းလင်းသန့်စင်စေပြီး လက်ဆေး Brush နှင့် ဆေးရည်နှင့် လက်အိတ်လှန်းရန် စင်တွေဘာတွေနှင့် အဝင်အထွက်တံခါးပိတ်ကာ တတ်နိုင်သလောက် ပိုးကင်းစင်စေရန် ကြိုးစားကြသည်။

မခွဲစိပ်ခင် ခါးရိုးထုံဆေးကိုလည်း (မေ့ဆေးဆရာဝန် မရှိသဖြင့်) ကျွန်မတို့ပဲ ကိုယ်တိုင်ထိုးရသည်။ Xylocaine ဆေးကို ရန်ပုံငွေထဲမှ မပြတ် ဖြည့်တင်းပေးထားရသည်။ ထုံဆေးအတွက် လူနာတွေမှာ စိတ်ပူစရာမလို။ ဘယ်ဘက်စောင်းပြီး နဖူးနှင့်ဒူး ထိအောင်ကွေးနိုင်းတော့ အားကစားသမားတွေလို အကြောလျှော့ထားသည်မှမဟုတ်တာ၊ ဘယ်ထိလိမ့်မတုံး။ သည်တော့ Dresser ကိုမြင့်အောင်ကပဲ ဒူးကောက်ခွက်နှင့် လည်ကုပ်ကို ပိုက်ပြီး ဆွဲကွေးပေးရသည်။ ဒါလည်း သားကြောဖြတ်သည့်မိန်းမတွေက ဗိုက်ခေါက်ထူတွေကများရာ အနည်းဆုံး တစ်မိုက်လောက်ကတော့ 'ဟ'နေမြဲပင်။ ကိစ္စမရှိ၊ မထိလည်း ကျောရိုးအမှတ် လေးနှင့် ငါးကြား Spinal needle ထိုးစရာအပေါက်ရလျှင် တော်ပြီ။

သည်နေရာမှာ ကျွမ်းကျင်မှုက တော်တော်စကားပြောသည်။ လက်အိတ်စွပ်ထားသော ဘယ်ဘက်လက်မနှင့် ခါးရိုးဆစ် နံပါတ်လေးအောက်ဘက် Border ကို ဖွဖွစမ်းပြီး အပေါ်ဘက်ကပ်ထိုးမှ ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဝင်သည်။ မဟုတ်လို့ နည်းနည်းလေးများလွဲ၍ကတော့ တဒုတ်ဒုတ်နှင့် ထောက်နေသည်မှာ သွေးတွေသာထွက်လာမည် အပ်ကမဝင်။ လူနာကလည်း အကြိမ်ကြိမ် ရွှေ့ထိုးသည့်ဒဏ်ကို မခံနိုင်၍ ညည်းပြီ၊ ဆရာဝန်ခမျာလည်း ချွေးသီးချွေးပေါက်တွေကျ၊ လက်တွေဘာတွေတုန်၍ အခက်ကြုံတော့၏။

လမ်းကြောင်းဖြောင့်လျှင်တော့ လာခဲ့၊ လျှောခနဲဝင် ဖောက်ခနဲပေါက် (ကျောရိုးမကြီးအတွင်း ဗဟိုအာရုံကြောမကြီး၏ အပြင်ကိုကာရံထားသော အလွှာခပ်ထူထူရှိသည်)အထဲက CSF ခေါ် အရည်ကြည်ကြည်များ အပ်ခေါင်းပေါက်ဝတွင် စို့သီးလာကာ တစ်ပေါက်ပြီး တစ်ပေါက် ကျလာတော့၏။

ဒါဆို အိုကေပြီ။ Inj: Xylocaine 1cc ကို ဖြည်းဖြည်းသွင်း၊ အပ်ပြန်နုတ်၊ ပလပ်စတာကပ်ပေးပြီး လူနာခြေထောက်တွေ လေးမလာခင် ခပ်သွက်သွက် ပက်လက်လှန်နိုင်းရ၏။

ပြီးလျှင် မေ့ဆေးဆရာဝန်ဘဝမှ ခွဲစိပ်ဆရာဝန်ဘဝ ကူးပြောင်းရန် လက်အိတ် နောက်တစ်စုံ လဲရသေးသည်။ မောစောက ခါး/ကျောကို ကိုင်တွယ်ထားသော လက်အိတ်ဖြင့်ပင် ဗိုက်ခွဲလျှင် ဝမ်းတွင်းအင်္ဂါများကို ထိကိုင်မိပါက မသန့်ရှင်းမည်စိုးသောကြောင့် ဖြစ်သည်။

ခွဲစိပ်မည့်နေရာက ချက်နှင့် ဆီးစပ်ကြား အလယ်လောက်မှာ (၂)လက်မ အလျားအရှည်ဆုံးဖြစ်သော်လည်း သန့်ရှင်းရေးကတော့ ရင်ခေါင်းဝမှ ပေါင်လယ်အထိ တစ်ပြားမှ မလျှော့နိုင်ပေ။ ထုံးစံပဲဖြစ်၏။ Solution 1,2,3 သုတ်ပြီး ဆေးကြောသန့်စင်၊ ခွဲစိပ်ရန်နေရာမှလွဲ၍ ကျန် ရင်ပိုင်း/ဒူးပိုင်းကို ပိုးသန့်စင်ပြီး အဝတ်အုပ်၊





အလယ်ဝမ်းဗိုက်ပေါ် အပေါက်ပါသော ပိုးသန့်ပြီးပိတ်ခေါက်ကို ဆရာဝန်နှင့် အကူဆရာမ ပြိုင်တူ အပေးအယူညီစွာ ဖြန့်၍ အုပ်နေသည့်အချိန်မှာကို လူနာ၏ ဝမ်းဗိုက်အရေပြားမှာ ထုံဆေးရောက်နေပြီ။ သို့သော်လည်း ထုံးစံအတိုင်း အသွားပါသော ဇာဂနာ (With tooth Forcep)ဖြင့် ဆိတ်ဆွဲကြည့်ရသေးသည်။ နာသေးသည်ဆိုလျှင် ခဏစောင့်၊ မနာတော့လျှင် စ,ခွဲတော့။ ရပြီ။ ကျွန်မတို့က လုပ်နေကျလာသောအခါ ထုံဆေး စ,ထိုးသည်မှ ဗိုက်ပြန်ပိတ်ပြီးသည်အထိ အချိန်ဘယ်လောက် ကြာသည်ဟူ၍ စံချိန်ယူကာ အပြိုင်ခွဲကြသည်။ အမြန်ဆုံးက မိနစ်(၂၀)အထိ အပြီးလုပ်နိုင်ခဲ့ကြ၏။

အရာပေးပြီးသော ဗိုက်အရေပြား ပျော့စိစိကြီးကို လက်တစ်ဖက်ဖြင့် တင်းအောင်ဆွဲပြီး ဓားဦးနှင့်စိုက်ပြီး (ရှိုးခနဲ ခွဲချ၊ အဆီပြင်တွေဖွေးခနဲပေါ်လာ၊ စို့ထွက်လာသော သွေးကြောကြီးတွေကို ညှပ်နှင့်ဖမ်း၊ အောက်ဘက်က ကြွက်သားအုပ်ထားသည့် အမြှေးထူ(Rectus sheath anterior layer)ကို ညှပ်နှင့်ဖမ်းကိုင် ဓားနှင့်ဟက်၊ ကတ်ကြေးနှင့်ဖွင့် ဝမ်းဗိုက်ကြွက်သားကို လက်နှင့်အသာလေးခွဲခွာ အနောက်လွှာကိုဖွင့်၊ ပြီးတော့ အရေးအကြီးဆုံးသော ဝမ်းဗိုက်အုပ် အမြှေးပါးကို အပေါ်သို့ တတ်နိုင်သလောက် မ,ယူပြီး ဖွင့်ဖောက် (မတော်တဆအောက်က လှုပ်ရှားနေသော အူများကို ထိ၍ကတော့ ကိစ္စများပြီသာမှတ်ပေတော့)။ ပြီးလျှင် သားအိမ်ထိပ်ကိုစမ်း၊ ဘေးတစ်ဖက်တစ်ချက်ကို လက်နှင့်အသာသပ်ပြီး တွေ့ရသောသားအိမ်ပြွန်ကို လက်ညှိုး၊ လက်ခလယ်နှင့် ညှပ်ပြီး ဆွဲယူ၊ (မွေးပြီးစ သားအိမ်ကြီးနေချိန်တွင် ချောင်းကြည့်ပြီး ထိပ်ပြားထိပ်ဝိုင်းညှပ်ကလေးဖြင့်ပင် အသာ အောက်



www.burmeseclassic.com

www.burmeseclassic.com



ယူ၍ ရသည်) ပြီးတော့ အင်္ဂလိပ်အက္ခရာ (8)သဏ္ဌာန်ကြိုးဖြင့်ချည် အပေါ်ပိုင်း သားကြောကို ဖြတ်ပစ်လိုက်လျှင် ပြီးပြီ တစ်ဖက်။ ပြန်ထည့် နောက်တစ်ဖက်ကို ရှာ...ဖြတ်...အို...မြန်မှမြန်၊ လွယ်မှလွယ်။

ကျွန်မတို့မှာ စကားတပြောပြော၊ သီချင်း တကျော်ကျော်နှင့်ပင် ခွဲစိပ်ဖြတ်တောက်၍ ပြီးလေ၏။ တစ်ခါတစ်ရံ ကြောက်နေသော လူနာတွေဆို သူတို့နောက်ကြောင်းလေးတွေကို ရာဇဝင်လှန် အင်တာဗျူးရင်း အမေးအဖြေ လုပ်ပေးရသေးသည်။

ပြီးသွားလျှင်တော့ ဆေး ရည်ပုလင်းတန်းလန်းနှင့် လူနာကို တွန်းလှည်းဖြင့် ခွဲစိပ်ပြီး လူနာဆောင်သို့ပို့၊ ခေါင်းကိုက်၊ သွေး ပေါင်ကျ မည်စိုးသဖြင့် ခုတင်ခြေရင်းမြင့်ထား၊ သွား တစ်ယောက်၊ လာ... နောက်တစ်ဦး။

ကျွန်မအလှည့်ပြီးတော့ မမဒေါ်မိမိတင်အလှည့်မို့ ခဏစောင့်ကြည့်ပေးပြီး ဝါ့ဒ်ထဲ ထွက်ခဲ့သည်။ ခွဲပြီး လူနာတွေကို သွားကြည့်၊ ထုံဆေးပြေ၍ နာစပြုလာသည့်သူများကို ဆေး ထိုး ရန်ညွှန်၊ သည်ကြားထဲ မွေးခန်းက မွေးလူနာတစ်ယောက်အခြေအနေကို သွား ကြည့်နေတုန်း နောက်မှလိုက်ခေါ်သည်။ (ဆရာမိက ဆရာလွင် ခဏလာခဲ့ပါဦးတဲ့) ကျွန်မ ခွဲခန်းသို့ အမြန်ပြေးရတော့သည်။ ဘာများဖြစ်လို့ပါလိမ့်ပေါ့။

ခွဲစိပ်ခန်းဆိုတာကလည်း နတ်ကြီးသာ မဟုတ်လား။

မတော်တဆများ တစ်ခုခုဖြစ်သွားလျှင်...မှုဟဲ့...ကျွန်မ ခေါင်းနားပန်းကြီးသွားမိသည်။ ဆေး ရုံကြီး မှာ Spinal Shock နှင့် အသက်





ဆုံးပါးမှုသော ဖြစ်ရပ်ကို ပြန်လည်တွေးမိကာ ခြေလှမ်းတွေပင် ယိုင်ချင်ချင်။

ဖိနပ်ကို ပစ်ခတ်ချွတ်ပြီး ခွဲစိပ်ခန်းထဲ အပြေးအလွှားဝင်သွားတော့ ခွဲစိပ်မှုကိုရပ်ကာ ကျွန်မကိုစောင့်နေသော ဒေါ်မိမိတင်ကို တွေ့ရလေ၏။

လူနာကို ကျွန်မ ကမန်းကတန်း လှမ်းကြည့်လိုက်သည်။ မျက်စိစုံမှိတ်၍ ဘုရားစာ တတွတ်တွတ်ရွတ်နေ၏။ အေးအေးဆေးဆေးပင်။ ဒါဆို အခြေအနေကို လူနာမသိသေး။ တော်သေးသည်။

နှာခေါင်းစည်းကို ကမန်းကတန်းစည်းပြီး မမမိတင်ကို မျက်လုံးနှင့် မေးခွန်းထုတ်တော့ သူက လက်ညှိုးလက်ခလယ် နှစ်ချောင်းပူးကို အောက်သို့ထိုးကာ လက်ခါပြသည်။ သဘောကတော့ သားကြောပြွန်ကို ကောက်၍မရဟုလို။ သည်လူနာက မွေးပြီးသည်မှာ (၇)လ (၈)လရှိပြီ၊ သားအိမ်ဆိုက်(ဖ်)က ပုံမှန်ပြန်ဖြစ်နေပြီမို့ မွေးပြီးစလူနာ၏ သားအိမ်လို ချက်တိုင်နားမှာမရှိ။ ဟိုး...အောက်မှာ ကပ်နေပြီ။

မမမိတင် လက်ကလေးတွေက ဝဝကစ်ကစ် တိုတိုလေးတွေ၊ ခွဲထားသည့်အပေါက်က ကျဉ်းကျဉ်းမို့ အခက်အခဲဖြစ်နေဟန် ရှိသည်။

ကျွန်မလက်ကလည်း သိပ်တော့မထူး ခပ်တိုတိုလေးတွေပဲဖြစ်၏။ သူ့လောက်တော့ မတုတ်။ ပြီးတော့ ကျွန်မက ခွဲစိပ်ဝတ်စုံချွတ်ပြီးပြီ။ အပြင်ကိုလည်း ထွက်ပြီးပြီ။ လူနာတွေကိုလည်း လျှောက်ကိုင်ပြီးပြီ။ ခွဲခန်းထဲမှာ မထွက်ခင်ဆိုလျှင်တော့ လက်အိတ် တစ်ထည်လဲပြီး ကူနှိုက်ပေးမှုပါရဲ့။ ယခုတော့ အမြန်စဉ်းစားရတော့သည်။

'ကဲ...ဒေါ်စော...ဂလပ် ရွှပ်၊ ပီအီး နိုက်'



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုလက်ထောက် ဒေါ်ခင်စောဝင်းကို လက်အိတ်စွပ်၍ အောက်ဘက်မှ သားအိမ်ကို ပင့်တင်စေသည်။

လူနာက ထုံဆေးထိုးထားသဖြင့် အောက်ပိုင်း အကုန်လေးပြီး ထုံနေသည်မို့ ဒူးထောင်မထားနိုင်။ သည်တော့ မိန်းကလေးတွေ တစ်ဖက် နှစ်ယောက်စီ ခြေထောက်ကိုထိန်းပေးမှ အဆင်ပြေကြတော့၏။

'မမ Skin Incision ကို နည်းနည်းထပ်ချဲ့လိုက်ပါလား'

'ဒေါ်စော...မ,တင်လိုက်'

သည်လိုနှင့် ချွေးတွေကြားမှ နှစ်ကြိမ်လောက် ကြိုးစားလိုက်ရာ သားအိမ်ပြွန်တစ်ခုကို ညှပ်မိလေ၏။

'ရပြီ ရပြီ'ဟု အားရဝမ်းသာ ဝိုင်းအော်ကြပြီး အသက်ပင် ပြင်းပြင်းမရှူရဲဘဲ ကြည့်နေကြစဉ်ပင် လက်နှစ်ချောင်းကြားမှ လွတ်ထွက်သွားတော့ အားလုံး 'ဟာ'ခနဲ အော်ကြပြန်သည်။ ထပ်နှိုက်ပြန်သည်။ ကျွန်ခဲ့ပြန်သည်။ သုံးကြိမ် လေးကြိမ်လောက်မှာ မရသေးသဖြင့် မမမိတင်က လက်လျှော့လိုဟန် ကျွန်မကို လှည့်ကြည့်သည်။ တိုတိုတုတ်တုတ် သူ့လက်ချောင်းကလေးများကိုလည်း ဖြန့်ကြည့်နေသည်။

"ငါ့လက်ကလည်း တို၊ သူ့ဗိုက်ခေါက်ကလည်းထူ၊ မွေးပြီးပြီးချင်းတော့ မဖြစ်ဘူး တကတည်း"

သည်လိုနှင့် အဆီပြင် လက်တစ်ဆုံးစာ ထူထဲနေသော ဗိုက်ခေါက်ကြီးကို ထပ်ချဲ့ကြရပြန်သည်။ သုံးလက်မလောက် ဓွတ်မိုတ်၍ ခွဲချလိုက်မှ နည်းနည်း ပိုကျယ်လာပြီး လက်ထည့်ရာမှာ ပိုမိုအဆင်ပြေသွား၏။





အောက်မှ သားအိမ်ကိုပင့်ပေးနေသော ဒေါ်စောခမျာလည်း မစားသာ။ နောက်ဆုံးတော့ မိမိရရ ကောက်ယူနိုင်ပြီး သားကြော နှစ်ဖက်စလုံးကို အောင်မြင်စွာ ခွဲစိပ်ဖြတ်တောက်ပေးလိုက်နိုင်လေသည်။

လူနာမှာတော့ ရင်ဘတ်နားမှာ ကာထားသော အဝတ် ကန့်လန့်ကာကြောင့် ဘာမှန်းမသိလိုက်ရှာ။ သိများသိလိုက်၍ကတော့ အတော်ပင် ကြောက်ရှာပေလိမ့်မည်။

ပြီးတော့ မမွေ့ဘဲဖြစ်တာ (မွေးပြီ"ပြီးချင်းမဟုတ်ဘဲ ကလေးအတော်ကြီးမှ သားကြောဖြတ်တာ) ဘယ်လောက်ကြောက်စရာကောင်းကြောင်း ရပ်ကွက်ထဲမှာ မောင်းထုကြေညာပေလိမ့်မည်။

သည်တော့ သားကြောဖြတ်မည်ကြံ... ခွဲစိပ်မည့်ဆရာဝန်၏ လက်ချောင်းကို အရင်လာတိုင်းကြည့်ဟု ရယ်စရာပြောရမလို။ ။

ဖေဖော်ဝါရီလ၊ ၂၀၀၃။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်
ကမောက်ကမမှုများစွာ

# လွယ်အိတ်ထဲက လျှို့ဝှက်ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com




# လွယ်အိတ်ထဲက လျှို့ဝှက်ပစ္စည်းများ

အဲသည်ည ဂျူတီကတော့ သူနာပြုဆရာမ အေးအေးမူ (အန်တီချို)နှင့်ဖြစ်သည်။ ခွဲစိပ်လူနာ အရေးပေါ်လူနာများကိုကြည့်၊ ကျွန်မတို့ အေးအေးဆေးဆေး စကားထိုင်ပြောနေကြချိန် ဖြစ်သည်။ ည ဆယ်နာရီလောက်ဟု ထင်သည်။

လုံခြုံရေးတာဝန်ကျ ကိုပေါက်စက ဓာတ်မီးတစ်လက်ဖြင့် ဂျူတီခန်းရှေ့က ဖြတ်ပြေးသွားသဖြင့် ကျွန်မတို့ အလန့်တကြား ဖြစ်၍သွားသည်။

"ဟော့...မပြေးနဲ့"

အမယ်...သူခိုးပုလိပ်တန်းများ ကစားနေကြသလား၊ ညကြီးအချိန်မတော်၊ နောက်ကျောဘက် ပြတင်းပေါက်မှ အိမ်သာဘက်ကို လှမ်းကြည့်တော့ အထုပ်တစ်ခုပိုက်ထားသောလူတစ်ယောက်က ခပ်သုတ်သုတ်ပြေးသည်ကို တွေ့လိုက်ရသည်။

သူ့ခြေလှမ်းတွေ အိမ်သာဘက်ကွေ့ဝင်သည့် အချိုးမရောက်ခင် အမျိုးသားဆောင်ဘက်မှ ပတ်လာကြသော ကိုဝင်းသိန်းတို့နှင့် တွေ့သည်။ နောက်က ကိုပေါက်စက မီလာသည်။ သူ့ကို ညှပ်ပူးညှပ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းထားပြီး မေးမြန်းနေကြဟန်ရှိ၏။ သို့သော် ပြေလည်ပုံမပေါ်။ ခဏနေတော့ သူက အိမ်သာဘက်အပေါက်မှ ရေခဲတိုက်ဘက်သို့ ထွက်ရန်ပြင်သည်။ ကိုပေါက်စတို့က လက်မခံ။

ကျွန်မတို့ရှိရာအခန်းဘက် လက်ညှိုးညွှန်ပြပြီး တစ်စုံတစ်ခု ပြောသည်။ နောက်ဆုံး သူ့ကို လက်မောင်းမှကိုင်၍ ကျွန်မတို့ထံ ဆွဲခေါ်လာသည်။ အဲသည်ကျတော့လည်း သူက အထုပ်ကလေးကို ရင်ခွင်မှာ တင်းတင်းပိုက်ကာ လိုက်လာသား။

ခုံရုံးတစ်ခုစစ်ရတော့မလို အနေအထားဟု ခန့်မှန်း၍ ကျွန်မတို့လည်း အသင့်ပြင်ထားလိုက်ရသည်။ အင်း...လူနာမပူပြင်း၍ အေးအေးဆေးဆေး နားရမလားမှတ်တယ်၊ အမူရှာလာကြပြန်ပြီဟုလည်း တွေးနေမိ၏။

အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ မျက်လုံးပြူးကြောင်ကြောင်၊ ဆံပင်ရှုတ်ဖွားနှင့် လူငယ်တစ်ယောက်၊ အဝတ်အစားကတော့ အတန်အသင့် သားသားနားနားပင်။ စတစ်ကော်လာ ရှပ်ဖြူ လက်ရှည် လက်ဖျံခေါက်နှင့် ပလေကပ်ပုဆိုး စိမ်းပြာကို ခပ်တိုတိုဝတ်ထားသည်။ ပိုက်ထားသည့် ကချင်လွယ်အိတ် အနီရဲကလေးကတော့ ခပ်ဖောင်းဖောင်းပင်။

အပေါက်ဝရောက်တော့ သူက ခေါင်းငုံ့ အရိုအသေပြုဟန်ပြရင်း ...'ဆရာမ...ဝင်ခွင့်ပြုပါ'တဲ့။ အောင်မယ်...အတော်လာပါလား။

သူ ရှေ့ခုံမှာ နေရာတကျထိုင်ပြီးချိန်အထိ ကျွန်မတို့မှာ ဘာမှန်း မသိသေး။ ကိုပေါက်စကိုပဲ 'ဘာတွေဖြစ်နေကြတာလဲ' မေးရသည်။

"ဆရာ...ဒီလိုပါ...ကျွန်တော် မွေးခန်းဘက်ကနေ အမျိုးသား





ဆောင်ဘက်ဖြတ်တော့ ဒီညီလေးကို မော်ကျူရီဘက်က ဝင်လာတာ တွေ့ရတယ်။ ကျွန်တော့်လည်းမြင်ရော သူက နောက်ကြောင်း ပြန်လှည့်သွားတယ်။ ဒါနဲ့ ကျွန်တော်လည်း မသင်္ကာတာနဲ့ တီဘီဆောင်နားက တိုင်နဲ့ကွယ်ပြီး ကြည့်နေတော့ သူ ပြန်ဝင်လာပြန်ရော။ လက်ထဲမှာလည်း အဲဒီအိတ်ကိုပိုက်ထားတယ်။ ကျွန်တော်ပုန်းနေတာကို သူမမြင်တော့ ဆက်ဝင်လာပြီး စင်္ကြံလမ်းကနေ အမျိုးသမီးဆောင်ဘက်ကိုသွားတယ်။ ဒါနဲ့ ကျွန်တော်လည်း ကိုဝင်းသိန်းတို့ကို လှမ်းခေါ်ပြီး ဒီဘက်ကစောင့်ခိုင်း၊ ကျွန်တော်က ဟိုဘက်ကပတ်လိုက်တာ။ ဒီအခန်းနားမှာ သူနဲ့ မျက်နှာချင်းဆိုင်ဆုံတော့ ပြန်လှည့်ပြေးလို့ စောစောက ကျွန်တော် အော်လိုက်တာ။ အခုမေးတော့လည်း ဘာတွေ ပြောမှန်းမသိဘူး"

ကိုပေါက်စ စကားအဆုံးမှာ လူငယ်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ဆုံးအောင် စောင့်နေသည့်ပုံစံမျိုး။ ပြီးမှ ကျွန်မကို ပြုံး၍ပြလိုက်သည်။

"ဒါက ဒီလိုရှိပါတယ် ဆရာမ...ကျွန်တော်လေ အနီနဲ့အဖြူကို လာရှာတာပါ။ ဒီမှာများ တွေ့သလားလို့"

"ဟမ်..."

သည်တစ်ခါ အသံထွက်လာသည်က အနားမှာရပ်ပြီး နားထောင်နေသည့် အန်တီချိုဆီက ဖြစ်သည်။ သူနာပြုဝတ်စုံ အဖြူနှင့်အနီကို ဝတ်ထားသူမို့ လူငယ်ပြောတာကို ရယ်ချင်သလို စိတ်ကိုထိန်း၍ ပြောလိုက်သည်။

"ဘာအနီနဲ့အဖြူလဲ...အူကြောင်ကြောင်မလုပ်နဲ့ ရှင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြော”

“အမှန်တော့ ကျွန်တော့်စွဲလမ်းမှုလည်း ဖြစ်ချင်ဖြစ်မှာပါလေ၊ တွေ့မိတာတော့ ဒီနားမှာပဲဗျ”

သူက မော်ကျူရီဘက်ကို လက်ညှိုးထိုးရင်း ခပ်တည်တည်ပြောသည်။

“နေပါဦး…မင်းပြောနေတာ လူကိုလား ဒါမှမဟုတ် ပစ္စည်းတစ်ခုခုလား” သူ့မျက်နှာကို အကဲခတ်ရင်း ကျွန်မ ဝင်မေးလိုက်သည်။ မျက်နှာခပ်တင်းတင်းနှင့်ပေါ့။

“ဟို…အဖြူနဲ့ အနီလေ”

“အေးလေ…အဲဒါ အင်္ကျီအဝတ်အစားကို ပြောတာလား၊ ဒါမှမဟုတ်”

“သြော်…ဟုတ်တယ်ဟုတ်တယ်…အင်္ကျီနဲ့လုံချည် အဖြူနဲ့အနီဝတ်တဲ့သူ”

“ဒါမျိုးလား” ချိုချို့ကို လက်ညှိုးညွှန်၍ မေးတော့

“ဟုတ်တယ် ဒါမျိုး” သူက အားရပါးရ ခေါင်းညိတ်ဖြေသည်။

“ဒါဖြင့် သူပဲပေါ့…ခု တွေ့ရပြီပဲ”

“ဟင့်အင်း…သူတော့မဟုတ်ဘူး၊ ဟိုက ပိုချောတယ်၊ ဆံပင်က အရှည်ကြီး ခြေဖျားလောက်ထိနေတာ ဖားလျားချထားတာ”

“ဒါဖြင့် ဥစ္စာစောင့်နေမှာပေါ့”

ကျွန်မက အကြောက်အရွံ့မရှိသည့်လေ့အတိုင်း လွှတ်ခနဲ ပြောလိုက်သည်ကို သန့်ရှင်းရေးမိန်းကလေးက ကြက်သီးထနေသေးသည်။ ကြည်ကြည်မွန်က သရဲကြောက်သူ။





“မင်းနာမည် ဘယ်သူလဲ”

“ကျွန်တော် မိုးကျော်ပါခင်ဗျာ”

“အေး…မိုးကျော်…မင်း ဘာမှ ပေါက်ကရတွေ ပြောမနေနဲ့ မင်း ဒီဆေးရုံထဲကို ဘာအကြံနဲ့ဝင်လာသလဲ…မှန်မှန်ပြောပါ”

“ကျွန်တော်…အဖြူနဲ့အနီ”

“တော်စမ်း” ဘယ်လိုချောက်မေးမေး ချော့မေးမေး သူက သဲလွန်စထွက်မလာဘဲ သည်စကားသာ လုံးလည်ချာလည်လိုက်နေတော့ရာ ကျွန်မတို့မှာ မေးရင်း ဒေါသထွက်၍လာသည်။ လက်ထဲက အိတ်ကိုလည်း ကျစ်ကျစ်ပါအောင် ဖက်ထားသေးရာ ပို၍ မသင်္ကာစရာ ဖြစ်၍နေသည်။

“မင်းလွယ်အိတ်ထဲက ဘာတွေလဲ…ထုတ်စမ်း”

“ဟာ…ဒါ ကျွန်တော့်ပစ္စည်းတွေပါ၊ ဘာမှမဟုတ်ပါဘူး”

ခါးခါးသီးသီးငြင်းပုံက ပို၍ သံသယဖြစ်ဖွယ်မို့ ချိုချိုက အိတ်ကို လှမ်းဆွဲလိုက်သည်။ သူက နောက်ကိုယို့ရှောင်ပြီး နေရာမှ ထ,ပြေးဖို့ ပြင်သည်။

ဘာတွေလဲ၊ ခိုးရာပါပစ္စည်းတွေလား၊ ခါးပိုက်နှိုက်လာတာလား၊ ဒါမှမဟုတ်… ဖောက်ခွဲရေးပစ္စည်းတွေနှင့်ဆိုလျှင်ရော… ဟာ… အဲဒါလည်း မဖြစ်နိုင်ဘူးဟု မပြောနိုင်။

ပုန်းလျှိုးကွယ်လျှိုးလာရင်း ဆေးရုံဘက်ကို ဝင်လာမိရာမှ လူမိသွား၍ ဟိုပြောဒီပြော ရှုးချင်ယောင်ဆောင်နေတာလည်း ဖြစ်နိုင်သည်။ ကျွန်မစိတ်ထဲ အဲဒီတော့မှ ထူပူထိတ်ပျာသွားသည်။ ပြီးတော့ ဥပဒေပြင်ပမှ ပစ္စည်းတွေဆိုလျှင်…



www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှားစဉ်းစားရင်း အကြံအိုက်၍သွားသည်။

"ဦးပေါက်စ၊ ဦးဝင်းသိန်း သူ့ကိုချုပ်ထား ကြည်ကြည်မွှန် သူ့အိတ် ယူလိုက်စမ်း"

ရန်းရင်းကန်ရင်း လွယ်အိတ်ကိုရတော့မှ ချိုချိုက လွယ်အိတ်အမြီးတံနှစ်ခုမှကိုင်ပြီး အထဲရှိတာတွေ စားပွဲပေါ် ဝေါခနဲ သွန်ချလိုက်သည်။ လက်ပစ်ဗုံးတွေ ဘိန်းဖြူထုပ်တွေများ တွေ့ရမလားဟု ထိတ်နေဆဲ။ ထွက်လာသည်များက ခတ်ပုံအယ်လ်ဘမ်နှစ်ခု၊ ဖလင်လိပ်နှစ်လိပ် ဖလင်ဗူးတစ်ဗူး၊ ပြီးတော့ ဘောက်ချာစာအုပ်တစ်အုပ်၊ ယောက်ျားကိုင် လက်ကိုင်ပဝါတစ်ထည်၊ သားရေကွင်းသုံးလေးကွင်း၊ ဒါပဲဖြစ်၏။

"မင်း ဘာအလုပ်လုပ်သလဲ"

"ကျွန်တော် ကင်မရာမင်းပါ"

"ဘယ်မှာ ရိုက်တာလဲ"

"xxx ပန်းခြံမှာပါ"

"နေတော့"

သူ့လိပ်စာကိုပြောစဉ် ကျွန်မ လိုက်ရေးမှတ်ထားလိုက်သည်။ သာကေတလိပ်စာပဲ။

"အဲဒီ အနောက်ဘက်တံခါးက သော့ခတ်ပိတ်ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ပိတ်ထားတာနဲ့ ကျွန်တော် ကျော်ဝင်လာခဲ့တာ"

မေးနေရင်း သူ့အယ်လ်ဘမ်တွေကို လှန်လှောကြည့်တော့ မိန်းကလေးတွေ၏ အလှပုံတွေ၊ ပန်းခြံထဲမှာ အနေအထားအမျိုးမျိုးနှင့်





ရိုက်ထားသောပုံတွေ၊ အယ်လ်ဘမ်ကလည်း ကျွန်မတို့အိမ်က အယ်လ်ဘမ်တွေလို စာအုပ်ပုံစံမဟုတ်။ ခေါက်တွန့်ချိုးထားပြီး ထိပ်စကနေဆွဲခါချလိုက်သည်နှင့် အရှည်လိုက်ကြီး အောက်ကို တန်းလန်းပြေကျသွားသော ကင်မရာမင်းသုံး အယ်လ်ဘမ်မျိုးတွေ၊ ပန်းခြံတွေထဲမှာ 'အစ်မရေ...ဓာတ်ပုံရိုက်သွားပါဦးလား' ဆိုပြီး မျက်နှာနား ဝဲဝဲလာတတ်သည်မို့ ရောင်းရတိမ်းရ ငြင်းရသည်ကို သတိရမိသည်။

"မင်းပြောတော့သာ ကင်မရာမင်း...ဘယ်မလဲ ကင်မရာ"

"ကင်မရာက ကျွန်တော့်သူငယ်ချင်းနဲ့ စပ်တူဝယ်ပြီး လုပ်ကြတာ၊ သူ့အိမ်က အလုပ်နဲ့နီးလို့ သူပဲသိမ်းထားတယ်။ ကျွန်တော်က ကားကြပ်ပြီး ခရီးဝေးလို့ ယူလို့မဖြစ်ဘူး"

ပြောလိုက်တာလည်း 'ညွှန့်' လို့ပဲ။ ရှူးတယ်လို့လည်း ကောက်ချက်ချ၍မရ။ ဒါဖြင့် ကြောင်နေသည်လား။ တစ်ချိုတစ်ချို ထ, ဖောက်ပြန်သည့် ကြောင်ခြင်းလား၊ မူးယစ်ဆေးသုံးထား၍ ကြောင်ခြင်းလား၊ ဆေးခြောက်ကြောင်လား ခွဲ၍မရ။

"မင်း ဆေးသုံးထားတယ်မဟုတ်လား၊ ငါ ရဲစခန်း ဖုန်းဆက်ခေါ်လိုက်မယ်"

(ပြောပြီး ကျွန်မ ရယ်ချင်စိတ်ကို မနည်းထိန်းလိုက်ရသည်။ သာကေတက တယ်လီဖုန်းတွေ၏ အခြေအနေ၊ ရဲစခန်းက ဖုန်း၏ 'အထာ' နှင့် ဆက်လိုက်လျှင် ဘာတွေဖြစ်သွားတတ်သည်ကို သိပြီးဖြစ်သည့် ကျွန်မတို့အနေနှင့်က ရယ်စရာဖြစ်သော်လည်း တစ်ဖက်လူကတော့ ကလေးကစားစရာ သေနတ်ကို တကယ့်သေနတ်အစစ်ဟု ထင် ပြီး အသက်အန္တရာယ်အတွက် တုန်လှုပ်ချောက်ခြားသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



လူလို ဖြစ်၍သွားတတ်ကြသည်။)

အခု သူလည်း ပြုံးပြုံးပြာပြာ ခြေခါခါ လက်ခါခါနှင့် ထ,ပြေးဖို့ပြင်သည်။

"ရဲစခန်းတော့ မဆက်ပါနဲ့ ဆရာမရယ်...ကျွန်တော် အခုပြန်ပါ့မယ်"

ဘာမှလည်း လက်ဆုပ်လက်ကိုင် ပြစရာမရှိသဖြင့် လိပ်စာကိုသေချာရေးမှတ်ထားပြီး သူ့ကို ပြန်လွှတ်လိုက်ရသည်။

မနက်လင်းသည်နှင့် အဲသည်ရပ်ကွက် သွားစုံစမ်းနိုင်းတော့...

အမည်နှင့် လိပ်စာအရ မိုးကျော်ဆိုတာ ရှိကြောင်း၊ ဓာတ်ပုံရိုက်စားသည်မှာလည်း ဟုတ်ကြောင်း၊ သူ့မိခင်ကြီးနှင့် အတူနေကြောင်း၊ ပြီးတော့ တစ်ချိူတစ်ချို ထ,ပြီးဖောက်တတ်သဖြင့် စိတ်ကျန်းမာရေးဆေးရုံ ပြဖူးကြောင်း အခု မဖြစ်သည်မှာ ကြာပြီဖြစ်သဖြင့် အလုပ်ပြန်ဆင်းနေကြောင်းတွေကို စုံစမ်းသိရှိရတော့မှ ကျွန်မမှာ ဘဝင်ကျတော့သည်။

သည်အကြောင်းတွေ ချိုချိုနှင့် ပြန်ပြန်ပြောကြတိုင်း

'ဟုတ်ပါ့ မလွှင်ရယ်...ချိုချိုဖြင့် စိတ်လည်းတို ရယ်လည်းရယ်ချင်နဲ့ ဘယ်လိုရှုးကြောင်ကြောင်ကောင်လဲမသိပါဘူးဟု ပြောလေတော့သည်။ ။

မတ်လ၊ ၂၀၀၃။

❀ ❀ ❀

လမင်းတာလ

---

ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့် ကမောက်ကမများစွာ

# သရဲကြောက်သော ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



# သရဲကြောက်သော ဆရာဝန်

**ဆေး**ရုံတိုင်း လူသေနှင့်မကင်း၊ ခုတင်တိုင်း လူနာမသေဖူးသည် မရှိ။ ဆေးရုံဆေးခန်းအတွက် မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့မည်သည့် ဘာမှထူးခြားဆန်းပြားသောကိစ္စတွေ မဟုတ်ကြပေ။

ဇွဲဖြ ပါးသောရောဂါနှင့် သေဆုံးခြင်းများအပေါ် ဆရာဝန်နှင့် လူနာကြား ဆက်ဆံရေးအရ ဘာမှ ထူးပြီးမခံစားရ။ ရောဂါကြောင့် ဆေးလည်းမတတ်နိုင်တော့ဘဲ ကုသ၍မရတော့ဘဲ သေသည်။ လူနာရှင်တွေကို ရှင်းပြနိုင်ရန် စကားလုံးတွေကိုလည်း သိပ်ခက်ခက်ခဲခဲ မရှာရပါဘဲ ရှင်းလင်းနှစ်သိမ့်နေကျ။

တတ်နိုင်သလောက် (အခြေအနေ ပေးသလောက်၊ အချိန်မီသလောက်)ကုမည်။ မရတော့လျှင် လူနာရှင်ကို အသိပေးမည်၊ အသက်ဆုံးသွားလျှင် သေဆုံးကြောင်း အတည်ပြုပြီး လိုအပ်သော စာရွက်စာတမ်း ထုတ်ပေးမည်။ ဆက်လက်လုပ်ဆောင်ရမည့် (မိမိတို့နှင့်ဆိုင်သော) ကိစ္စဝိစ္စများကို ညွှန်ကြားမည်။ ပြီးတော့ လူသေကို ရေခဲတိုက်သို့ ရွှေ့စေမည်။ ကျန်ကိစ္စတွေ ကျန်သက်ဆိုင်ရာလူတွေက သူ့အဆက်အသွယ်နှင့်သူ တာဝန်ယူသွားကြလိမ့်မည်။

**လမင်းစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အသုဘရှင်တွေက ပူဆွေးသောကရောက်နေချိန်မှာ (လုပ်ကိုင်ဆောင်ရွက်ပေးစရာများ ပြီးစီးသွားသည့် ဆရာဝန် ဆရာမများအနေဖြင့်) ကိုယ့်နေရာကိုယ်ပြန်လာပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေတာ၊ ရယ်မောပြောဆိုနေတာ၊ ရုပ်ရှင်အကြောင်း ဝတ္ထုအကြောင်းတွေ ပြောနေတာ ကြုံဖူးကြလျှင် ခွင့်လွှတ်ကြ၊ နားလည်ကြလိမ့်မည် ထင်ပါသည်။ (ဆရာဝန်များဘက်က အယူခံဝင်ခြင်းဟုလည်း ဆိုနိုင်ပါသည်။)

ရိုးသွားတော့လည်း မကြောက်ကြတော့တာဖြစ်သည်။ ဆေးရုံနှင့် စိမ်းနေသူများကတော့ သည်လိုအဖြစ်မျိုးကြုံသည်နှင့် ညဘက်ရောက်လျှင် နစ်မြိုက်စွာ မအိပ်ရဲတော့ဘဲ ခြင်ထောင်ကပဲလှုပ်သလို၊ ပြတင်းပေါက်ကပဲ အရိပ်တွေ့သလို ရေခဲတိုက်ဘက်ကပဲ အသံကြားသလို၊ ခုတင်ကပဲ ယိမ်းနေသလို ချောက်ချားကုန်ကြတော့သည်။ ကြက်သီးတွေ တဖျန်းဖျန်းထ၊ ခြေတွေ လက်တွေ အေးစက်၍ အကြောက်ကြီးကြောက်ကုန်ကြတော့သည်။

ထို ကြောက်သူ လူနာများ လူနာစောင့်များကို ဆရာဝန် ဆရာမများက ဖြတ်သွားဖြတ်လာ လိုက်အားပေးရင်း မကြောက်ကြရန် ဘုရားစာဆို၍ အိပ်ပျော်အောင်အိပ်ရန် သတိပေး တိုက်တွန်းရတတ်သည်။

သို့ဆိုလျှင် ဆရာဝန် ဆရာမအားလုံးက သူရဲကောင်းတွေချည်းပဲလား။ သူတို့လည်း ပုတုဇဉ်တွေပဲမို့ ကြောက်တတ်သူတွေကတော့ ဖြင့် ရှိနေပါသေးသည်။

သရဲကြောက်သော ဆရာဝန်တွေအကြောင်း ပြောကြတိုင်း ကျွန်မ





သူငယ်ချင်း ဒေါက်တာလှမျိုးကို အမြဲသတိရပြီး ပြုံးမိပါသည်။

သူကမှ ယောက်ျားလေးတန်မဲ့ ကျားကိုးစီးဖားမကုန်သော ခန္ဓာကိုယ်နှင့် အဟုတ်သရဲကြောက်တာပါကလား၊ တုန်နေအောင် ကြောက်သည် ဆိုတာမျိုး။

ကျွန်မတို့ OG Posting (သားဖွားမီးယပ်ဆိုင်ရာတန်းတာဝန်)တုန်းက အလုပ်သင်ဆရာဝန်အဖြစ် ဗဟိုအမျိုးသမီးဆေးရုံတွင် ဘာဝန်ကျကြပါသည်။ မွေးဆောင်(ရှေ့ဘက်ဆောင်) ပထမထပ် (AB II)နှင့် (D ရုံ)ကို စင်္ကြံလမ်းကလေးနှင့် ဆက်သွယ်ထားပါသည်။ အလုပ်သင်ဆရာဝန်တွေအတွက် နားနေခန်း၊ အိပ်ခန်းက၊ အဲဒီ D ရုံမှာ တစ်ခန်းတည်း။ ယောက်ျားလေး မိန်းကလေး ရောနေသည်။ ခွဲခြားအိပ်နိုင်အောင် အချင်းချင်း တာဝန်ခွဲပြီးမှ နှစ်ဆိုင်ခွဲ၍ အိပ်ရသည်။ ယောက်ျားလေးတွေအိပ်လျှင် မိန်းကလေးတွေ မွေးဆောင် မွေးခန်းမှာသွားနေ၊ လူနာရှိတာစောင့်ပြီး အလုပ်မရှိ ငုတ်တုတ်ထိုင်နေကြပေရော့။

အဲ...အချိန်နေလျှင် သူတို့ကို သွားနှိုး၊ မိန်းကလေးတွေက ဝင်အိပ်၊ သို့မဟုတ် မိန်းကလေးတွေက အရင်အိပ် သူတို့က မိုးလင်းပိုင်းမှအိပ်၊ တစ်လှည့်စီ။ ထိုအခန်းက ခေတ်ဟောင်းအုတ်ကျပ်ကြီး၏ ထိပ်မှာရှိသည်။ ခုတင်ခြေရင်းက ပြတင်းပေါက်ကြီးကနေ စာတိုက်လမ်း သံတိုင်များနှင့် ဟိုးအောက် နက်ရှိုင်းသော မြောင်းကြီးကို ပင်ကူမျှင်များကြားမှ မြင်နေရသည်မှာ ကြောက်စရာ ချမ်းစရာ။ ပြတင်းမှန်တွေကလည်း ကွဲနေသေးသည်။

ပြီးတော့ ပါးစပ်သတင်းကိုလည်း နားထောင်ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



သည်ဓာတ်လှေကားက ကြိုးပြတ်ကျသဖြင့် လူသေဖူးသည်တဲ့။ သေတဲ့အထဲမှာ ကိုယ်ဝန်ဆောင်တစ်ဦး၊ မွေးကင်းစ ကလေးတစ်ဦး၊ စစ္စတာတစ်ဦးနှင့် ဓာတ်လှေကားမောင်းသူတစ်ဦး ပါသည်တဲ့။ သေတဲ့သူတွေက ည,ညဆို တွင်းခေါင်းထဲက အသံနက်ကြီးနှင့် အော်သည်တဲ့။ ကိုယ်ရောင်ပြသည်တဲ့။ ဓာတ်လှေကား တံခါးဖွင့်သံ,ပိတ်သံတွေလည်း ကြားရသည်တဲ့...အစုံ...အစုံ။

ဘယ်သူမြင်လဲ၊ ကြားလဲဆိုတော့လည်း တိတိကျကျမဟုတ်။

သို့သော်လည်း အဲသည်အခန်းမှာ ဆရာဝန်လေးတွေ တစ်ဦးချင်းစီ မနေရဲကြ။ မနေရဲသည်ကိုလည်း အပြစ်မဆိုသာ။ အနီးတစ်ဝိုက်မှာ လူနာခန်းတွေကလည်း နည်းနည်းလှမ်းသည့်ဆိုတော့ အရေးအကြောင်းများ ပေါ်လို့ကတော့ ခေါ်မကြား၊ အော်မကြား။ လန့်ပြီး သတိလစ်နေလျှင်တောင် ဟော်ရုံလူ မသိနိုင်။

ဆိုတော့ အုပ်စုလိုက်သွားအိပ်ကြ၊ ထွက်လျှင်လည်း အုပ်စုလိုက်ထွက်ကြ၊ အခုမှ သိပ်ချစ်နေကြသည်။

အဲသည်အထဲမှာ အကဲဆုံးကတော့ ဆိုခဲ့သည့်အတိုင်း လှမျိုးပဲပေါ့။ အတူအိပ်သည့် လှမိုးတို့ ရဲမြင့်တို့က ပြောပြသည်မှာ လှမျိုးက ခုတင်ကို ခေါက်ထိုးအိပ်သည်ဆိုပဲ။ ရှေ့အုပ်စု မိန်းကလေးတွေက အတည့်အိပ်သည့်ခုတင်ကို သူက ခေါက်ထိုးအိပ်တော့ မိန်းကလေးတွေ ခြေထောက်ထားရာ သူက ခေါင်းထားသည့်ကိစ္စ ဘုန်းတွေဘာတွေနိမ့်မှာ မကြောက်ဘူးလားဟုဆိုတော့ ကိုယ့်သူငယ်ချင်းတွေပဲ ဘာဖြစ်လဲတဲ့။ သူက 'ဘုန်း'ကိစ္စကို သိပ်အရေးမစိုက်။ လောလောဆယ်-အသက်နှင့် အဝေးကြီးကိုး။





"နင်တို့စဉ်းစားကြည့်ဟာ၊ ဒီအတိုင်း အတည့်အိပ်ရင် ခြေရင်းမှာ ပြတင်းပေါက်၊ မှန်တွေက ကွဲနေလို့ ဟာလာဟင်းလင်းကြီး၊ လှမ်းကြည့်လိုက်ရင် ဓာတ်လှေကားက ကြိုးတွေ စက်သီးတွေကိုတောင် မြင်နေရတာ၊ သရဲလာခြောက်တာနဲ့ ကိုယ်နဲ့ မျက်နှာချင်းဆိုင် တွေ့ရမှာ၊ အမယ်လေး...တွေးကြည့်တာနဲ့တင် ကြက်သီးတဖျန်းဖျန်းထလာပြီ၊ ခေါက်ထိုးအိပ်လို့ကတော့ သူ့ကို ငါမမြင်ရဘဲ ကောင်းကောင်းအိပ်လို့ရတယ်ဟာ၊ အိပ်နေတုန်း ပေါ်လာပြီး ကုပ်ချိုးတော့လည်း မနိုးခင် သေသွားတော့ ပြီးရောပေါ့"တဲ့။

ကြဲကြဲဖန်ဖန် အတွေးပေါက်ပြီး ထူးထူးဆန်းဆန်း ရှာဖွေကြောက်တတ်သော လှမျိုးကို ကျွန်မတို့ကလည်း ဘယ်လိုခြောက်ချင်မှန်း မသိ။

တစ်ညမှာ လူနာများစမ်းသပ်နေရင်း ပစ္စည်းတစ်ခု အခန်းထဲမှာ ကျန်နေခဲ့၍ ပြန်ယူဖို့ဖြစ်လာသည်။

ကျွန်မစိတ်ထဲ ဘာပစ္စည်းဆိုတာတော့ သိပ်မမှတ်မိ။ ဘောလ်ပင်လား၊ ရေဗူးလား၊ စာအုပ်လား၊ လက်နှိပ်ဓာတ်မီးလား မသေချာ။ ကျန်သည့်လူတွေက မအားကြ၍ 'လှမျိုး'ကို သွားယူခိုင်းသည်။ သွားယူပေးမယ်များထင်သလား။ ဝေးပါသေးသည်။ 'ဟင့်အင်း'တဲ့။ ယောကျ်ားလေးဖြစ်လျက်နှင့် ကြောက်တတ်သော၊ တွက်ကပ်သော သူ့ကို စိတ်အချဉ်ပေါက်ပေါက်နှင့် ကျွန်မတစ်ယောက်တည်း ထွက်လာခဲ့သည်။

အချိန်က ည(၁၁)နာရီခန့်၊ လူနာတွေအိပ်ခါစ၊ မီးအချို့ မှိတ်ခါစ၊ စင်္ကြံမီးကတော့ လင်းပါသည်။ အလုပ်သင်ဆရာဝန်ခန်းရှေ့က



www.burmeseclassic.com

www.burmeseclassic.com



မီးလည်း လင်းပါသည်။

ကျွန်မကတော့ အခန်းနံရံတွေက ပြန်လာသော ကိုယ့်ခြေသံကို ပြန်အဖော်လုပ်ရင်း ဖြတ်ဖြတ်နှင့် လျှောက်သွားပြီး သော့ဖွင့်ပါသည်။ မှောင်မှမ်းမြင်နေရသော ခါတ်လှေကားဘက်ကိုတောင် ကြည့်မိသေး။ တွေ့တော့လည်း တွေ့ပေါ့။ မြင်ဖူးတယ်ရှိတာပေါ့။ အခန်းတံခါး ဖွင့်သွားတော့ အခန်းထဲမှာ မီးဖွင့်ထားခဲ့သဖြင့် လိုချင်သောပစ္စည်းကို စားပွဲပေါ်မှာ အလွယ်တကူပင် တွေ့ရပါသည်။ ပစ္စည်းယူ ပြန်ထွက်၊ သော့ခတ်ပြီး ပြန်လာရာ လမ်းတစ်လျှောက်လည်း ဘာမှ သိုးသိုး သန့်သန့် မတွေ့မိပါ။ ကြည့်ရတာ သရဲက ဒါမျိုးကျ သိပ်မခြောက်ချင်ဘူးထင်ပါ့။

သည်လိုနှင့် AB II ဘက် ပြန်လျှောက်လာတော့ ဟိုးဘက် အကွေ့မှာ 'လှမျိုး'ကို လွှားလွှားနှင့် လျှောက်လာတာ တွေ့ရပါသည်။

ကျွန်မ စဉ်းစားဖို့အချိန်မရ။ ခေါင်းထဲမှာ ပေါ်လာသည့် အကြံကို ကောင်း၏ မကောင်း၏ ချိန်ဆမနေတော့ဘဲ 'ငုတ်ခနဲ' ထိုင်ချလိုက်ပါသည်။ လှမျိုးကို ပုန်းတာလေ၊ လာပြီ။ သူ ကွေ့လာလျှင် ကျွန်မနှင့်တွေ့မည်။

'ဝါ့'

ကျွန်မ ခြောက်လိုက်ခြင်းမဟုတ်ပါ။ လှမျိုးပါးစပ်က အသံနက်ကြီးနှင့် အော်လိုက်ခြင်းသာဖြစ်ပါသည်။ လူကလည်း တစ်တောင် မြောက်မြင့်အောင် ခုန်ထည့်လိုက်ပါသည်။ သူ့ခန္ဓာကိုယ် ဝဖိုင့်ဖိုင့်ကြီးနှင့် သည်လောက်ခုန်တာ အံ့သြစရာ။

သူ့အသံနှင့် ဝုန်းခနဲခုန်သံကြောင့် လူနာတွေ လန့်နိုးကုန်ကြ





သည်။ ဆရာမတွေ အလန့်တကြား ထွက်ကြည့်သည်။ ပြီးတော့ စစ္စတာက သူ့ကို (ရုတ်ရုတ်သဲသဲလုပ်သူအဖြစ်) အပြစ်တင်ပါတော့သည်။ ဆရာဝန်ကလေးတွေ ဖြစ်နေသောကြောင့်သာ သက်သာရာရသည်ထင်၏။ မဟုတ်လျှင်တော့ စစ္စတာ့ကြည့်ရတာ အတော့်ကို ဆူပူကြိမ်းမောင်းပစ်လိုက်လိုဟန်ရှိသည်။

"နင့်ကို ငါက မှင်စာလေးမှတ်လို့ အရမ်းလန့်သွားတာဟ"

လှမျိုးမှာ ဒါပဲပြောပြီး ရေတဝွပ်ဝွပ်သောက်ရှာလေ၏။ ကျွန်မမှာ ကိုယ့်အပြစ်နှင့်ကိုယ် အမှန်မပြောရဲ၊ ရယ်လည်းမရယ်ရဲ။

"ငါ့လက်ထဲက ဘောလ်ပင်လွတ်ကျလို့ ကုန်းကောက်နေတုန်း နင်တွေ့သွားတာကိုး၊ နေပါဦး...နင်က ဘာကိစ္စ လိုက်လာရတာလဲ"

"ဩော်...နင်တစ်ယောက်တည်းသွားတာ ကြောက်မှာစိုးလို့ အဖော်ရအောင် လိုက်လာတာပေါ့ဟ၊ မတော်...နင့်ကို သရဲ ကုပ်ချိုးရင် ခက်မှာဆိုပြီး ငါက စေတနာနဲ့လိုက်လာတာ။ ကြောက်ကြောက်နဲ့ အရဲစွန့်လာတုန်း အကွေ့မှာ အောက်နားမှာ သေးသေးလေးဆိုတော့ ငါက ကလေးသရဲထင်လို့"

ကျွန်မ ရယ်ချင်စိတ်ကို ချုပ်တည်းထားလိုက်ရသည်။ မသိပေါင်၊ သူ အဲဒီလောက်ကြောက်တတ်မှန်းသိရင် အဲဒီလို ခြောက်ဖြစ်မှာ မဟုတ်။ ခုတော့ 'နင့်ကို ငါခြောက်ချင်လို့ တမင် ငုတ်တုတ်ထိုင်နေတာ'ဟု မပြောဖြစ်အောင် သတိထားလိုက်ရသည်။ ခုချိန်ထိလည်း သူ မသိရှာပါ။ စစ္စတာ၏ 'ယောကျ်ားဖြစ်ပြီး ဒီလောက်တောင် ကြောက်တတ်နေရင် ဆရာ ဘယ်လို ဆရာဝန်လုပ်မလဲ'ဟူသော အပြောနှင့် မျက်စောင်းကို သူတစ်ယောက်တည်း ခံရရှာသည်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိတ်မကောင်းဖြစ်မိ၏။ နောက်နောင်လည်း သူတစ်ပါးအား နည်းချက်ကို အခွင့်ကောင်းယူပြီး နောက်ပြောင်ခြင်းမျိုး မပြုလုပ်မိစေရန် အမြဲသတိထား ဆင်ခြင်ဖြစ်သွားသည်။

တကယ်ပြောတာပါ။ ဆရာဝန်တွေထဲမှာ သရဲကြောက်သော ဆရာဝန်တွေ အများကြီးရှိကြောင်း နောင် တဖြည်းဖြည်းနှင့် ကျွန်မ သိလာရပါသည်။ သူတို့ကပဲ ကြောက်တတ်သောကြောင့်လား မသိ။ မကြာခဏဆိုသလိုလည်း အခြောက်ခံကြရပါသည်။

အဲသည်လို သရဲအခြောက်ခံရသည့်အကြောင်းကို ပြောမိကြတိုင်း ကျွန်မကလည်း ကျွန်မသူငယ်ချင်း သူရဲကောင်းကြီး ဒေါက်တာလှမျိုး အကြောင်းကို အခုလိုပဲ ပြောပြတတ်ပါသည်။ ကွယ်ရာမှာ လှည့်ပြီး အရှက်ခွဲသည်ဟုတော့ သူငယ်ချင်း မကာင်စေလိုပါ။ ။

ဧပြီလ၊ ၂၀၀၃။

❀ ❀ ❀



ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်

ကမောက်ကမများစွာ

# မြွေပမ်းသော ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



# မြွေဖမ်းသော ဆရာဝန်

**ကျွန်**မသည် မြွေကို ဟိုငယ်ငယ်လေးကတည်းကနေ ယခုအချိန်ထိ ကြောက်သော အသည်းယားသောစိတ်မှာ တစ်သမတ်တည်းဖြစ်သည်။

သရဲမကြောက်သော်လည်း မြွေကိုတော့ ပိစိသေးသေးလေးသော၊ ရေမြွေသော နားမလည် အကုန်ကြောက်သည်။

နောက်ဆုံးနှစ် အပိုင်း(ခ)မှာ မှုခင် ဆေးပညာဘာသာရပ်အတွက် မြွေများကို လေ့လာရတိုင်း ကြက်သီးတဖျန်းဖျန်း ဖြစ်ရသည်။ ဒါတောင် ဆေးရည်စိမ်ထားသော မြွေအခွေလိုက်များဖြစ်သည်။ ပုလင်ကို မ,လိုက် လှုပ်လိုက်မှ အနည်းငယ်သာ ရွေ့ကြ လှုပ်ကြသော မြွေသေများကို သာမန်ကာလျှံကာကြည့်ပြီး ဆရာတို့သင်နေတာ မြန်မြန်ပြီးပါစေဟုသာ အခါခါ ဆုတောင်းနေမိသူဆိုတော့ မြွေကို အရှင်လတ်လတ် တလွန့်လွန့်များ တွေ့လိုက်ရကတော့ ပြီးပြီ။

အသည်းယားရမက ကြောက်ရခြင်းအကြောင်းမှာလည်း မြွေဟောက်အကိုက်ခံထိ၍ သေဆုံးသွားသော လူနာကို မြင်ဖူးခဲ့ပြီးကတည်းက ဖြစ်သည်။ ထိုလူနာ၏ ဝေဒနာခံစားနေရပုံများ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲက မထွက်။

မြွေဟောက်ဆိုတော့ အာရုံကြောများ ထိခိုက်ကုန်ပြီး 'မျက်လုံးတွေ ဘာမှမမြင်ရတော့ဘူး' 'မူးတယ်' 'နာတယ် ကျဉ်တယ်'နှင့် ညည်းတွားရင်း ဆရာဝန်တွေ အသက်ကယ်ဆေး၊ မြွေဆိပ်ဖြေဆေးတွေ ထိုးပေးနေရင်းကကို အသက်ထွက်သွားရသော သူ့ပုံသဏ္ဌာန်ကို ကျွန်မမှာ စားလည်းမြင်၊ သွားလည်းမြင်၊ အိပ်ခါနီးလည်းမြင်ကာ တစ်ပတ်လောက် စိတ်ဆင်းရဲလိုက်ရတာ။ အဓိကအကြောင်းက ဆေးကုသမှုခံယူရန် နောက်ကျရခြင်းကြောင့် မြွေဆိပ်ဖြေဆေးမမိလိုက်မှန်း သိသိကြီးနှင့်ပင် မြွေဟောက်ကိုက်ခံရသည့် လူနာဆိုလျှင် အချိန်မီ ဆေးထိုးပေးနိုင်သည့်တိုင် ကျွန်မ စိတ်မချတော့။

ဟိုလူမျိုးဖြစ်လာမည့် လက္ခဏာများ ပေါ်လာပြီလားဟု သွားသွားမေးရ၊ သွား,သွားစမ်းရသည်မှာ "စိတ်စွဲလွန်ရောဂါသည့်"လိုပင် ဖြစ်၍နေသည်။

မြွေမွေးဆိုလျှင် သွေးနှင့်ဆိုင်သော ခန္ဓာအစိတ်အပိုင်းများ ထိခိုက်သောကြောင့် သူကျတော့ ပြသောလက္ခဏာချင်းမတူ၊ သွေးတွေ ကျဲကုန်၊ သွေးကြောတွေပေါက်ကုန်၊ ဆီးထဲသွေးပါကုန်သည်။ ကျောက်ကပ် ထိခိုက်သည်။ ဒါလည်း ကျွန်မ သွေးခဏခဏဖောက်စစ်သည်။ ကြောက်လို့။

တစ်ခါကလည်း ကျွန်မ ညဂျူတီမှာ ညလုံခြုံရေး ကျော်ရွှေက အပြင်မှ သံတံခါးကို ခတ်ထားသောသော့နှင့် ခေါက်ပြီး နှိုးသည်။ ကျွန်မက အတွင်းက သစ်သားတံခါးကိုဖွင့်၊ သံတံခါးသော့ကိုဖွင့်ပြီးမှ အပြင်ထွက်ခဲ့ကာ 'ဘာလူနာလဲဟေ့'ဟု အော်မေးလိုက်တော့ ကျော်ရွှေ





က 'မြွေကိုက်လို့တဲ့ဆရာ'ဟု ပြန်ပြောပြီး လူနာကို ခုတင်ပေါ်သို့ တင်ခဲ့ကာ ဂိတ်ဝသို့ ပြန်လည်ထွက်ခွာသွားသည်။

သံတံခါးသော့ပြန်ခတ်ရင်း 'ဒုက္ခပါပဲ'ဟု ကျွန်မ ရေရွတ်မိသည်။ ဟုတ်သည်လေ။ ကျွန်မအတွက်လည်း ဒုက္ခ၊ လူနာအတွက်တော့ ပိုဒုက္ခပေါ့။ မြွေမွေးပဲဖြစ်ဖြစ်၊ မြွေဟောက်ပဲဖြစ်ဖြစ်၊ ရေမြွေပဲဖြစ်ဖြစ် အလုပ်ကတော့ ရှုပ်ပြီ။ စိတ်ကလည်း ပူရဦးမည်။

အချိန်ကြည့်လိုက်တော့ ည(၁)နာရီ။ တခြား ဗိုက်အောင့် ရင်ကြပ် လူနာတွေလို ဆေးကုသမှုပေးပြီး ပြန်ဝင်အိပ်၍ မရနိုင်တော့။ သွေးကို နာရီဝက်တစ်ခါ ဖောက်ပြီး ထိုင်စောင့်ပေတော့။

သူနာပြုဆရာမကလည်း ဘီပီကပ်ဖ်နှင့် နားကြပ်ကိုယူလာနေပြီ။ စမ်းသပ်ခန်းထဲသို့ ကျွန်မ ဝင်လိုက်သည်။ လူနာမိန်းကလေးက ခုတင်ပေါ်တွင် ခွေခွေလေး။ အဖော်မိန်းမကြီးနှစ်ဦးနှင့် ခပ်ရွယ်ရွယ် လူငယ်တစ်ဦးက နေရာဖယ်ပေးကြသည်။

'ဘယ်နားကို ကိုက်တာလဲ'

မေးနေချိန်မှာ ကျွန်မမျက်လုံးတွေက မိန်းကလေး၏ ခြေထောက်တွေမှာ။ အင်း...ယခင်ယခင်လူနာတွေလိုတော့ ကြပ်စည်းထားတာတို့၊ မီးကင်ထားတာတို့၊ ဓားနဲ့ခွဲထားတာတို့ ရှိမနေပေ။ ခြေထောက်ကိုကြည့်မိခြင်းကလည်း ညကြီး တစ်ရေးနိုး အပေါ့အပါးထသွားစဉ် မှောင်နှင့်မဲမဲ မြွေကို နင်းမိရာမှ အန္တရာယ်နှင့် တွေ့လာနိုင်သေးသည်ကိုး။ တခြားနေရာတွေလည်း ရှိတော့ ရှိနိုင်ပါသည်။ အများစုဖြစ်တတ်သည်ကို ပြောခြင်းပါ။

ယော်...တစ်ယောက်မှလည်း ပြန်မပြောပါလား။ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်။

'ဒေါက်တာမေးတာ ဖြေလိုက်လေ' ဆရာမက ထပ်ပြောလိုက်သည်။

'ဘယ်နားကိုကိုက်ခံထိတာလဲလို့' ကျွန်မ ထပ်မေးရသည်။

'ဟို...ဒေါက်တာ...ဘာမေးတာလဲဟင်' အဖြေမဟုတ်သော မေးခွန်း။

ခက်တော့နေပြီ။ သည်အဖွဲ့။ သူ့မျက်နှာ ငါကြည့်၊ ငါ့မျက်နှာ သူကြည့်နှင့်။

'ရှင်တို့လူနာကို မြွေကိုက်လို့ဆို။ အဲဒါ ဘယ်နေရာကို ကိုက်လိုက်သလဲ။ ပြီးတော့ မြွေရော ပါလား။ တချို့က ကိုက်တဲ့မြွေကို ရိုက်ယူလာတတ်ကြလို့ မေးတာ'

သည်တော့မှ သူတို့လေးယောက်လုံး ခေါင်းပြိုင်တူခါကာ အလု အယက်ဖြေကြ၏။

"ဟာ...မြွေကိုက်တာမဟုတ်ပါဘူး ဆရာမရဲ့၊ ဝမ်းကိုက်တာပါ"

တစ်ယောက်က 'ဖတ်ဖတ်၊ ဖွဟဲ့ လွဲစေ ဖယ်စေ' လုပ်လိုက်သေးသည်။

ကျွန်မမှာ တင်းထားသောစိတ်တွေ ခုမှ လျှော့ခနဲ ပြေကျတော့သည်။ ဝမ်းကိုက်တာဆို တော်သေးတာပေါ့။ ဒါနဲ့ တော်သေးသည်သာဆို၊ ဒါ ဝမ်းကိုက်တဲ့သူလာရမည့်အချိန်လား။ ဟုဘက်မှာမထွက်လိုက်ရသည့် ဒေါသက သည်ဘက်ကိုကူးပြီး ဆက်တည်ဖို့ကြံသည်။

"ဝမ်းကိုက်လို့...ဒီအချိန်မှ လာရသလား"

"ဟုတ်ပါတယ် ဆရာမရယ်၊ ညဦးကတည်းက လာဖို့ကို သူက





ခေါ်လို့မရဘူး။ သက်သာနိုး သက်သာနိုးနဲ့ ဆေးဆိုင်ကစပ်ပေးတဲ့ဆေးတွေ သောက်ရင် အိမ်သာတက်လိုက်ဆင်းလိုက် လုပ်နေတာ။ အခုကျတော့ အိမ်သာထဲမှာပဲ မထတမ်း သွားထိုင်နေတာနဲ့ ဒီထက်ပိုဆိုးရင် ခက်ရချည့်ဆိုပြီး ကျွန်တော် အတင်းခေါ်လာတာ။ နောက်ပိုင် သွားတာ ဝမ်းထဲမှာ သွေးတွေတောင်ပါတယ်။ အဖျားတွေလည်း တက်လို့..."

ကိစ္စမရှိပါ။ သွေးဝမ်းကိုက်ခြင်းအတွက် ဆေးကုရတာ အလွန်လွယ်ပါသည်။ သူ့ကို ဆေးရုံတက်ရန် ပြောသော်လည်း 'ပြန်ချင်တယ်'ဟုသာ ပြောနေသဖြင့် လိုအပ်သောဆေးတွေထိုး၊ သောက်ဆေးတွေ၊ ဓာတ်ဆားထုပ်တွေပေး၊ မနက်ဖြန် ပြန်လာပြရန် ပြောပြီး ပြန်လွှတ်လိုက်ရပါသည်။

လူနာတွေပြန်သွားမှ ရယ်ရမလို၊ ငိုရမလိုဖြစ်နေသော ကျွန်မမှာ ဂိတ်ဝသို့ လှမ်းအော်လိုက်မိတော့သည်။

'ကျော်ရွှေ...လာဦး'

'ဗျာ...လာပြီဆရာ'

'လာပါ...လာပါ...ငါ့ကို အရက်ခွဲတဲ့ကောင်၊ ငါ့ကို လူနာတွေက ဒီဆရာဝန်မ အိပ်ချင်မူ တူနဲ့ တောင်ပြောမြောက်ပြော ပြောတယ် ထင်သွားကြတော့မှာ...လာခဲ့"

ကျော်ရွှေ ပေကလပ် ပေကလပ်နှင့် ကုတ်ချောင်းချောင်း ရောက်လာသည်။

'နင်ပြောတော့ မြွေကိုက်တာဆို'

'ဟုတ်တယ်လေ...မြွေကိုက်လို့လို့ပြောတာပဲ...ဆရာ...ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို လွှတ်လိုက်တာလား...စောစောက ပြန်ထွက်သွားကြပြီ'

'ဆေးရုံကြီးမဟုတ်ဘူးဟေ့...နင့်အမေအိမ်ကို လွှတ်လိုက်တာ'

'ဗျာ...'

'ဘယ်ကလာ မြွေကိုက်ရမှာလဲ။ ဝမ်းကိုက်တာဟဲ့ ဝမ်းကိုက်တာ။ သေချာမမေးဘဲ ဆရာဝန်ကိုလာပြောရအောင် ဘာလဲ...နင် အိပ်ငိုက်နေတာလား'

ကျော်ရွှေက 'ဟာ...ကြက်တနာဘဲ'ဟု သူ့ထုံးစံအတိုင်း ခေါင်းကုတ်ကာ ရေရွတ်နေတော့သည်။ 'နင် အိပ်ပျော်သွားတာမဟုတ်လား' ဟု ဆရာမလေးက မေးသည်ကိုလည်း တိတ်တိတ်နေတော့သည်။

ဒါပေမယ့် ဘာပဲပြောပြော ကျွန်မကတော့ အတော်ကြီးကို ဝမ်းသာသွားသည်။ ဘယ့်နှယ့် မြွေကိုက်သည့်လူနာသာ တကယ်ဖြစ်လိုက်၍ကတော့ မလွယ်ပါ။

သို့သော်လည်း ဆေးရုံဆရာဝန်တစ်ယောက်အနေဖြင့် ကြောက်သောရောဂါကိုလည်း ရင်ဆိုင်ရမည်ပင်။ မကုချင်သောရောဂါ မရှိစကောင်း။

သည်တော့ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကြုံရဆုံရမည်ဟုသာ မျှော်လင့်ထားရ၏။

မျှော်လင့်ထားသော ကိစ္စကလည်း မကြာမီပင် ရောက်၍လာပါတော့သည်။

'ဆရာရေ...မြွေကိုက်လို့...တဲ့'

သည်တစ်ခါတော့ နေ့ခင်းကြောင်တောင်ကြီး ဖြစ်သည်။ ပြီးတော့ 'ဝမ်းကိုက်တာလား'ဟု ကျွန်မ ပြန်မေးစရာ မလိုလောက်အောင်





သေချာနေပါသည်။ မြွေကိုပါ ကျွတ်ကျွတ်အိတ်နှင့်ထည့်ကာ တစ်ပါတည်း ရိုက်ယူလာခဲ့ကြပြီကို။

ထုံးစံအတိုင်း ရှပ်ယှက်ခတ်သွားသည်။ BT, CT. ဖောက်ရသည်။ လူနာအခြေအနေက ကြောက်၍ သွေးပေါင်နည်းနည်းတက်ပြီး သွေးခုန်နှုန်းတွေ မြန်နေသည်ကလွဲ၍ ကျန်တာ ကောင်းပါသည်။ မြွေကိုကြည့်ရမည်။

'အိတ်ကိုဖွင့်လိုက်ပါ...ဘာမြွေလဲ'

ဟန်ကိုယ့်ဖို့သာ ပြောရ၊ ဘာမြွေလဲဆိုတာ ကျွန်မထက် သူတို့တွေက ပိုသိကြပေမပေါ့။ 'ရေမြွေ'ပါပဲ ဆရာမရဲ့ဟု ကွမ်းဝါးမပျက်ဖြေကြသည်။

'စပ်ကြာ့တွေဘာတွေများ ဖြစ်နေမလား၊ သေချာပြပါဦး'

အိတ်ကိုင်ထာသူက အိတ်ဝကို တော်တော်ကျယ်ကျယ် 'ဟ'ပြပြီ အိတ်အပြင်မှနေ ကိုင်တွယ်၍ မြွေကို လှန်လှောပြသည်။

'အမယ်လေး...မြွေက မသေသေဘူ။ လှုပ်နေသေတယ်'

ရုတ်တရက် ကျွန်မ နောက်ကို ခုန်ဆုတ်လိုက်ပြီ အလန့်တကြားအော်လိုက်ပုံကို သူတို့က ပြုံ့ချင်ချင်ဖြစ်ကြသေသည်။ ကြောက်ပါတယ်ဆိုမှနော်။

ကျွန်မခေါင်းထဲမှာ အကွက်ကဘယ်လို၊ ဝမ်းပိုက်အစင်းက ဘယ်ညာ၊ မျက်လုံးအောက်ကအကွက် ပိုကြီးပုံက ဘယ်သို့၊ အမြီးက တုပ်သည် ရှုသည်...စသော အဆိပ်ရှိသော မြွေ၏ လက္ခဏာတွေအကုန် စာအုပ်ထဲ ပြေဝင်ကုန်၏။

မမှတ်မိတော့။ ဘာမှ မမှတ်မိတော့။ သည်ကြာထဲ လူနာ၏



www.burmeseclassic.com

www.burmeseclassic.com



သွေးကို ခြောက်သွေ့သော ဆေးထိုးပြွန်နှင့် စုပ်ယူပြီး (2,3,5)လုပ်နေသော ဆရာမက သွက်သွက်ခါပြေးနေသော ပြွန်ထဲမှ သွေးတွေကို လှုပ်ခါပြရင်း . . .

'ဒေါ်လွင်ရေ . . .(၁၅)မိနစ်ကျော်ပြီ'ဟု လာပြောနေသည်။ ကဲ . . . မခက်လှ။ သူတို့အပြောကို ယုံပြီး ရေမွေ့၊ အဆိပ်မရှိဟု ပစ်ထားလိုက်ပြီးမှ မတော် အိမ်ရောက်ချိန်မှ အသက်ဆုံးရှုံးရသော် . . . အမယ်လေး မတွေးရဲစရာ။

မဖြစ်ဘူး မဖြစ်ဘူး . . .ကြည့်ရတာ 'မြွေကပြာ ' ဖြစ်ပုံရသည်။ ဆရာမကို မြွေပွေးဆိပ်ဖြေဆေးထိုးပေးရန် ညွှန်ကြားရတော့သည်။ ထို . . .ထို၊ ဆေးတွေက အများကြီးရှိသည်။ ကုန်သွားလို့ ကိစ္စမရှိ။ ဆေးထိုးနေချိန် လူနာ၏ မျက်နှာအရိပ်အကဲကို သွားအကဲခတ်နေမိသေးသည်။

အခြေအနေကတော့ သက်သောင့်သက်သာပါပဲ။ ဘာမှမပြော။ ဘာမှမဖြစ်။

အဲသည်အချိန်မှာပဲ ကျွန်မ အော်ဟစ်ခုန်ပေါက်ပစ်ချင်လောက်အောင် စိတ်ညစ်စရာအဖြစ် ကျရောက်၍သွားပါတော့သည်။

'မြွေထွက်ပြေးသွားပြီ'တဲ့။ 'ဆရာမတွေ ဂျူတီခန်းထဲကိုတဲ့' ဘုရား . . .ဘုရား . . .ဘယ်လိုများဖြစ်ရတာလဲ။ မြွေအိတ်ကိုင်လာသည့် ကောင်လေး တယ်လည်းပေါ့ဆပါလား ။ စောစောကတည်းက မြွေကို လှုပ်လှုပ်နေတာ ကျွန်မ ပြောလိုက်သေးသည်။ ဆရာဝန်ကြည့်ပြီးမှပဲ အထုပ်ကို ပြန်ချည်လိုက်ပါတော့လား ။ ဟောင်းလောင်း ဖွင့်ထားခဲ့ပြီ သူက ဘယ်မှာသွားမော့နေတာတဲ့လဲ။ ကျွန်မ အရမ်းလည်းကြောက်





ပြီး အရမ်းလည်း ဒေါသထွက်သွားသည်။ ခုနက ရိုက်ထားသောဒဏ်ကြောင့် မူးပြီး ငြိမ်နေသောမြွေက အခု အမူးပြေတော့ ခြေဦးတည့်တာ (အဲလေ) ခြေထောက်မှ မရှိတာ။ နှုတ်သီးခေါ်မလား ဘာခေါ်ရမှန်း မသိသည့် တည့်ရာကို လျှောက်တိုးတော့မှာပေါ့။ ခက်လိုက်တာ။

သို့နှင့် ဆရာမတွေတာဝန်ခန်းထဲ ကောင်လေးတွေဝင်ပြီး မြွေဖမ်းပွဲ စတင်ရပါတော့သည်။ ဟိုဗီရိုမ၊ သည်သေတ္တာရွှေ့၊ ဟိုစားပွဲတွန်း၊ သည်စင်ဖယ်နှင့် မြွေကို လှစ်ခနဲတွေ့လိုက်၊ ပျောက်သွားလိုက်၊ နာနေသောမြွေက သိပ်လည်း မြန်မြန်မပြေးနိုင်ဘဲ တွေ့ရာမြင်ရာကို စွတ်တိုးနေတော့သည်။ ကောင်လေးတွေက ဝါးရင်းတုတ်အားကိုးနှင့်၊ ဦးပေါက်စကလည်း မြက်ခုတ်နေရင်းမှ ထ,လာသဖြင့် မြက်ခုတ်ဓားကြီးနှင့်၊ သန်းသန်းအေးကလည်း နံရံမှာထောင်ထားသော ဖံမြက်စည်းနှင့်၊ နောက် လူနာစောင့်တစ်ယောက်ကလည်း ချာလီထီးရိုးရှည်ကြီးနှင့် လက်နက်ပေါင်းစုံကို စွဲကိုင်ကာ တောခြောက်လိုက်ကြသည်မှာ ဂျူတီခန်းထဲ ကမ္ဘာပျက်သကဲ့သို့ပင်တည်း။

မြွေဆိုလျှင်တော့ သူ့ရဲကောင်းမလုပ်ဝံ့သော ကျွန်မက ခုံပေါ်ခြေထောက်တွေ ကွေးတင်ထားပြီး သူတို့လုပ်သမျှ တထိတ်ထိတ်နှင့် လှမ်းကြည့် အော်ဟစ်နေရုံကလွဲ၍ ဘာမှမလုပ်တတ်ပေ။

နောက်ဆုံး သူတို့လက်ချက်နှင့် မြွေ(တကယ်)သေသွားမှ သက်ပြင်းကြီးချလိုက်နိုင်ပြီး ခြေထောက်တွေလည်း သမံတလင်းကို ချရဲတော့၏။ လူနာကလည်း မြွေဆိပ်ဖြေဆေးထိုးပေးအပြီး နောက်တစ်ကြိမ် သွေးစစ်တော့ ပုံမှန်ခဲသွားသည့်အပြင် စောင့်ကြည့်နေစဉ်အတွင်းလည်း ဘာမှမဖြစ်သဖြင့် ကျွန်မ စိတ်အေးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ထုံးစံအတိုင်း (၂၄)နာရီ စောင့်ကြည့်ရဦးမည်မို့ ဆေးရုံတက်နေစေရသည်။ လူနာကတော့ သက်သာနေပြီမို့ မတက်ချင်ပေ။ ကျွန်မက မြွေဆိပ်သင့်သည့်လူနာအကြောင်း ပြောပြပြီး တရားချထားရသည်။

လူနာက ပြုံးပြုံးရွှင်ရွှင်ဖြင့် အတွင်း ဆောင် ခုတင်သို့ ရွှေ့သွားသည့်အချိန်အထိ ကျွန်မမှာ ခြေတွေလက်တွေ အေးစက်ချင်တုန်ရင်တုန်နေတုန်း။

ဆရာဝန်တစ်ယောက်ကို မြွေတစ်ကောင်က မသေခင် ဒုက္ခပေးသွားသောအဖြစ်ပင်တည်း။

မေလ၊ ၂၀၀၃။

❀ ❀ ❀

လမင်းစာပေ

ဒေါက်တာလမင်း၏

ဆရာဝန်တစ်ယောက်နှင့်

ကမောက်ကမများစွာ

# အားရပါးရ သမ်းမရရှာသူများ

www.burmeseclassic.com

www.burmeseclassic.com



## အားရပါးရ သမ်း,မရရှာသူများ

**တစ်**ခါတလေ လူတကာ လွယ်လွယ်လေးလုပ်နေကြသော ကိစ္စကိုမှ ခက်ခက်ခဲခဲ လုပ်ကြရရှာသောသူများ၊ သို့မဟုတ် ပြုလုပ်မိပြီးမှ ဆေးရုံဆေးခန်းကို ပြေးကြရရှာသောသူများကို တွေ့ရကြုံရသော အခိုက် အလွန်ပဲ သနားကရုဏာသက်မိခဲ့ရပါသည်။

အသက်ကို ပုံမှန် လူတိုင်းရှူနေကြသည်။ ရင်ကြပ်ပန်းနာ ရောဂါရှိသူများ ကြည့်မိသည့်အခိုက်တော့ ကိုယ်ပါ မောကြပ်လာသလို ခံစားရသည်။ သူ့ခမျာ ပတ်ဝန်းကျင်မှ လေကို အတော်ကြီး သတိထားပြီး ပင်ပင်ပန်းပန်း ရှူနေရသည်မဟုတ်ပါလား။ အဲဒီတော့မှ သြော်...ငါ လွယ်လွယ်ခနဲ လွယ်လွယ်ခနဲ ရှူနေတဲ့အသက်ဟာ တယ်အဖိုးတန်ပါလားဆိုပြီး ကျန်းမာနေသော ကိုယ့်အနေအထားကို ပြန်တွေးကြည့်နိုးရတော့သည်။

ဆီးသွားလျှင်ရော။ သဘာဝအတိုင်း လူတိုင်း နေ့တိုင်းဆောင်ရွက်နေကြသော ကိစ္စတစ်ခုသာ။ အဲသည်အထဲမှာ ဆီးရောဂါရှိသောသူများအတွက်ကျတော့ ဆီးတစ်စက်ကျဖို့အရေး အသက်ထွက်မတတ်ဝေဒနာ ခွေးတွေအလုံးလိုက်သီးကာ ခံစားကြရရှာသည်။ နံနက်လင်းအားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီးအိမ်ပေါက်ကွဲထွက်မတတ် တင်းပြောင်း၍ လမ်းပင် ကောင်းကောင်းမလျှောက်နိုင်တော့ဘဲ ဆေးရုံပြေးလာရသော ဆီးကျိတ်ကြီးထွား (ဆီးသွားလမ်းကြောင်းပိတ်၍) ဝေဒနာရှင် အဖေအရွယ် အဘိုးအရွယ်ကြီးများကို အိပ်မှုန်စုံမွှား ထ,ကြည့်ပေးပြီး ဆီးပိုက်ထည့်တော့လည်း တစ်ခါတလေ လွယ်လွယ်ကူကူမရ။ တစ်ခါတလေ လုံးလုံးထည့်မရဘဲ သွေးတွေနှင့် ရဲရဲဖြစ်ရသောအခါများတွင် လွယ်ကူချောမောစွာ ဆီးသွားနိုင်ကြသည့်သူများ၏ ကုသိုလ်ထူးကို ရှာဖွေဆင်ခြင်မိပြန်ပါတော့သည်။

ထိုအထဲကမှ ရောဂါမဟုတ်သော ရောဂါ။

သမ်း,လိုက်ရာမှ ပါးစပ် ပြန်စေ့မရတော့သောအဖြစ်။

တခြားအရာတွေသာ မမှတ်မိလျှင်နေမည်၊ ဒုတိယနှစ် (အကြီးတန်း) အရိုးစုတွေနှင့် စာသင်စဉ်က ဦးခေါင်းပိုင်းသင်သော အခိုက်မှာ အောက်မေးရိုးနှင့် အထက်မေးရိုး (အထက်ဦးခေါင်းခွံ၏ အောက်ပိုင်း) တွယ်စပ်နေပုံမှာ **Ball and Socket Type** (အရိုးလုံးနှင့် အရိုးဆုံလည်ခွက် အမျိုးအစား)ဖြစ်သဖြင့် ခေါင်းခွံကြီးကို တစ်ဖက်ကကိုင်၊ အောက်မေးရိုးကို တစ်ဖက်ကကိုင်ပြီး ဟာစေ့,ဟာစေ့ လှုပ်ရှားကာ စကားပြောနေဟန် နောက်ပြောင်ရသည်ကို ကျွန်မ ကောင်းကောင်းမှတ်မိနေခဲ့သည်။ နားရိုးဖုလုံးရှေ့နားက အချိုင့်ကလေးက ချောပြောင်ခွက်ဝင်လျက်၊ အောက်မေးရိုး၏ နောက်ဆုံးအရိုးတက်က ဖုလုံးဝင်းမွတ်လျက် အံဝင်ခွင်ကျကလေးဖြစ်သည်။ သွားစေ့ထားလျှင်မှာပေါ့။ ဟ,လိုက်လျှင်တော့ နည်းနည်းလွတ်ထွက်ချင်သလိုရှိသော်လည်း တကယ့်သက်ရှိလူသားများ၏ အရိုးများမှာ အပေါ်က အရွတ်အဆက်များ၊





အကြောများ၊ ကြွက်သားမျှင်များ၊ အရေပြားများနှင့် ဖုံးအုပ် ဆက်နွယ်ထားသဖြင့် ပုံမပျက်၊ ချော်မထွက်ဘဲ ဟ,လိုက် စေ့လိုက်၊ လျော့လိုက် တင်းလိုက်၊ အောက်နှုတ်ခမ်း အောက်မေးရိုးကို ဘေးတိုက်ရွှေ့လျားကာ (အိုက်တင်)လုပ်လိုက်နှင့် ပြုသော်လည်း ပြုတ်မထွက်အောင် ကောင်းကောင်းလှုပ်ရှားနိုင်ကြခြင်း ဖြစ်သည်။

သို့သော်လည်း ချို့ယွင်းချက်တော့ ရှိပါသည်။

အရွတ်အကြောများ လျော့ရဲနေသာသူများ၊ တရားလွန် အစွမ်းကုန်ခွင့်ပြုထားသည့် ဆောင်ထက်ကျော်လွန်ကာ 'ဟ'မိသူများ မေးရိုးချော်ထွက်တတ်ပါသည်။ တစ်နည်းအားဖြင့် အပေါ်မေးရိုးချိုင့်ခွက်ထဲမှ အောက်မေးရိုးဖုလုံး ပြုတ်ထွက်ကာ ဘေးပတ်လည်က နှုတ်ခမ်းကွပ်ဆောင်တွင် သွားထောက်နေပါတော့သည်။

ထိုအခါ ဟ,လည်းမရ၊ စေ့လည်းမရ၊ ပိတ်လို့လည်းမရ၊ ဘေးတိုက်လည်းမရွှေ့၊ စကားလည်းပြော၍မရတော့ဘဲ 'အမ်း...အမ်း'ဟုသာ အသံထွက်နိုင်ပြီး သွားရည်တမြားမြားကျနေရသည့်အဖြစ်နှင့် ရင်ဆိုင်ရပါတော့သည်။

ဖိပြီး စေ့ကြည့်လေ၊ ပိုနာလေနှင့် မျက်ရည်တောက်တောက်ကျရပါတော့သည်။ ရေပင်သောက်၍မရ။ စားဖို့ဆိုတာ ဝေလာဝေး။ အလုပ်ပျက် အကိုင်ပျက်၊ သည်ကြားထဲ အပြင်ထွက်ရမှာ ရှက်သဖြင့် အိမ်ထဲမှာ ပုန်းအောင်းပြီးများ ကြိတ်ကုနေကြသူများက မရှား။ ဒုက္ခရောက်ကြရပါသည်။

သို့ဆိုလျှင်...သည်လောက်တောင်ပဲ လွဲအောင်ချော်အောင် 'ဟာ'ပစ်လိုက်သောသူ ရှိမှရှိပါ့မလားဟု တွေးကောင်း တွေးမိသူများ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါလိမ့်မည်။

ရှိသမျှ သိပ်ရှိပေါ့။

'အိပ်ရေးပျက်လို့ တအားသမ်းပစ်လိုက်တာ'ဆိုပြီး လာတတ်သလို၊

'ဗိုက်ဆာဆာနဲ့ ခေါက်ဆွဲကြော်ကို ပထမဦးဆုံးအလုတ်မှာ တအားပါးစပ်ဟပြီး စားလိုက်တာ'ဆိုသည့်သူလည်း ရှိတတ်ပါသည်။

'လန့်ပြီးအော်လိုက်ရာက ခုလို စေ့မရတော့ဘူး'ဆိုသည်ကလည်း ပါသေး။

မည်သို့ဆိုစေ...မိမိစိတ်ကို မထိန်းနိုင်ဘဲ စိတ်ရှိလက်ရှိ ဆောင့်ရှက်ပြုမူပစ်လိုက်သူများ အဖြစ်များတတ်ပါသည်။

ထို့အပြင် ကြွက်သားတွေ အရွက်တွေ လျော့ရဲအားနည်းသူများမှာ မကြာခဏ ဖြစ်တတ်ပါသည်။ သူတို့ဆိုလျှင် ဖြစ်လွန်းအားကြီးသဖြင့် ဘယ်လိုပြန်သွင်းရမည်၊ ပါးစပ်စေ့လို့ရအောင် ဘယ်လိုလုပ်ရမည်ကိုပါ သိနေပြီမို့ ထူးထူးထွေထွေ ပြဿနာပင် မဟုတ်တော့ဘဲ ထမင်းစားရေသောက်ပင် ဖြစ်၍နေကြပြီ။ ဟ,လိုက်၊ ချော်သွားလိုက်၊ လက်နှိုက်ပြီး မေးရိုးလေးကိုကိုင်၍ ပြန်သွင်းလိုက်နှင့် အဆင်ကိုပြေလို့ပင်။

ပြန်လုပ်ရသည့်နည်းကလည်း တကယ်ကတော့ သိပ်မခက်။

လူနာကို စိတ်ရောကိုယ်ပါ အကုန်လျှော့ခိုင်းထား၊ ကုလားထိုင်မှာထိုင်စေ၊ ပြုပြင်ပေးမည့်သူက သူ့ရှေ့တည့်တည့်တွင်ရပ်၊ (လက်ကို စင်အောင်ဆေးဖို့တော့ လိုသည်လေနော်) လက်မနှစ်ချောင်းကို ပါးစပ်စေ့မရသေးသော အောက်အံသွားတွေပေါ်ကို အလိုက်သင့် ထိုးတင်





ထား၊ ကျန်လက်ချောင်းများက အောက်မေးရိုးကို မိမိရရကိုင်ထား၊ ပြီးတော့ လူနာကို နောက်တစ်ကြိမ် လျှော့ထားရန် သတိပေး၊ ဆုပ်ကိုင်ထားသော လက်များဖြင့် မေးရိုးကို အောက်သို့ ဖိနှိမ့်ဆွဲချ (တော်တော်ကြီး နှိမ့်ရပါသည်) ပြန်မလွှတ်ဘဲ ဆွဲချလျက်မှ အနောက်သို့ တွန်းဖိပေး (လူနာ၏ခေါင်း ငြိမ်နေဖို့လိုသဖြင့် တစ်စုံတစ်ယောက်ကို ခေါင်းနောက်မှ ထိန်းကိုင်ခြင်း (သို့) နောက်မှ နံရံကိုမှီစေခြင်း လိုပါသည်။)

အနောက်သို့ ရွေ့သွားသော မေးရိုးကို အပေါ်သို့ အသာကုပ်ပြီး မ,တင်ကြည့်။ တစ်ခါတည်းနှင့် အဆင်ချောလျှင်တော့ 'ဂုတ်'ခနဲ အသံနှင့်အတူ လူနာ၏ အပေါ်အံသွားများက ပါးစပ်တွင်းထည့်ထားသော လက်များကို ကိုက်ကောင်း ကိုက်နိုင်ပါသည်။ (သို့) 'ရပြီ ရပြီ'ဟု အော်နိုင်ပါသည်။

သို့သော်လည်း ကကယ်တမ်းမှာ အဲသည်လောက် မလွယ်သော လူနာမျိုးကိုလည်း ကျွန်မတို့ တွေ့ရတတ်ပြန်ပါသေးသည်။

တွေ့စဉ်တုန်းကလည်း တကယ့်အရေးကြီးသောအချိန်၊ ဆယ်တန်းစာမေးပွဲရက်၊ ဖြစ်သည့်သူက ဆယ်တန်းကျောင်းသားလေး၊ ဆေးရုံရောက်လာချိန်က မနက်(၆)နာရီခွဲ (၇)နာရီလောက်။ မနက်စောစောထ စာကျက်ရင်း အားရပါးရသမ်းလိုက်ရာမှ ပါးစပ်ပြန်စေ့မရတော့သဖြင့် အစ်မဖြစ်သူနှင့်အတူ ဆေးရုံသို့ ပြေးလာကြခြင်းဖြစ်သည်။

သူတို့မှာလည်း ပြူးပြူးပျာပျာ၊ ကျွန်မမှာလည်း ကိုယ်ချင်းစာစိတ်ဖြင့် အတော်စိုးရိမ်သွားမိသည်။ စာမေးပွဲဖြေရမည်။ ရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



အချိန်လေးမှာ စာတွေပြန်နွေးရမည်။ ကျောင်းသားအများစုတို့ ထုံးစံအတိုင်း ကျက်၍ပြီးသည်ရယ်မရှိ။ ဟိုဟာကျန်၊ ဒီဟာ မမှတ်မိ၊ ဟိုအပုဒ်က လုံးလုံးမကိုင်ရသေး၊ ဒီအပုဒ်က ခု ပြန်စဉ်းစားလိုက်တာ ဘာတွေမှန်းမသိတော့။ ဆိုတာတွေကလည်း ရှိတတ်ပြန်သေးသည်။ သူ့ခမျာ ခုတောင် အတော်အချိန်ကုန်ရှာမှာ။

ကျွန်မ ကြိုးစားကြည့်သည်။ ခါတိုင်းလူနာတွေလို နှစ်ခါ သုံးခါ ကြိုးစားရုံဖြင့် မေးရိုးကို ပြန်တည့်၍မရ။ ကောင်လေးက အရမ်းကြောက်နေတာလည်းပါသည်။ 'လျှော့ထား...လျှော့ထား' ဆိုသည်ကလည်း ပြောရသည်မှာ အကြိမ်ကြိမ်၊ ကောင်လေးကလည်း လက်သီးနှစ်ဖက် တင်းတင်းဆုပ်ရင်း ခဏသာလျှော့ထားပြီး ကျွန်မ မေးရိုးကို ဆုပ်ကိုင်လိုက်သည်နှင့် ပြန်တင်းသွားပြန်သည်။

ခက်တော့နေပြီ။ ကျွန်မ ချွေးပင်ပြန်စပြုလာ၏။ လူနာကောင်လေးမှာတော့ ချွေးတွေ ရွှဲနစ်နေပြီ။ နံဘေးက အစ်မဖြစ်သူ မိန်းကလေးမှာလည်း စိုးရိမ်ပူပန်သောမျက်နှာဖြင့် ကျွန်မမျက်နှာကိုတစ်လှည့်၊ သူ့မောင်လေးကိုတစ်လှည့် မော့လိုက် ငုံ့လိုက် ကြည့်ရင်း ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်နေရှာသည်။

ယခင်ကတော့ အဲသည်လူနာမျိုးကို 'အိပ်ဆေး'တစ်ခုခု ထိုးပေးပြီး အာရုံကြောတွေလျော့သွားချိန်မှာ အလွယ်တကူ ပြုပြင်ပေး၍ ရခဲ့ဖူးသည်။ ခုလူနာကျတော့ ဘယ်လိုလုပ်ကြမည်နည်း။ နာရီကြည့်လိုက်တော့ (၇)နာရီခွဲတော့မည်။ (၉)နာရီ စာမေးပွဲဖြေရမည်။ အိပ်ဆေးထိုးလို့ ဘယ်လိုမှမရ။ သူ့မှာ အိပ်နေဖို့ အချိန်မရှိ။ ဒုက္ခပါပဲ။

နောက်ဆုံးတော့ လမ်းနှစ်သွယ်ကို ရွေးခိုင်းရသည်။





တစ်ခုက ရန်ကုန်ဆေးရုံကြီးသို့ အမြန်ပြေး၊ ကျွန်မတို့ထက် အတွေ့အကြုံရင့်ကျက်သော ဆရာများထံ သွားရောက်ကုသမှု ခံယူဖို့။

နောက်တစ်ခုကတော့ လက်ကိုင်ပဝါတွေ အများကြီးယူသွားပြီး ကျလာသမျှ သွားရည်တွေကို တစ်ဖက်ကသုတ်ရင်း စာမေးပွဲဖြေလိုက်ဖို့။ ပြီးတော့မှ ဆေးရုံသွားဖို့။

ကျွန်မ လွှဲစာတစ်စောင် အမြန်ကောက်ရေး၊ လက်မှတ်ထိုး၊ တံဆိပ်တုံးရိုက်ပြီး ပေးလိုက်ရတော့သည်။

မောင်နှမနှစ်ယောက် မျက်နှာမသာမယာနှင့် ပြန်သွားကြသည်။ ကျွန်မလည်း စားပွဲနောက်မှာ ငိုင်ကျန်ရစ်သည်။ ကိုယ့်ကိုယ်ကို အပြစ်တင်နေသောအတွေးများနှင့်ပေါ့။ ငါ့နှယ်၊ ဒါလေးတောင် အဖြစ်ရှိအောင် လုပ်မပေးလိုက်နိုင်လေခြင်း။ ခမျာ... အားကိုးတကြီးလာပါလျက် အဆင်မပြေဘဲ အချိန်အပိုကုန်သွားရသည်။ စာမေးပွဲရက် နာရီဝက်ဆိုတာ နည်းလား။

ကိုယ်လုပ်သည့်နည်းစနစ်လည်း မမှား။ ဘာကြောင့် ခက်ခဲရသလဲ၊ ကြည့်ပါဦး။ ဘာမှမဟုတ်သည့် ပြဿနာကလေးပေမယ့် အတော်'တာ'သွားပါလား။ ဆေးရုံကြီးကို သွားလျှင် အချိန်ဖင့်ဦးမည်၊ လမ်းမှာသွားနေရတာနှင့်၊ ဟိုကျတော့ စောင့်နေရတာနှင့်၊ လုပ်တတ်ကိုင်တတ်သည့် ဆရာဝန်နှင့်မှ တန်းတွေ့ပါမလား။ မတော်ဖွဟဲ့...စာမေးပွဲများ မဖြေနိုင်၍ကတော့ ကိုယ့်တာဝန်လည်းမကင်း။

ဘာမှမလုပ်ဘဲ သည်အတိုင်း စာမေးပွဲသွားဖြေတော့ရော၊ ဘယ်လိုလုပ် စိတ်ဖြောင့်လက်ဖြောင့် ဖြေနိုင်ပါ့မလဲ။ အနှောက်အယှက်တစ်ဖက်ကြီးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အတွေးများနှင့် ငိုင်နေတုန်း သူနာပြုဆရာမက 'စောစော က ကောင်မလေး တအားပြန်ပြေးလာနေတယ်'ဟု ပြောသဖြင့် ကျွန်မ ထိတ်လန့်သွားစဉ်မှာပဲ...ကောင်မလေးက လှမ်းအော်လိုက် သည်။

'ဆရာမရေ...ရသွားပြီ...ရသွားပြီ၊ ဆေးရုံပေါက်ဝ ရောက်ရုံရှိ သေး သူ့အလိုလို ပြန်ကျသွားတာ...အဲဒါ ဆရာမတို့ စိတ်ပူနေမှာစိုး လို့ လာပြောတာ။ သမီး သွားတော့မယ်နော်'

ပြောလည်းပြော၊ ပြန်ကွေ့ပြီး ပြေးလည်းပြေး။ သြော်... ဖြစ်ရ လေ။

ဇွန်လ၊ ၂၀၀၃။

❀ ❀ ❀



ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်
ကမောက်ကမများစွာ

# ကျော်ဖြစ်တဲ့ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



# ရှော့(ခ်)ဖြစ်တဲ့ဆရာဝန်

မြန်မာပြန်ရလျှင်တော့ SHOCK (ရှော့ခ်)ဆိုတာ 'သွေးလန့် သွေးဆုတ်ခြင်း'ဟု ရှည်ရှည်လျားလျား ခေါ်ရလိမ့်မည်။ ခေါ်လို့လည်း မကောင်း၊ လူတိုင်းတောင်မသိ။ လူတိုင်းသိသည်က 'ရှော့ခ်'ပဲဖြစ် လေ၏။

ဘယ်သူဖြင့် ဆေးထိုးမှားလို့ ရှော့ခ်ဖြစ်သွားတယ်၊ ဘယ်ဝါဖြင့် ဓာတ်လိုက်ပြီး ရှော့ခ်ဖြစ်တာ၊ ဘယ်သူ့အသုဘမှာ ငိုရင်း တက်ပြီး ရှော့ခ်ဖြစ်သွားတယ်...စသဖြင့် ပြောလေ့ရှိကြသည်။ ပြောလို့လည်း ကောင်း၊ သေးလူလည်း အဓိပ္ပာယ်ပေါက်။ မျက်စိထဲလည်း ကွက် ကွက်ကွင်းကွင်း မြင်ယောင်လာလောက်အောင် လူသိများသော စကား လုံး ဖြစ်တော့သည်။

'ရှော့ခ်'ဖြစ်ရခြင်း အကြောင်းရင်းတွေ များစွာရှိသလို ရှော့ခ်၏ လက္ခဏာတွေကလည်း အမျိုးမျိုးဖြစ်သည်။ ချွေးစေးပြန်၊ ခြေတွေ လက်တွေအေးစက်၍ သတိလစ်သွားသည်မျိုး ရှိသလို၊ ခေါင်းမူးလာ၍ ရင်တွေတလှပ်လှပ်ဖြစ်ကာ နှလုံးခုန်မြန်၊ သွေးပေါင်ကျပြီး စကားပြော မရသည်မျိုးလည်း ရှိတတ်ပြန်ပါသည်။ သည်နေရာမှာတော့ တောတော



www.burmeseclassic.com

www.burmeseclassic.com



က မြန်မာဘာသာပြန်ထားသော စကားကိုပင် ပြန်ကောက်ရပါလိမ့်မည်။ သွေးလန့်သွေးဆုတ်ခြင်းတဲ့။ သွေးလည်ပတ်မှုပုံမှန်အနေအထားမှ ရုတ်တရက် (အထိတ်တလန့်ကြီး) ပြောင်းလဲချိုးကွေ့၍ ခန္ဓာကိုယ်အနှံ့ သွေးပုံမှန်မရောက်တော့ဘဲ သွေးဆုတ်ခြင်းဆိုတော့ သွေးပေါင်တိုင်း၍ မရလောက်အောင်ပင် သွေးဖိအားတွေ ကျဆင်းကုန်သည်။ လက်ကောက်ဝတ်မှာလည်း သွေးခုန်နှုန်း စမ်းမရလောက်အောင် အားနည်းသွားသည်။ အလွန်အရေးကြီးသော၊ ချက်ချင်းကုသမှုပေးရန် အမြန်ဆုံးလိုအပ်သောအနေအထားမို့ လူနာမပြောနှင့် ဆရာဝန်တွေပင် အလွန်ကြောက်ရွံ့ကြသောကိစ္စ ဖြစ်ပါသည်။ အချိန်မီ မကုလျှင် သေနိုင်သည်ကိုး။

သည်'ရှော့ခ်'အကြောင်းကို ဆေးကျောင်းမှာသင်သည်။ ဆေးရုံမှာသင်သည်။ ဆေးကျောင်းသားတိုင်း၊ ဆရာဝန်တိုင်း 'ရှော့ခ်'ဆိုသော အခြေအနေကို စာတွေ့ကောင်းကောင်းသိသည်။ ကျောင်းကျောင်းပြေးအောင် ရွတ်ပြနိုင်သည်။ ရှော့ခ်ဖြစ်လျှင် ဘယ်လိုကုရမည်ဆိုတာကို ဒက်ဒက် ဒက်ဒက်နှင့် စက်သေနတ်ပစ်သလိုကို တစ်ခဏချင်း ရွတ်ပြနိုင်သည်။ သည်လောက်ထိ ပိုင်နိုင်ကြသည်။ စာမေးပွဲမှာ မေးဦးမလား, မေး အမှတ်ပြည့်ရအောင်ကို ဖြေပစ်လိုက်မည်ဆိုသူချည်းပင်။

အဲ...သို့သော်လည်း လက်တွေ့ 'ရှော့ခ်'ဖြစ်နေသော လူနာကိုတော့ ဆေးကျောင်းသားတိုင်း (လူစေ့တက်စေ့) မကြုံဖူး၊ မတွေ့ဖူးကြပေ။

ကိုယ် ဆေးရုံ (လူနာခုတင်ဘေး)မှာ ရှိချိန်နှင့် လူနာတစ်ဦးဦး 'ရှော့ခ်'ဖြစ်ချိန်ဆုံဖို့ဆိုတာ အလွန်ခဲယဉ်းသောကိစ္စ ဖြစ်သည်။ ကိုယ်





မရောက်မီ 'ရှော့ခ်'ဖြစ်သွားသဖြင့် ဝိုင်းဝန်းကုသပေးပြီး ပြန်လည်ထူထောင် ကောင်းမွန်နေသော လူနာ၏ နွမ်းယဲ့ယဲ့အပြုံးကိုတော့ တွေ့ဖူးနိုင်ကြပါသည်။

BED SIDE (လူနာခုတင်ဘေး သင်ခန်းစာ)သင်သော ဆရာတွေကလည်း လူနာကို ရှော့ခ်ဖြစ်အောင် တမင်ဖန်တီးပြပြီးမှ ပြန်ကုပြသော သင်ခန်းစာမျိုးကိုလည်း တစ်ခါမှ သင်ပေးလိမ့်မည် မဟုတ်ပါ။

တကယ့်တကယ် ကြုံသည့် ဆေးကျောင်းသားလည်း ရှိတတ်ပါသည်။ ထိုသို့ကြုံကြိုက်သည့်တိုင် တာဝန်ကျသည့် ဆရာဝန်၊ ဆရာမများမှာ ကမန်းကတန်း စမ်းသပ်စစ်ဆေး၊ အမြန်ဆေးထိုး၊ သွေးပေါင်ပြန်တက်ရန် ဆေးရည်သွင်း၊ ခုတင်ခြေရင်းမြှင့်...စသည်ဖြင့် ပျာပန်းခပ် အလုပ်ရှုပ်နေချိန်မို့ အနားမှာရောက်နေသော ဆေးကျောင်းသားကိုလည်း အေးအေးဆေးဆေး တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းပြောပြနေမည် မဟုတ်။ အလယ်ကောင်မှာ ကန့်လန့် ကန့်လန့်နှင့် လာရှုပ်နေသူမို့ ဝင်တိုက်ပြီး တက်မနင်းလျှင်ပင် ကံကောင်း။ အနည်းဆုံးတော့ 'ဘေးဖယ်နေပါ'ဟု အအော်ခံရဖို့ များသည်။ လူနာအသက်ကိုလုနေရချိန်လေ။

သည်တော့ ရှော့ခ်နှင့်ပတ်သက်၍ ဆရာဝန်များမှာ လက်တွေ့ကြုံဖူးသူ နည်းပါးသောကြောင့် ကြုံလာခဲ့သော် 'ဘာဖြစ်ရင် ဘာလုပ်မည်'၊ 'ဘာပြီးရင် ဘာထိုးမည်' ဆိုတာကိုပဲ ကြိုတင်တွေးဆ စဉ်းစားထားပြီး EMERGENCY KID ခေါ် အရေးပေါ်ဆေးသေတ္တာကိုပဲ အဆင်သင့်ပြင်ကာ လက်နားနီးနီး ထားရပါတော့သည်။

ပြီးတော့ ရှော့ခ်အမျိုးမျိုး ရှိသည့်အထဲမှ ANAPHYLACTIC



www.burmeseclassic.com

www.burmeseclassic.com



SHOCK ခေါ် ဆေးမတည့်၍ဖြစ်ရသော ရောဂါကိုလည်း ဆရာဝန်တို့ အလန့်ဆုံးပင်။ ကိုယ်ထိုးလိုက်သည့်ဆေးနှင့် မတည့်၍ ရသော ရောဂါမို့ ကိုယ့်မှာသာ လုံးလုံးတာဝန်ရှိလေရာ တစ်စုံတစ်ခုသာ ဖြစ်လို့ကတော့...။

ကျန်ရောဂါတွေက သွေးထွက်များ၍ရသော HAEMORRHAGIC SHOCK၊ နှလုံးရောဂါကြောင့်ရသော CARDIOGENIC SHOCK၊ ခန္ဓာကိုယ်တွင်းမှ ရေဓာတ်ခန်းခြောက်၍ရသော HYPOVOLEMIC SHOCK (ဥပမာ-မီးလောင်/ဝမ်းပျက်ဝမ်းလျှော)တွေမို့ သူ့ပယောဂနှင့်သူဖြစ်ရသော ရောဂါတွေသာ ဖြစ်သဖြင့် မြန်မြန်ပြန် ကောင်းအောင် ကုသပေးဖို့ အာရုံတစ်ခုတည်းပဲ ရှင်းရှင်းလင်းလင်း ထား၍ရသည်။ တစ်ခုခုဖြစ်လျှင်တောင် လာတာနောက်ကျလို့၊ ရောဂါ အခံပြင်းထန်လို့၊ ကိုယ်ခံအားနည်းနေလို့...စသည့်ဖြင့် ဆင်ခြေ ဆင်လက် ငြင်းချက်ထုတ်ပေးစရာ ရှိသေးသည်။

**ANAPHYLACTIC SHOCK** မှာက ထိုသို့မဟုတ်။ စောစော ကတင် ရယ်ရယ်ပြုံးပြုံး ကောင်းကောင်းမွန်မွန် လတ်လတ်ဆတ် ဆတ်ကြီးက ဆရာဝန့် ဆေးထိုးအပ် နှုတ်လိုက်ကာမှ 'မူးတယ်... မူးတယ်...ဘယ်လိုကြီးမှန်းမသိဘူး'ဟု ပြော၍မဆုံးသေးခင် လဲကျ ကာ သတိလစ်ပြီး ပါးစပ်ထဲမှ အမြှုပ်တွေထွက်ကာ နှုတ်ခမ်းတွေ လက်တွေ ပြာနှမ်းသွားသည် ဆိုသောအခါ ကိုယ့်ပယောဂမှ ကိုယ့် ပယောဂအစစ် ဖြစ်၍နေသည်ကိုး။

အဲသည်အခါကျ ဆရာဝန့်ခေါင်းသည် 'ပုတ်'လောက်ကြီးသွား ကာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ရက်ဟာရက် ကြောင်အမ်းရင်း





အယောင်ယောင် အမှားမှားတွေဖြစ်ကာ ချက်ချင်း အရေးပေါ်ကုသ မှုကိုလည်း ထိခိုက်သွားနိုင်ပေသည်။ ဘာဆေးအရင်ထိုးရမည်လဲ စဉ်းစားနေဆဲမှာပင် 'ဒုက္ခပဲ...ဒုက္ခပဲ...ပြဿနာပဲ'ဆိုသည့် အတွေး တွေက အဆက်မပြတ်ဝင်လာတတ်၏။ ဓာချွေးတွေပြန်၊ လက်တွေ တုန်၊ ဒူးတွေတုန်ကာ လူနာသေသွားလျှင်'ဆိုသောအတွေးက ဆရာ ဝန့် နှလုံးသွေးကို ဒိန်းခနဲ ဆောင့်တိုးစေပြီး အသက်ရှူကို တံ့ခနဲ ရပ်တန့်စေမှာကတော့ အသေအချာပဲဖြစ်၏။

အဲဒါဆိုလျှင်တော့ လူနာရှင်တွေ၏ ရန်တွေ့တာကို ခံရမည်။ ပြီးတော့ တရားစွဲ အဖမ်းခံရ၊ ထောင်ကျ၊ နာမည်ပျက်...အို... 'တောင်ခုနစ်ကြော တောခုနစ်ဆက်' လျှောက်စဉ်းစားမိပြီး ငိုချင် သလိုလိုပင် ဖြစ်လာပေတော့မည်။ ကတုန်ကယင်နှင့် မျက်စိမျက်နှာ ပျက်နေသော ဆရာဝန်ကို လူနာရှင်ကလည်း 'ဆရာ...လုပ်ပါဦး... ဆရာ...လူနာ ဘာဖြစ်သွားတာလဲမသိဘူး...ဆရာ...ခေါ်လို့လည်း မရတော့ဘူး'ဆိုပြီး ငိုသံပါကြီးနှင့် ပြောတော့မှာ ကျိန်းသေသည်။

ပြီးတော့ ဆေးခန်းနှင့်စာလျှင် ဆေးရုံမှာက လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေရှိသည်။ ဝိုင်းကူပေးမည့် အတွေ့အကြုံရင့်ကျက်သော သူနာပြုဆရာမတွေ ရှိနိုင်သည်။ အတွေ့အကြုံမရှိသည့်တိုင် ဆရာဝန် နှုတ်ဖြင့် ညွှန်ကြားသော ဆေးများကို အပြေးအလွှား ရှာဖွေစုပ်ယူပြီး ကျွမ်းကျွမ်းကျင်ကျင် ထိုးပေးသော အကူအညီမျိုးကို ရနိုင်သည်။ ဘာပဲပြောပြော အပေါင်းအသင်းနှင့်ဆိုတော့ နည်းနည်းခံသာသည် ပေါ့။ ဆေးခန်းမှာဆိုလျှင်တော့ တစ်ပင်တိုင်'သာ က,ပေတော့။ 'အကူ ဆရာမ'ရှိကြတာများသော်လည်း အချို့ ဆရာဝန်တွေက ကိုယ့်ဘာ



www.burmeseclassic.com

www.burmeseclassic.com



သာ ဆေးထိုးကြသည်မို့ အရေးအကြောင်းဆို ကိုယ်တိုင်ပဲကြဲရတော့တာပ။

ထို့ကြောင့်လည်း အတွေ့တွေ့ရောဂါကုဆရာဝန်များမှာ ဆေးခန်းတွင် ဆေးမတည့်၍ ပြဿနာတက်ခြင်းမှ ရှောင်ရှားရန်အလို့ငှာ 'ပင်နီဆလင်'၊ 'အင်ဖရွန်'၊ 'စထရက်ပ်တိုမိုင်ဆင်'၊ 'ဘားပလက်စ်'... စသော ဆေးများကို များသောအားဖြင့် ထိုးလေ့မရှိ။ ထိုးပြန်လျှင်လည်း အထူးသတိထား၍ နည်းနည်းစမ်းကြည့်ပြီးမှ တထင့်ထင့်နှင့်ထိုးလေ့ရှိကြသည်။ အဲသည်ဆေးတွေက မတည့်သောလူများတွင် ရှော့ခ်ဖြစ်သည်ဟု ရာဇဝင်ရှိပြီးသားဆေးတွေကိုး။ သူတို့အပြင် မေးနိုင်ကာကွယ်ဆေး၊ အနယ်လ်ဂျက်ဆင်၊ ဂျဲန်တာမိုင်ဆင် ဆေးများလည်း မတည့်သူလူနာများ ရှိတတ်သေးသည်။ သို့သော်လည်း အဖြစ်နည်းသည်။ 'ပင်နီဆလင်'ဆို ထိုးနေကျ လူနာဖြစ်လင့်ကစား နောက်တစ်ခါ အထိုးမှာ ထပ်ပြီးမတည့်တာ ဖြစ်တတ်သည်မို့ မကြာခဏ TEST လုပ်ရမည်ဆိုတာ ဆရာဝန်အားလုံး သတိထားနေကြရသည်။ ကားမောင်းသူတင် ထောင်နှုတ်ခမ်းလျှောက်ရတာမဟုတ်၊ ဆရာဝန်လည်း ထောင်နံရံနှင့် နီးလှပေ၏။

ဤမည်သော ရှော့ခ်ကို တစ်ခါကလေး ကြုံဖူးလိုက်ရသော ကျွန်မမှာ တစ်သက်လုံး 'ဇွံ'သွားအောင်ပင် ဖြစ်ခဲ့ရပြီး အခုပြန်တွေးလျှင်ပင် အခုချက်ချင်း ရင်ထဲမှာ 'လုပ်'ခနဲဖြစ်ရလောက်အောင် ခံစားရကာ သက်ပြင်းကို မသိမသာ ခိုးချခဲ့ရသည်ချည်းပင်တည်း။

လက်ထောက်ဆရာဝန်တစ်ယောက် တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းမှာ ဘာမှထူးဆန်းသောကိစ္စ





မဟုတ်ဟု သဘောပိုက်ထားသော ကျွန်မအဖို့ သာကေတဆေးရုံမှ မြင်းခြံသို့ ပျော်ပျော်ရွှင်ရွှင်ပဲ ပြောင်းရွှေ့လာခဲ့သည်။ ပြီးတော့ တာဝန်ကျရာဌာနနှင့် မနီးမဝေး ဗိုလ်ချုပ်လမ်းမပေါ်တွင် အိမ်ခန်းငှားနေပြီး မဆိုင်းမတွ ဆေးခန်းဖွင့်သည်။ ဆေးခန်းအမည်'လမင်း'။ သာကေတမှာဖွင့်သောဆေးခန်းနှင့် နာမည်တစ်ခုတည်း၊ ပန်းချီဆရာ တစ်ဦးတည်းကို အပ်လာခဲ့သော ဆိုင်းဘုတ်ကလည်း တစ်ပုံစံတည်း။

အဲသည်လိုနှင့် ဆေးခန်းလေး အရှိန်ရလာ၊ နာမည်လည်းထွက်လာ၊ ခပ်ဝေးဝေးရွာတွေကပင် လာပြကြ၊ မြို့ထဲကလူတွေကလည်း သိစပြုနှင့် ကာလအတန်ကြာခဲ့သည်။

ထိုနေ့ကတော့ ကျွန်မဌာနမှ ဆေးစပ် (COMPOUNDER) ဝန်ထမ်းမိန်းကလေး 'သန်းကြွယ်အောင်'က သူ့ဦးကြီး နေမကောင်းသဖြင့် ညနေဆေးခန်းကို လာပြမည့်အကြောင်း ကြိုပြောသွားသည်။ ထိုမှုမက သူ့ဦးကြီးအကြောင်းကိုလည်း တစ်ခဏချင်းအတွင်းမှာ စုံနေအောင် ပြောသွားသည်။ (မြင်းခြံက မိန်းကလေး တော်တော်များများက 'ကျွန်တော်'ဟု ပြောလေ့ရှိကြသည်။ မန္တလေးနားနီး၍ထင့်)

"မမရေ...ကျွန်တော့်ဦးကြီးကို လာသာပြရမှာ အားတော့ခပ်နာနာပဲ။ ဦးကြီးက ဟိုဆေးမတည့်ရတာနဲ့၊ ဒီဆေးမတည့်ရတာနဲ့ ဆေးထိုးမှားလို့ သေတော့မလိုလည်း တစ်ခါဖြစ်ထားဖူးတော့ ဆေးခန်းကို အရမ်းကြောက်တာ။ အဲဒါ ကျွန်တော် မမအကြောင်းကို အိမ်မှာ ခဏခဏပြောပြောပြတော့ သူ့ဘာသာ မမနဲ့ ဆေးကုမယ်ပြောတာ။ ဒီပြင်ဆရာဝန်ဆို အပြောတောင်မခံဘူး။ အခုဟာကလည်း ဟိုတစ်ပတ်က ဖျားပြီးကတည်းက အစားကောင်းကောင်းမစားဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



မောတယ်ပြောလိုက်၊ အဆစ်အမြစ်ကိုက်တယ်ပြောလိုက်နဲ့ ပါရာစီတမောပဲ သောက်နေတာ မသက်သာဘူး။ သူ့ဆေးမတည့်ပုံကလည်း လွန်ချက်ဗျာ၊ လူတကာတည့်နေတဲ့ ဘာမီတွန်တောင် သူမတည့်ဘူး"

"ဟုတ်လား၊ 'ဘာမီတွန်'က ဆေးမတည့်တာတို့၊ အဆိပ်ရှိတဲ့အကောင် ကိုက်တာတို့၊ အင်ပြင်ထတာတို့တောင် ထိုးလို့ရသေးတာကိုသူက မတည့်ဘူးဆိုတော့ သေချာရဲ့လား"

"အဲဒါပြောတာပေါ့၊ တမြန်မနှစ်က ဆေးခန်းမှာ ဆေးသွားထိုးတော့ တစ်ခါတည်း စကားမေးမရတော့လို့ အသက်ကယ်ဆေးတွေဘာတွေ ထိုးပြီးတော့ကို မနည်းလုပ်ယူလိုက်ရတယ်။ ဆေးထိုးတဲ့ဆရာဝန်ကို မေးကြည့်တော့ ဘာမီတွန်ထိုးပြီး ဖြစ်သွားတာလို့ပြောတာပဲ။ မသိပါဘူး မမရယ် အဲဒီကတည်းက ဘယ်ဆေးခန်းမှမပြတာ၊ အခု သူ့ဘာသာပြောလာလို့"

သည်လိုနှင့် သန်းကြွယ်အောင်ကို ညနေ (၆)နာရီ လာဖို့ချိန်းလိုက်သည်။ (၇)နာရီမှာ ကျွန်မနှင့် အတန်းတူ ဧည့်သည်ဆရာဝန်နှစ်ဦးကို ဆေးခန်းဘေးက 'အမျိုးသားစားသောက်ဆိုင်'တွင် ထမင်းကျွေးဖို့ ချိန်းဆိုထားပြီးသား။

သူတို့နှစ်ယောက်က ဒေါက်တာဝင်းဦးနှင့် ဒေါက်တာမြတ်ဝဏ္ဏစိုး။ ဆင်ခြေထောက်ရောဂါနှင့် ပတ်သက်၍ စာတမ်းပြုစုရန် ကျေးရွာများသို့ ကွင်းဆင်းလာသော တပ်မတော်ဆရာဝန်များ ဖြစ်ကြသည်။ မြင်းခြံမြို့ခံ ဒေါက်တာဇာနည်လွင်နှင့် (ယာယီမြို့ခံ) ကျွန်မတို့က သူတို့နှစ်ယောက်ကို ဧည့်ခံရင်း သူငယ်ချင်းတွေ စကားပြောကြမည်မို့





ဘာပဲပြောပြော ကျွန်မစိတ်ထဲ တက်ကြွရွှင်လန်း သွက်လက်၍နေသည်။

(၆)နာရီထိုးတော့ သန်းကြွယ်အောင်က စက်ဘီးနှင့် ရှေ့က၊ သူ့ဦးကြီးတို့လင်မယားက ဆိုက်ကားနှင့်နောက်က ရောက်ချလာကြသည်။ ဦးကြီးက ကျန်းမာပုံရပါသည်။ ယာယီဖျားနာတာလောက်ပဲရှိတတ်ကြောင်း၊ အစားပျက်နေ၍ အားနည်းသည်ထင်ကြောင်း ပြုံးပြုံးရွှင်ရွှင်ပဲ ပြောပြနေပါသည်။ ဦးကြီး၏မိန်းမ ဒေါ်ကြီးကတော့ ခပ်ပိန်ပိန်ပါးပါး ခပ်ကုန်းကုန်းမို့ သူကပင် လူမမာနှင့် ပိုတူနေသေးသည်။

"ဒေါက်တာရယ် သေချာစမ်းသပ်ပေးပါ။ ကိုတင်အောင်ကလေဒေါက်တာနဲ့ကုမယ်ဆိုလို့ ကျွန်မတို့လည်း ဝမ်းသာနေတာ။ ဆေးခန်းတွေ၊ ဆရာဝန်တွေဆို ကြောက်လွန်းလို့ ဘယ်မှခေါ်မရဘူး။ ကိုတင်အောင် ရှင်ဖြစ်တာ သေချာပြောပြနော်"

လူနာကို တယုတယတွဲပြီး တင့်ငုံ့ကြည့်၍ပြောနေသော ဒေါ်ကြီးကို ကျွန်မ ခေါင်းညိတ်ပြုံးပြရင်း "အင်း...ယောကျ်ားကို တော်တော်ချစ်တာပဲ"ဟု စိတ်ထဲမှ ကောက်ချက်ချထားလိုက်မိသည်။

ဦးကြီးကို စမ်းသပ်စစ်ဆေးပြီးနောက် ကျွန်မ ဆေးထိုးဖို့ပြင်သည်။ သူ့ကို အနယ်လ်ဂျက်ဆင် တည့်သလားမေးတော့ တည့်သည်၊ သောက်ဖူးသည်၊ သောက်တုန်းက ဘာမှမဖြစ်ဟုပြောသည်။ ဆေးပြားထုတ်ပြတော့လည်း သေချာကြည့်ပြီး ခေါင်းညိတ်ပြသည်။

သည်တော့ ဂလူးကို့စ်၊ ဘီတွဲအားဆေးနှင့် အနယ်လ်ဂျက်ဆင် (၃)မျိုးရော၍ အကြောဆေးသွင်းပေးလိုက်သည်။ ဖြည်းဖြည်းသွင်းရင်း သူ့အနေအထားကို ကြည့်တော့လည်း ဘာမှမဖြစ်၊ ဆေးကုန်၊ အပ်



www.burmeseclassic.com

www.burmeseclassic.com



နတ်ပြီး သည်ဘက်လှည့်ရုံရှိသေး။

"ဆရာမ...ကျွန်တော့်ရင်ထဲ တစ်မျိုးကြီးပဲ၊ ခေါင်းတွေမူးလာသလိုပဲ"

"အို...ဦးကြီးက ထိုးနေကျမဟုတ်တော့ ကြောက်နေတာဖြစ်မှာပါ၊ မထနဲ့ဦး၊ လှဲနေနော်"

ပါးစပ်ကပြောသော်လည်း ကျွန်မရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

"ဟာ...မျက်လုံးတွေဝါးလာတယ်၊ ဘယ်လိုကြီးမှန်းမသိဘူး၊ အား...အရမ်းမူးတယ်"

သူ့လက်ကောက်ဝတ် သွေးကြောကိုစမ်းတော့ အရမ်းမြန်နေပြီး ချက်ချင်း လက်ဖျားတွေ, လက်ဖဝါးတွေ ချွေးစေးပြန်၍ အေးလာသည်။

သွားပြီ၊ လူနာ ရှော့ခ်ရပြီ၊ အနာဖိုင်လက်တစ်ရှော့ခ်။

ကျွန်မ မျက်စိတွေပြာသွား၏။ ဘုရားလည်း တ,မိလေပြီ။

"ဒေါက်တာ...ဒေါက်တာ...လုပ်ပါဦး၊ ကိုတင်အောင်...ကိုတင်အောင်"

ဒေါ်ကြီးက စိုးရိမ်တကြီးအော်ခေါ်ရင်း လူနာ၏မေးစေ့ကို ဆွဲခါလှုပ်နေ၏။ သန်းကြွယ်အောင်ကား အံ့သြထိတ်လန့်သော မျက်လုံးဖြင့် လူကြီး(၃)ယောက်၏ မျက်နှာတွေကို လည်နေအောင် လိုက်ကြည့်နေသည်။

"ဒေါ်ကြီး...သိပ်မစိုးရိမ်ပါနဲ့၊ ခဏလေးဖယ်၊ ဦးကြီး ဘာမှမဖြစ်ဘူး။ အကြောက်လွန်ပြီး လန့်သွားတာပါ။ အရမ်းအားနည်းလို့ ကျွန်မ အားဆေးထပ်သွင်းပေးမယ်နော်။ သန်းကြွယ်အောင် ဟိုးက တိုင်ဒီဘက်ရွှေ့ခဲ့"





ထိုစကားတွေပြောနေသည့်အချိန်မှာပင် 5% DEXTROSE SALINE (ဂလူးကို့စ်ချိုငန်) ပလတ်စတစ်ဗူးပျော့ကို ပိုက်တပ်ပြီး လူနာ၏ လက်ဖျံက သွေးကြောမှာ ထိုးသွင်း၊ တိုင်မှာချိတ်၊ ဘီးလုံးအပြည့်ဖွင့်ချ၊ လက်အားသွားသည်နှင့် အရေးပေါ်ဆေးသေတ္တာထဲက SOLUCORTEF အသက်ကယ်ဆေးကို အမြန်စုပ်၊ အကြောသွင်းသည့်ပိုက်ပျော့နေရာက ထိုးသွင်း၊ အက်ဒရီနယ်လင်း ထိုးဆေးပုလင်းကို အမြန်ဖွင့်, စုပ်, ထိုး၊ ပါးစပ်ကလည်း အားပေးစကားတွေ မပြတ်ပြော၊ ထိုင်ခုံတစ်ခုကို ခုတင်ပေါ်တင်၊ သူ့ခြေထောက်တွေ မြှင့်ထား။

ဦးကြီးက ခေါ်သမျှကို 'တအင်းအင်း'နှင့်သာ ထူးနိုင်သည်။ မျက်လုံး မဖွင့်နိုင်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်ပြီး သုတ်၍မနိုင်အောင် ထွက်လာသည်။ လက်ကောက်ဝတ်သွေးကြောကတော့ ခပ်သွက်သွက် အားပျော့ပျော့ခုန်တုန်း။ သွေးပေါင်ချိန်ကြည့်တော့ အပေါ် ၆၀၊ အောက် ၄၀။

သည်လိုချွေးထွက်ပုံမျိုး တစ်သက်နှင့်တစ်ကိုယ် သည်တစ်ခါတွေ့ဖူးတာပင်။ လက်နှင့်သပ်ချလိုက်သည့်နေရာမှာ ချက်ချင်းပြန်စို့သီးလာပြီး ချွေးလုံးကြီးတွေ ဖြစ်သွားသည်။ အင်္ကျီနှင့် လုံချည်လည်း စိုရွှဲကုန်ပြီ။ ကျွန်မ မျက်နှာသုတ်ပဝါတစ်ထည် ထုတ်ပေးပြီး သုတ်ခိုင်းရ၏။

"ကဲ...သန်းကြွယ်အောင်၊ အဲဒီဆေးဘူးကို လက်နှစ်ဖက်နဲ့ ညှပ်ချစမ်း၊ ဒေါ်ကြီးက အိမ်ပြန် အင်္ကျီ, လုံချည်သွားယူ၊ ချွေးအအေးပေါက်တာမို့ အဝတ်လဲရအောင်။ ဆိုက်ကားနဲ့သွား၊ ဘာမှစိတ်မပူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်လေသံဖြင့် ကျွန်မပြောတော့ ဒေါ်ကြီးမှာ နောက်ဆံတငင်ငင်။

"သွား...သွား...ငါသက်သာပြီ၊ ဘာမှမဖြစ်တော့ဘူး"

လူနာက မော့ကြည့်ပြီး ပြောလိုက်တော့မှ လှည့်ကြည့် လှည့်ကြည့်နှင့် ထွက်သွားသည်။ ဆေးပုလင်း တစ်ဝက်လောက်မှာပင် သွေးပေါင်ပြန်တက်စပြုလာသည်။ ခေါင်းတော့ မူးနေသေးသည်ဟု ဆိုသည်။ လက်တွေနွေးလာပြီ၊ တော်ပါသေးရဲ့၊ ကံကောင်းလို့၊ သိပ်ပြင်းပြင်းထန်ထန် မဟုတ်ပေလို့ပေါ့။

သူ့ဦးကြီး လန်းဆန်းသက်သာလာတော့ သန်းကြွယ်အောင် အသံထွက်လာသည်။ "ဦးကြီးကသာ ဘာမှမဖြစ်တာ၊ ဒေါ်ကြီးက ကိုတင်အောင် ကိုတင်အောင်နဲ့ ခေါင်းရင်းမှာ ခုန်ပေါက်နေတာ။ အမြန်ခေါ်တော့ ကိုတင်အောင်လို့တောင် မပီတော့ဘူး...ကို..."

"ဟဲ့...ကောင်မလေး...တော်တော့"

သူ့ကိုဟန့်ရင်း ကျွန်မ ပြုံးမိသည်။ လူလည်း ခုမှ ပြုံးဖို့သတိရတော့၏။ စောစောတုန်းကတော့ အသက်တောင် ရှူမိရဲ့လားမသိ။

ဆေးရည်ကုန်သွားတော့ သွေးပေါင်ချိန် စိတ်ချရသည့်အဆင့်သို့ ရောက်ပြီမို့ သက်ပြင်းမသိမသာရှိုက်ရသည်။ ခဏနေတော့ အဝတ်အစားထုပ်နှင့် ဒေါ်ကြီး ပြန်ရောက်လာသည်။ ဆေးခန်းထဲဝင်လာပုံက ရှုံ့ရှုံ့မဲ့မဲ့ ထော့နဲ့ ထော့နဲ့။

"အမယ်လေး...ကိုတင်အောင်။ ရှင်က အဲဒီမှာ ဇိမ်ကျနေ၊ ဒီမှာ ကျုပ် ဒူးကွဲလာခဲ့တယ်။ ခြံဝိုင်းထဲ အပြေးဝင်တာ မှောင်ထဲမှာ ချော်လဲလို့"





ကျွန်မတို့မှာ ငိုအားထက်ရယ်အားသန်ကာ သူ့ကို ဆေးထည့်ပေးရသည်။ သူငယ်ချင်းတွေကို ညစာကျွေးသည့်အချိန်ထိ ကျွန်မမှာ လက်တွေတုန်၊ ဒူးတွေတုန်၊ ရင်တွေခုန်တုန်း။

ဇူလိုင်လ၊ ၂၀၀၃။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာလမင်း

ဆရာဝန်တစ်ယောက်နှင့်
ကမောက်ကမများစွာ

# ရဲဝင်စားတဲ့ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



# ရဲဝင်စားဆရာဝန်

**ဆေး**ကျောင်းသားဘဝတုန်းက ရောဂါလေး သိဖို့အရေး သိုင်းဝိုင်းဖွဲ့နွဲ့ပြီး စုံစုံစေ့စေ့ မေးမြန်းစုံစမ်းရသည့် HISTORY TAKING (လူနာ၏ရာဇဝင်ကို မေးမြန်းရယူခြင်း)ကို စိတ်မရှည်သော ကျွန်မ၊ ဆရာဝန်ဖြစ်လာတော့မှပဲ ဒါတွေဟာ တကယ်လိုအပ်ပါလားဆိုတာ သိလာရသည်။

တစ်ခါတစ်ရံ အချက်ကလေးတစ်ချက်ကို မေးမိသိရှိလိုက်ရသော အခါ မူလက ကိုယ် အကြမ်းဖျင်းထင်ထား၊ တွက်ထားသော ရောဂါနှင့် လုံးဝခြားနားသွားသော အဖြစ်မျိုးတွေလည်း ကြုံခဲ့ဖူးပြီ။ သည်တော့ တတ်နိုင်သမျှ စိတ်ကို ရှည်ရှည်ထား၊ ဖြစ်နိုင်ချေရှိသည်တို့ကို စဉ်းစားပြီး မေးမြန်းစုံစမ်းရတော့သည်။

ဒါတောင်မှ ရောဂါနှင့် မဆိုင်လောက်ဘူးဟု စွဲထင်ထားသော မေးခွန်းမျိုးတွေကို အချိန်မရလျှင် မသိယောင်ဆောင် ကျော်လွှားပစ်လိုက်တတ်သေးသည်။ နောက်ပိုင်း အလေ့အကျင့်များလာတော့သည်း မေးခွန်းတွေက အထူးအထွေ စဉ်းစားမနေရဘဲ ခေါင်းထဲကိုအလိုလို တန်းစီရောက်လာကြသည်ပင်။

လမင်းစာသ

www.burmeseclassic.com

www.burmeseclassic.com



ထိုမှုမက စပ်စုတတ်သော စိတ်အခံနှင့် လူနာတွေ၏ရောဂါသာမက လူမှုရေးကိစ္စတွေကိုပါ ရောနှောမေးတတ်သော ကျွန်မနှင့် Abortion (ကလေးပျက်ကျလာသော) လူနာတွေ တွေ့တော့သည်။

"ဒေါက်တာ ကလေးပျက်ကျလာလို့"

သူ့အလိုလို ကံမကောင်း အကြောင်းမလှ၍ ပျက်ကျသောကိစ္စတွေ ခုနဲ့ဒေး ရှိပါသည်။ သို့သော်လည်း ပယောဂကြောင့် ဖြစ်ရတာတွေကလည်း ပေါများလှသည်မို့ လိုအပ်တာ စမ်းသပ်ပြီး ကုသပေးလိုက်လျှင် ဖြစ်ပါလျက် အကွန့်တက်၍ မမေးဘဲလည်း ကျွန်မက မနေနိုင်။

"ရေထမ်းပြီး ချော်လဲလာတာမဟုတ်လား"

လူနာက သူဖြေမည့်အဖြေကို ကျွန်မက စကားဦးသန်း၍ မေးလိုက်သဖြင့် ဘာဖြေရမှန်းမသိဖြစ်ပြီး ယောင်တိယောင်နနှင့် ခေါင်းညိတ်ရာသည်။ သာကေတက မိန်းမထုက အာဂတွေ၊ သောက်ရေကန်တွေဆီကရေကို ထမ်းပိုးနှင့်ထမ်းသယ်ကြသည်။ ရေအိုးရွက်သယ်သူမရှိ။ အိမ်သားတွေက ရန်ကုန်ထဲကို အလုပ်သွား၊ အိမ်ကမိန်းမသားတွေမှာ နွဲ့မနေနိုင်၊ ရေထမ်းရသည်။ ရေစည်လှည်းတွန်းရသည်။ ထဘီတိုတိုအောက်မှ သူတို့ခြေသလုံးသားတွေမှာ မာကျစ်၍နေသည်။ အဲသည်လိုနှင့် ရေစပ်စပ်မှာ ဝိတ်နှင့်ချော်လဲကျသောအခါ ကိုယ်ဝန်နုနုသမားတွေခမျာ ထိမိခိုက်မိကာ သွေးဆင်းတော့သည်။ အဲသည်အခါကျတော့လည်း အိမ်က ကလေး ဘေးအိမ်အပ်၊ ထဘီသုံးလေးထည်ဆွဲပြီး အိမ်နီးနားချင်း မိန်းမဖော်တစ်ယောက်ခေါ်ကာ ဆေးရုံသို့ ရောက်လာတော့သည်။





ဆေးကုသပြီး ဆေးရုံမှာတင်ထားပေးလိုက် (သို့) သန္ဓေသားပျက်ကျသွားပါက သားအိမ်ခြစ်ပြု ဆေးကုပေးလိုက်၊ ညနေစောင်း၍ အိမ်သားတွေလိုက်လာမှ အကျိုးအကြောင်းသိရသော လူနာများမှာ သနားစဖွယ်ပင်ဖြစ်သည်။ ဤလိုအဖြစ်မျိုးကလည်း သာကေတမှာ မကြာခဏဖြစ်ဖန်များ၍ ဘာမှမဆန်းတော့သလိုပင် ရိုး၍နေလေပြီ။

ထို့ကြောင့် သားသမီးမလိုချင်၍ ဖျက်ဆီးလာကြသောသူများကလည်း ချော်လဲရာထိုင် 'ရေထမ်းသည့်ကိစ္စ'ကို အကြောင်းပြလာကြသည်။ တော်ရုံတန်ရုံလောက် မေးရုံနှင့်ကတော့ သည်အဖြေကလွဲ၍ ဘာမှထပ်မထွက်။

လူက အဖျား ၁၀၃/၁၀၄၊ သွေးဆုတ်ဖြူရော်နေသည့်တိုင်၊ သားအိမ်ကို စမ်းသပ်လိုက်သဖြင့် ပိုးဝင်နေသောလက္ခဏာတွေ တွေ့နေသည့်တိုင် 'ရေထမ်း/ချော်လဲ'အဆင့်က မတက်။

'မပြောလည်းသိပါတယ်' ဖြစ်နေသဖြင့် ဆရာဝန်တွေလည်း သိပ်ပြီး စစ်မေးမနေဘဲ လိုအပ်သည့်စစ်ဆေးကုသမှုများပြုလျက် သားအိမ်ခြစ်ပေးလိုက်ကြသည်။ တစ်ခါတစ်ရံဆို ကိစ္စမရှိသော်လည်း သည်အဖြစ်မျိုးက ကြိမ်ဖန်များလာသောအခါ 'လက်သည်'များမှာ ဟန်ကျ၍နေတော့သည်။

အခကြေးငွေယူ ရာဇဝတ်မှုကျူးလွန်၊ သွေးဆင်းလျှင် ဆေးရုံလွှတ်၊ ဆေးရုံကဆရာဝန်တွေ 'အမှိုက်ကျုံး'ကြရတော့သည်။ ပြီးတော့ မသိလျှင် သူတို့နှင့်ဆေးရုံပဲ အဆက်အသွယ်ရှိသယောင်၊ ဝေမျှစားကြသယောင် ပြောသည်ဟုလည်း ပြန်ကြားရသည်။ တစ်စထက်တစ်စ အတင့်ရဲလာကြသည်ကို Abortion လူနာတွေ ပိုများလာခြင်းက



www.burmeseclassic.com

www.burmeseclassic.com



သက်သေခံနေသည်။

သည်အဖြစ်ကို ကျွန်မ သည်းမခံနိုင်တော့ပါ။

သည်တော့ လူနာတွေကို 'ဘယ်မှာလုပ်ခဲ့သလဲ၊ ဘယ်သူလုပ်ပေးလဲ'မေးသည်။ ပြီးတော့ ရေးမှတ်ထားသည်။ (၃)လလောက်အတွင်း တက်လာသမျှ Abortion လူနာတွေ၏ ဝန်ခံချက်အရ 'လက်သည်' က (၅)ယောက်တောင်မပြည့်။

တချို့လူနာတွေက နာမည်မပြောနိုင်၊ ရပ်ကွက်နှင့် လမ်း ပြောလိုက်တာနှင့် 'အဲသည်မိန်းမက မျက်စိစောင်းစောင်း၊ သွားခေါ်ခေါ်၊ လက်ကလေးတစ်ဖက်က လိမ်ဖယ်လိမ်ဖယ်နဲ့မဟုတ်လား'ဟု မေးလိုက်လျှင်ပဲ လူနာမှာ မငြင်းနိုင်တော့ဘဲ 'ဟုတ်တယ်'ဟု ခေါင်းညိတ်ရတော့သည်။

တချို့လူနာတွေက 'မျက်စိတစ်ဖက်က မှိတ်တုတ်မှိတ်တုတ်နဲ့ အကြောဆွဲနေသလိုပဲ'ဟု ပြောလိုက်သည်နှင့် ဘယ်လမ်းက ဒေါ်ဘယ်သူဆိုတာ တန်းခနဲသိလိုက်ပြီ။

ကြည့်ပါဦး၊ သူတို့ ၄-၅ ယောက်နှင့် ရာဇဝတ်မှုတွေကို ကျူးလွန်နေကြသည်။ အသက်အန္တရာယ်ရှိသောကိစ္စတွေ ဖြစ်လာရပြီး ဆေးရုံက ဆရာဝန်တွေလည်း အပိုအလုပ်ရှုပ်ရသည်။ သူတို့ရှိနေ၍ ကလေးမလိုချင်သူတွေက ရှာဖွေသွားရောက်ပြီး မကြောက်မရွံ့ သန္ဓေဖျက်ကြသည်။ ဒါကို ဆေးရုံက ဘာမှမေးမနေ ပြောမနေဘဲ ဆေးကုသမှုပေးနေရခြင်းသည် မဖြစ်သင့်သောကိစ္စဟု တွေးပြီး ကျွန်မ ခံပြင်းလာသည်။

သည်တော့ လူနာကို လက်သည်နာမည် ရအောင်မေး၊ ရပြီဆို





လျှင် ဆေးရုံဝန်ထမ်းတစ်ယောက်ကို စာရေးပေးပြီး သွားအခေါ်ခိုင်းသည်။ တချို့က ယောင်တောင်တောင်နှင့် လိုက်လာသည်။ များသောအားဖြင့်ကတော့ မလာပါ။ မလာလျှင် လာအောင်လုပ်သည့်နည်းတွေ ကျွန်မမှာရှိသည်။ မရ,ရအောင်ခေါ်ပြီး လူနာ၏အခြေအနေကိုပြောပြ၊ နောက်နောင်မလုပ်ရန်နှင့် လုပ်ခဲ့သည်ရှိသော် တရားစွဲဆိုတော့မည်ဖြစ်ကြောင်း အသိပေးရင်း ခံဝန်လက်မှတ်ထိုးခိုင်းသည်။ တချို့များ စာမတတ်၍ ကြက်ခြေခတ်ရသည်။ လက်ဗွေနှိပ်ရသည်။ တချို့ကျတော့လည်း လက်ကောက်တွေ အကွင်း(၂၀)လောက်နှင့် ဆွဲကြိုးတုတ်တုတ်ကြီးကို အထက်ဆင်ထိအောင်ဆွဲပြီး ကျွန်မနှင့်လာတွေ့သည်။ ငြင်းသည်။ လူနာပါခေါ်ပြလိုက်တော့ မငြင်းနိုင်တော့ဘဲ ခံဝန်လက်မှတ်ထိုးရတော့၏။

သို့ပေမယ့် နောင်ကြဉ်သွားသလားမေး၊ ဝေးပါသေးသည်။

'တတ်သည့်ပညာ မနေသာ'ဆိုသလို 'အကုသိုလ်'နှင့် စီးပွားရှာစားချင်သူတို့ထံမှ လူနာများသည် ဆေးရုံသို့ ပြောက်ကျား ပြောက်ကျား လာနေဆဲပင်။

အဲသည်တော့ ကျွန်မလည်း ပြောထားခဲ့သည့်စကားအတိုင်း တည်ရန် သူတို့ကို တရားစွဲရတော့သည်။ ရဲအရေးပိုင်သော၊ မပိုင်သောနားမလည်ဘဲ ဇွတ်ဇွတ်ရွတ်ရွတ်လုပ်ခြင်းဖြစ်၏။

တရားရုံးမှာ ရင်ဆိုင်တွေ့ကြတော့ ကျွန်မဘက်က ဆေးရုံမှတ်တမ်းများ တင်ပြလိုက်ရုံသာ။ လက်သည်ဘက်မှာတော့ ဖြောင်းဖြောင်းအောင် အလုပ်ရှုပ်၍သွားကြပါတော့သည်။ အာမခံ ရအောင်လုပ်ရသည်၊ ရှေ့နေငှားရသည်၊ ရုံးချိန်းလာရသည်၊ အမှုပေါ်အောင် ကြံရ



www.burmeseclassic.com

www.burmeseclassic.com



ဖန်ရသည်။ သက်သေမရှိသော အထင်မှားမှုဖြစ်အောင် ကြိုးပမ်းရသည်။ ပြီးတော့ ဉာဏ်နီဉာဏ်နက်မျိုးစုံသုံး၍ အဆင်ဆန်း အကွက်ဆန်းတွေ ရိုက်ကြရသည်။ ကျွန်မလည်း တစ်သက်နှင့်တစ်ကိုယ် မကြားဖူးသော လုပ်နည်းလုပ်ဟန်လေးတွေ ဗဟုသုတရလိုက်ပါသည်။

(အခြားသူများ အတုယူမည်စိုး၍ လုံး၀ မဖော်ပြတော့ပါ။)

သည်လိုနှင့် ဇာတ်သိမ်းခန်းမှာ အကျိုးအမြတ်တစ်ခု ရလိုက်ပါသည်။ အဲဒါကတော့ ကျွန်မတို့ဆေးရုံသို့ **Abortion** လူနာ လာတက်တာ အလွန်သိသာစွာနည်းပါးသွားခြင်းပါပေ။

"သာကေတဆေးရုံကို သွားမတက်နဲ့၊ သိပ်ပြဿနာရှာတာပဲ" ဟူ၏။ ဘာပဲပြောပြော တရားနည်းလမ်းမကျသည့်ကိစ္စ ကိုယ့်မျက်စိရှေ့၊ နားရှေ့ မမြင်ရ မကြားရသည့်ကပင် နည်းသည့်'မင်္ဂလာ'လား။ သည်အတွက် ရန်ကုန်မြို့ပေါ်မှာ တခြားဆေးရုံတွေ အများကြီးရှိနေမှပဲဟာ၊ ခက်လွန်းလို့။ ကိုယ့်မြို့နယ်ကလူနာ တခြားဆေးရုံသွားတက်နေကြရသည်က သိပ်တော့မကောင်း။ အဲသည်ဆေးရုံက ဆရာဝန်တွေကရော ဘယ်လိုသဘောထားရှိကြလေသည်လဲ။ ဖြစ်နိုင်ချေအများဆုံးကတော့ ဘယ်သူမှ အချိန်ကုန်ခံကာ တရားစွဲဟယ်၊ ရုံးချိန်းသွားဟယ်၊ သက်သေလိုက်ဟယ် မလုပ်နိုင်ကြခြင်းပင် ဖြစ်သည်။

ဒါဖြင့် သည်သံသရာလည်ပတ်မှုကို ဘယ်လိုအဆက်ဖြတ်ကြမည်လဲ။ မလိုချင်သောသားသမီးကို အစကတည်းက ရမလာအောင် 'သားဆက်ခြားပညာပေးခြင်း'ကိုလည်း အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေကြဆဲဖြစ်ပါလျက် လူ့သဘောသဘာ၀အတိုင်း ပြောနေတုန်း





ကတော့ ငါနဲ့မဆိုင်ပေါင်ပဲ၊ ဖြစ်လာတော့မှ နည်းလမ်းမှားတွေကိုသုံးဖို့ စဉ်းစားမိတတ်ကြသည်။

သည်'အကုသိုလ်ရှင်'တွေကလည်း ကျွန်မကို မုန်းကြမှာ အသေအချာပင်။ ခင်မင်သူများကဆို 'တစ်ယောက်တည်းမသွားနဲ့ ချောင်းရိုက်ခံရလိမ့်မယ်'၊ 'သူတို့တွေက လက်မရွံ့တွေနော်၊ ဓားနဲ့ကပ်ထိုးသွားလိမ့်မယ်'ဟု သတိပေးမှုပန်ကြသည်။ သူတို့ပြောသလိုလည်း မလုပ်ဘူးဟု ဘယ်သူမှ အာမ,မခံနိုင်။

လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေကလည်း 'ရဲသေလို့များ ဝင်စားသလားမသိဘူး၊ တော်တော်အာရုံရှုပ်ခံနိုင်တယ်'ဟု ချီးမွမ်းထောမနာပြုကြသည်။

ဒါပေမယ့် ကျွန်မကလည်း ဘယ်လိုမှမလျှော့နိုင်၊ ရိုက်ကာမှ ရိုက်ရော။ လူနာကို ထိရောက်သောကုသမှုပေးပြီး လက်သည်အမည် မေးမြဲ၊ စစ်မြဲ၊ ခေါ်မြဲ၊ လက်မှတ်ထိုးခိုင်းမြဲ၊ နောင်လုပ်လျှင် တရားစွဲမည်ဟု ခြိမ်းခြောက်မြဲ၊ လုပ်လျှင်လည်း တရားသွားစွဲမြဲ။

သည်လိုနှင့် တစ်နေ့…ဂျူတီခန်းထဲမှာ ကျွန်မ ထိုင်နေတုန်း…။

"ဒေါက်တာ ကျွန်မ နည်းနည်းညှိချင်လို့ပါ"

မုန့်ပုံးကြီးပွေ့ပိုက်၍ ဝင်လာသူက ကျွန်မ၏ မိတ်ဟောင်းဆွေဟောင်း လက်နှိပ်စက်ကျွမ်းကျင်သူကြီးပါကလား။

"ဖေ၊ ဘင်မလေးက ခြေသလုံးဖက်ပြီး ငိုတာနဲ့ သနားလို့ လုပ်ပေးလိုက်မိတာပါ။ အဲဒါ ကျွန်မကို တရားတော့မစွဲပါနဲ့ ဒေါက်တာရယ်။ ဒါလေးလည်း လက်ခံပါ၊ ဒေါက်တာ့မို့ စေတနာနဲ့ပေးတာပါ"

သူ့ရည်ရွယ်ချက်က သူ့ကို တရားစွဲထားခြင်းအား ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သိမ်းပေးရန်။ ကျွန်မ ရည်ရွယ်ချက်ကလည်း ရှေ့တစ်ပတ်တွင် သူနှင့် တရားရုံးတွင် ဆုံကြရန်။ မုန့်ပုံးကို အတင်းထားခဲ့မည်လုပ်သဖြင့် ငြင်းမရသည့်အဆုံး စကားတစ်ခွန်းပြောလိုက်မှပဲ သူ့မုန့်ပုံးသူ သုတ်သုတ်ဆွဲ၍ ဆေးရုံထဲမှ ကုပ်ကုပ်ထွက်ခွာသွားပါတော့သည်။ ကျွန်မလည်း ကိုယ့်စကားကိုယ် ပြန်တွေးရင်း ပြုံးလိုက်မိပါသည်။

"စေတနာနဲ့ဆိုတော့လည်း ငြင်းရခက်တယ်လေ။ ဒီလိုလုပ်ပါ၊ ရှင်လည်း ကုသိုလ်ရသွားအောင် အခု မုန့်ပုံးကိုဖွင့်လိုက်၊ အထဲကမုန့်တွေကို ဝါဒ်ထဲကလူနာတွေအားလုံးကို လိုက်ဝေလိုက်ရအောင်၊ ဒါဆို သူတို့ ရှင့်ကို သိပ်ကျေးဇူးတင်ကြမှာ"

ဩဂုတ်လ၊ ၂၀၀၃။

❀ ❀ ❀



www.burmeseclassic.com